


# မိကိုငူးငင်

လဝန်းကြငွေ့ အသင်္ချေ

# မီကိုရှုးဇင်

## လဝန်းကုဋေ ... အသင်္ချေ

စာမူခွင့်ပြုချက်အမှတ် - ၉၃၂/၂၀၀၃ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၁၀/၂၀၀၃ (၈)

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၁၆၉၂)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



## အခန်း(၁)

"ဦးလေးချစ်... "

"ဦးလေးချစ်... "

"ဗျို့... ဦးလေးချစ်... "

"ဟင်... လဝန်းကုဋေ... "

ရေးကြီးသုတ်ပျာရောက်လာသော လဝန်းကုဋေကို ကြည့်ပြီး ဦးလေးချစ် မျက်လုံးပြူးနေ၏။

"ဒီနေ့... ဈေးစပ်ပွဲရှိတယ်ဆို လဝန်းလေး... ခုထိ ဘာမှ မပြင်ရသေးဘူးလား... "

"စိတ်ညစ်တယ် ဦးလေးချစ်ရာ... အဲဒီ ဈေးစပ်ပွဲကို သွား

လည်းမသွားချင်ဘူး... မိန်းမလည်း မလိုချင်ဘူး... စိတ်ဓာတ်ကျတယ်... တကယ်ပဲဗျာ... ”

ငိုမဲ့မဲ့ဖြစ်နေသော လဝန်းကုငွေကို ကြည့်ပြီး ဦးလေးချစ် တဟားဟား အော်ရယ်လိုက်၏။

“လဝန်းလေးရာ... စိတ်ဓာတ်မကျစမ်းပါနဲ့... လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်ပေးတာပဲဟာ... ဟော... ဟိုဘက်က စေ့စပ်ပေးမဲ့ မိန်းကလေးက ရုပ်ရည်ကလည်း ချော... ပိုက်ဆံကလည်း ချမ်းသာ... လဝန်းလေးနဲ့ ဘယ်လောက်လိုက်ဖက်လဲ... ကောင်မလေးကိုမြင်ရင် သဘောကျသွားမှာ... ”

“မလိုချင်ဘူးဗျာ... ”

လဝန်းကုငွေ တကယ့်ကို စိတ်ညစ်နေသည်။

ဖေဖေနဲ့ မေမေကို ဘယ်လိုမှ ငြင်းလို့မရ။ အတင်းအကျပ်စီစဉ်ကြသည်။ ဖေဖေ့ရဲ့ တစ်ချက်လွှတ်အမိန့်အောက်မှာ လဝန်းကုငွေ ချောင်ပိတ်မိသွားခဲ့၏။

နှစ်ဖက်စလုံးက တကယ့်ကို ချမ်းသာကြတဲ့ ထိတ်ထိတ်ကြဲအသိုင်းအဝိုင်းတွေ။ ဟိုဘက်ကလည်း တစ်ဦးတည်းသောသမီး၊ သည်ဘက်ကလည်း တစ်ဦးတည်းသောသား။



ချမ်းသာလိုက်တာလည်း ကျိုကျိုတက်။

ဆွေခုနစ်ဆက် ၊ မျိုးခုနစ်ဆက် စားလို့မကုန်... ။

နေနဲ့လ၊ ရွှေနဲ့မြ... ။

ကောင်းပေ့၊ ညွှန့်ပေ့ဆိုသည့် နောက်ဆုံးပေါ် အပျံစား ကားကြီးတွေကိုယ်စီနဲ့ နှစ်ဖက်စလုံးက တောင့်တင်းကြသည်။

“လဝန်းလေး... ”

“ဗျာ... ဦးလေးချစ်... ”

“ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ်လေး ပြင်လိုက်တော့လေ... နောက်ကျနေရင် လူကြီးတွေ စိတ်ပူနေလိမ့်မယ်... ”

ဦးလေးချစ် သတိပေးနေသည်။

“ဦးလေးချစ်မှာ... ရိုးရိုးရုပ်အင်္ကျီတစ်ထည်လောက် မရှိဘူးလား... ”

“ဟော... ဘာလုပ်မလို့လဲ... ”

“ကျွန်တော် ဝတ်မလို့... ”

ဦးလေးချစ်လန့်သွား၏။

“အဓိပ္ပာယ်မရှိတာကွာ... မလုပ်ပါနဲ့... ဦးလေးချစ် တောင်းပန်ပါတယ်... ”

လဝန်းလေးရဲ့ အထာကို ဦးလေးချစ် ကောင်းကောင်းသိသည်။

"ပေးပါဗျာ... အဲဒီအင်္ကျီကိုဝတ်ပြီး... အဲဒီ စေ့စပ်ပွဲကို ကျွန်တော်သွားမယ်... ပြီးတော့... ဦးလေးချစ်ကားသော့ ကျွန်တော့်ကိုပေး... "

"ဟ... ဦးလေးချစ်ကားက ဘေးဘီးအစုတ်ကြီးကွ... "

သိပြီ...

ဒီလောက်ဆို ဦးလေးချစ် သိပြီ... ။

"ကိုယ့်မှာ ဒီလောက်ချမ်းသာနေတာပဲ လဝန်းလေးရယ်... လူကြီးတွေ အရှက်တကွဲ အကျိုးနည်းဖြစ်အောင်တော့ မလုပ်ပါနဲ့... "

"ဦးလေးချစ် မသိပါဘူးဗျာ... ဟိုဘက်က ဟာတွေကို အမြင်ကတ်လို့ပါ... "

"ဘယ်လိုလဲကွ... "

"ဦးလေးချစ် စဉ်းစားကြည့်လေ... သူတို့မှာ ပိုက်ဆံတွေ ထားစရာမရှိအောင် ချမ်းသာနေတာတောင်... ချမ်းသာတဲ့လူကိုမှထပ်ပြီး သဘောတူပေးစားချင်တဲ့ အသိုင်းအဝိုင်းတွေ... အဲဒီပိုက်ဆံတွေ ဘာလုပ်မလို့လဲ... အသိုင်းအဝိုင်း



တောင့်တာ၊ ချမ်းသာတာ၊ ဂုဏ်ရှိတာချင်းတူတာ... အိမ်တွေခြံတွေ တိုက်တာတွေ၊ ကားတွေ၊ ကုမ္ပဏီလုပ်ငန်းတွေ ပိုင်ဆိုင်တာခြင်းတူတာ... တစ်ခုတည်းကိုကြည့်ပြီး စေ့စပ်ပွဲကို လက်ခံလိုက်တာ... ကျွန်တော့်ကိုတောင် ဖြူသလား... မည်းသလား... ပိန်သလား... ဝ,သလားတောင် လာမကြည့်တော့ဘူး... "

လဝန်းလေးပြောတာလည်း ဟုတ်တော့ ဟုတ်နေသည်။ ဦးလေးချစ် စဉ်းစားနေမိ၏။

"အဲဒါ... လူကိုစေ့စပ်တာ မဟုတ်ဘူး ဦးလေးချစ်... ပစ္စည်းချင်း စေ့စပ်တာ... ကဲ... ပေးပါဗျာ... အင်္ကျီတစ်ထည်နဲ့ ကားသော့... ကျွန်တော့်ကို ပေးစမ်းပါ... "

ဘယ်လိုမှ တောင်းပန်မရသည့်အဆုံး... လဝန်းလေး တောင်းတာ ဦးလေးချစ် ပေးလိုက်ရ၏။

"ဖေဖေနဲ့ မေမေကတော့... အပျံစားထွက်သွားကြပြီ... ကျွန်တော် နောက်ကလိုက်ဖို့ပဲရှိတော့တယ်... "

"ငါ့ကို အမှုပတ်နေပါဦးမယ်ကွာ... "

"မကြောက်ပါနဲ့ဗျာ... ဖေဖေ မေးရင် ကျွန်တော့်ကို ပုံချလိုက်... "

ဝတ်ထားတာလည်း ပုံမကျ… ပန်းမကျ။

စီးသွားတာလည်း မီးခိုးတလူလူထွက်နေတဲ့ လေးဘီးအစုတ်… ။

ဒုက္ခပါပဲ… ။

အဲဒီပုံစံနဲ့ စေ့စပ်ပွဲကို ရောက်လာရင် ဆရာဦးမိုးအာကာ ဘယ်လောက်ဒေါပွလိုက်လေမလဲ။ ဆရာကတော်ဒေါ်ချမ်းမြေ့စံပယ် ဘယ်လောက် အရှက်ရလိုက်လေမလဲ။

ရင်တထိတ်ထိတ်နဲ့ ကျန်ခဲ့ရသူက ဦးလေးချစ်။

စိတ်မထင်ရင်မထင်သလို ဂျစ်တိုက်တတ်တဲ့လဝန်းကုဋေအကျင့်ကို ငယ်ငယ်လေးကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတဲ့ ဦးလေးချစ်အသိဆုံးပေါ့။

"ဟာ… "

ပါဂျဲရိုးနောက်ဆုံးပေါ်ကားသစ်ကြီးနဲ့ စောင့်နေတဲ့ ဒရိုင်ဘာ မောင်ကျန် မျက်လုံးပြူးနေသည်။

"ဘယ်… ဘယ်လိုဖြစ်လာတာလဲ… ဒီကားနဲ့သွားမယ်လေ… "

"မင်းနေခဲ့တော့… ငါဒီကားနဲ့ပဲ သွားမယ်… "

"ဗျာ… "



ဘာမှ နားမလည်။

သစ်လွင်သားနားလွန်းတဲ့ တိုက်အပျံစားလှလှကြီးရဲ့ ဆင်ဝင်အောက်မှာ ကြောင်တောင်တောင် ကျန်ခဲ့သည်။

လဝန်းကုဋေကတော့ လေးဘီးကားအစုတ်နဲ့ စေ့စပ်ပွဲကို ထွက်သွားပြီ။

"ကြီးစော… "

"ကြီးစောရေ… "

"ဟဲ့… ဟဲ့… ဘယ်လိုဖြစ်တာလဲ… "

လူကိုပါ ခလုတ်ဝင်တိုက်တော့မတတ် ပြေးလာသည့် မြူးဇစ်မိုးကြောင့် ကြီးစော မနည်းလွှတ်အောင် ရှောင်လိုက်ရသည်။

"အို… ဒီကောင်မလေး… ခက်တော့တာပဲ… တစ်ညလုံးလည်းငိုု… တစ်မနက်လုံးလည်းငို… ခုလည်း ငိုမဲ့ငိုမဲ့ဖြစ်နေပြန်ပြီ… ဖိတ်ထားတဲ့လူကြီးတွေတောင် လာတော့မယ်… ခုထိ ဘာမှမပြင်ရသေးဘူး… ဒုက္ခပါပဲ… "

ကြီးစော… ညည်းနေမိသည်။

"ဟင့်... ဟင့်... ကြီးစောကလည်း မိုးမှ မစေ့စပ်ချင်တာ... ဒယ်ဒီ့ကိုလည်း ပြောလို့မရဘူး... မာမီ့ကိုလည်း ပြောလို့ မရဘူး... မိုးဟာ မိုး လွတ်လွတ်လပ်လပ် နေ့,နေတဲ့ဟာ ကို... မိုးကိုပဲ ကြည့်လို့မရ ဖြစ်နေကြတယ်... မိုး စိတ်ညစ် တယ်... "

ကလေးဆန်လွန်းတဲ့ မြူးဇစ်မိုး... ။

ကြီးစောအခန်းထဲက ရှိသမျှ ပစ္စည်းတွေကို အားရ အောင် ပစ်ပေါက်ပြီး ငုတ်တုတ်ထိုင် ငိုနေပြန်ပြီ။

"မိုးငယ်လေးရယ်... လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်ထားတဲ့ဟာကို... စိတ်မညစ်စမ်းပါနဲ့... ပြီးတော့... ဟိုဘက်က ကောင်လေးကလည်း မိုးငယ်လေးတို့လိုပဲ ချမ်း သာ... "

"ဟာ... ဘာလုပ်ရမှာလဲ... အဲဒီ ချမ်းသာတာကြီးကိုပဲ သူတို့အားလုံးက ထည့်ထည့်ပြောနေကြတယ်... မိုး မသိ တဲ့လူကြီးတစ်ယောက်ကို ချမ်းသာတာနဲ့တင်... မိုးက ယူ လိုက်ရတော့မှာလား... "

"ဟင်... ဟိုတလောက ဓာတ်ပုံယူလာပြတယ်လေ... မိုး ငယ်လေး... "



"မကြည့်ဘူး... မိုးစားပွဲပေါ်လာတင်ထားတယ်... အဲဒါ အစိတ်စိတ်အမြွာမြွာဆွဲဖြဲပြီး ပြတင်းပေါက်ကနေ လွှင့်ပစ် လိုက်တယ်... "

"ကောင်းရော... "

ကြီးစော စိတ်ညစ်သွားရ၏။

နာမည်ကိုက မြူးဇစ်မိုးတဲ့... ။

ကြီးစောလက်ပေါ်မှာ ကြီးပြင်းလာခဲ့ရတဲ့ကလေး။ ရွှေလင်ဗန်းနဲ့ အချင်းဆေးလာခဲ့တာ ကြီးစော အသိဆုံးပေါ့။ ဖအေ ဘက်ကလည်း ချမ်းသာ၊ မအေဘက်ကလည်း ချမ်းသာ။ ဘာလို တော့မှာလဲ... ။

ပြီးတော့... မြူးဇစ်မိုးက တစ်ဦးတည်းသော သမီး လေး။

အိစက်နေသည့် ရွှေဝါရောင်ဝါဂွမ်းနုနုလေးထက် ပင် နုရွဝင်းမွတ်နေသော မိုးငယ်လေး မြူးဇစ်မိုး... ။

"ကြီးစောရာ... အဲဒီစေ့စပ်ပွဲကြီးကို ဖျက်သိမ်းခိုင်းလိုက် စမ်းပါ... မိုး ဘယ်သူနဲ့မှ လက်မထပ်ချင်ဘူး... သူတို့ဆီ က ပိုက်ဆံတွေလည်း မိုး မလိုချင်ဘူး... "

ခေါင်းမာလွန်းတဲ့ မိုးငယ်လေး... ။

ကလေးဆန်လွန်းတဲ့ မိုးငယ်လေး... ။

ကြီးစောကိုပဲ ရွှတ်တရွတ် တောင်းဆိုနေသည်။

"နော်... ကြီးစောနော်... မိုးကို သနားပါနော်... တော်ကြာ မိုးနဲ့လာစေ့စပ်တဲ့လူကြီးက... ဝဝတုတ်တုတ်မည်းမည်း သည်းသည်းကြီးဆို မိုးသေပြီ... စေ့စပ်ပြီးတာနဲ့ မိုးကိုယ် မိုး သတ်သေပစ်လိုက်မှာ... အဲဒီကျမှ မိုးကို ဝိုင်းဖက်ပြီး ကြီးစောတို့ မငိုကြနဲ့... "

သနားစရာ ကောင်းလွန်းနေတဲ့ မိုးငယ်လေး... ။

မျက်လုံးပြာပြာလေးတွေတောင် ငိုရလွန်းလို့ နီရဲ ချင်နေသည်။ လက်ကိုင်ပဝါတစ်ထပ်လုံးလည်း ကြမ်းပြင်ပေါ်မှာ ဟိုတစ်ထည် ဒီတစ်ထည် ပြန့်ကျဲနေ၏။

"ကဲပါ... မိုးငယ်လေးရာ... ညှိသည်တွေလည်း လာခါ နီးနေပြီ... လှလှပပလေးဖြစ်အောင် ပြင်ထားလိုက်စမ်း ပါ... လာလာ... ကြီးစောကိုယ်တိုင် ပြင်ပေးမယ်... "

ကြီးစော ချော့ခေါ်နေမိသည်။

"ဟင့်အင်း... ဟင့်အင်း... မပြင်ဘူး... ဘာမှလည်း မလုပ် ဘူး... မိုးဟာမိုး အခန်းထဲမှာ အိပ်နေမယ်... စေ့စပ်လက် စွပ်ပေးရင် မိုးအစား ကြီးစောပဲ ခဏဝတ်ထားလိုက်..."



"ဟဲ့... "

ကြီးစော မျက်လုံးပြူးသွားရ၏။

"စေ့စပ်လက်စွပ်ဝတ်တယ်ဆိုတာ... လူကြီးစုံရာရှေ့မှာ ဝတ်ရတာ... ဘယ်လိုလုပ် ကြီးစောက ဝတ်ထားလို့ရမှာ လဲ... ဒုက္ခပါပဲ... "

"မိုးကတော့ မဝတ်ဘူးနော် ကြီးစော... ဘယ်ရောက် ရောက် လွှင့်ပစ်လိုက်မှာ... ဟွန့်... ကိုယ်နဲ့စေ့စပ်ရမဲ့ လူကို တစ်ချက်ကလေးတောင် လာမကြည့်ဘဲနဲ့... ခေါင်းညိတ် လက်ခံတဲ့လူ အသည်းနှလုံးမရှိတဲ့လူ... ပိုက်ဆံမက်တဲ့လူ မုန်းတယ်... အဲဒီလူကို မိုး အရမ်းမုန်းတာပဲ..."

ငိုပြန်ပြီ... ။

ကြီးစော ဘယ်လိုမှ မချော့တတ်တော့... ။

စေ့စပ်ပွဲလုပ်မဲ့အချိန်တွေ နီးကပ်လာလေ ကြီး စော ရင်တထိတ်ထိတ်ခုန်လေ ဖြစ်နေရသည်။

"ဟာ... သေစမ်းပါကွာ... "

လေးဘီးကားစက်က ဝုန်းခနဲ ထိုးရပ်သွားသဖြင့် လဝန်းကျရွှေ ပိုပြီးစိတ်တိုသွားသည်။

"ဒုန်း... "

"ဒုန်း... "

ကားကိုလည်း တဒုန်းဒုန်း မြည်အောင် ပိတ်ကန်ပစ်လိုက်၏။

"အလကားလူတွေ... ဂုဏ်ပကာသနတွေကိုပဲ ရှေ့တန်းတင်ပြီး လူကို အရုပ်တစ်ရုပ်လို သဘောထားချင်တဲ့ဟာတွေ... "

ထိုးရပ်သွားတဲ့ ကားစက်ကို လဝန်းကုဋေကိုယ်တိုင်ပြင်နေမိ၏။ နောက်ကျသွားသည်။

"ကြယ်စင်ခ"ဆိုတဲ့ ခြံကျယ်ကြီးအဝကိုရောက်တော့... လူတစ်ယောက်ပြေးလာပြီး လဝန်းကုဋေ မောင်းလာတဲ့ လေးဘီးကားအစုတ်ကို ပျာပျာသလဲ လှမ်းတားတော့သည်။

"ဟိုး... "

"ဟိုး... "

"ဘာလဲဗျာ... "

"ဒါ... ဖြတ်လမ်းမဟုတ်ဘူး.... ကိုယ့်ဆရာ့ လမ်းမှားနေပြီဗျ... ပြန်ကွေ့... ပြန်ကွေ့... ဒုက္ခပါပဲဗျာ... "

လဝန်းကုဋေရဲ့ လေးဘီးကားစုတ်ကို ပြန်မောင်းထုတ်နေသည်။



"ဒီမှာ... "

"ဘာလဲဗျ... "

"ဒါ... ဘယ်နေရာလဲ... "

"ကြယ်စင်ခလေဗျာ... ခင်ဗျား မသိဘူးလား... ခင်ဗျား မကြားဖူးဘူးလား... "

ခြံစောင့်က စွတ်ဟောက်နေသည်။

"အထဲမှာ ဘာလုပ်နေတာလဲ... ကားတွေ အများကြီးပဲ..."

"ဟာ... အမေးအမြန်းကလည်း ထူလိုက်တာ...စေ့စပ်ပွဲ... စေ့စပ်ပွဲ... စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီး ဦးကြယ်စင်ခနဲ့ ဒေါ်တိမ်ပဝါမိုးတို့ရဲ့ တစ်ဦးတည်းသောသမီး မြူးဇစ်မိုးတို့ရဲ့ ဂုဏ်သရေရှိ လူကြီးချင်း စေ့စပ်တဲ့ပွဲ... ကဲ... ရှင်းပြီလား... ရှင်းရင်... အမြန်နောက်ဆုတ်လိုက်တော့... "

"ကျွန်တော် အဲဒီစေ့စပ်ပွဲကို သွားမလို့... "

"ဘာ... "

မျက်လုံးကြီးပြူးသွား၏။

"မင်း... မင်းက... အဲဒီစေ့စပ်ပွဲကိုသွားမယ်... ဟား... ဟား... ဟား... မနောက်နဲ့ကွာ... ကိုယ်တို့သူဌေးရဲ့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ထဲမှာရော... အသိအကျွမ်းမိတ်

ဆွေအသိုင်းအဝိုင်းတွေထဲမှာရော… လေးဘီးအစုတ်စီးတဲ့ လူတစ်ယောက်မှ မရှိဘူးကွ… စိတ်ညစ်ရတဲ့အထဲ… ဟာသလာမလုပ်စမ်းပါနဲ့ဗျာ… တောင်းပန်ပါတယ်… ”

“ဒီမှာ… ”

“ဘာလဲဗျာ… ”

“အဲဒီ မြူးဇစ်မိုးဆိုတဲ့ဟာမလေးနဲ့ စေ့စပ်ဖို့ လူကြီးချင်း သဘောတူထားတဲ့ လဝန်းကုဋေဆိုတဲ့ လူကိုရော… ခင်ဗျားတို့ မြင်ဖူးကြရဲ့လား… ”

“မမြင်ဘူးလို့ စောင့်နေတာပေါ့ဗျ… နောက်ဆုံးပေါ် ပါဂျဲရိုးလေးခကွေးနဲ့လာမယ်ဆိုလို့ ကြည့်နေတာ… ဘာလဲ… မင်းက မြင်ဖူးချင်လို့လား… မြင်ချင်ရင် ကားကို နောက်ဆုတ်ပြီး ခြံအပြင်လမ်းမမှာ ရပ်ထား… ပြီးရင် ငါ့အနားမှာလာငုတ်တုတ်ထိုင်… အဲဒီပုဂ္ဂိုလ်လာတာနဲ့ ငါပြမယ်…”

“အဲဒါ ကျွန်တော်ပဲ… ”

“ဘာ… ”

သူ့မျက်လုံးကြီး ပြူးသထက် ပြူးသွားပြန်ပြီ။

“ကျွန်တော့်နာမည် လဝန်းကုဋေ… ”

“မ…မနောက်ပါနဲ့ကျေးဇူးရှင်ရယ်… တောင်းပန်ပါတယ်… နောက်မှာ ဗွီအိုင်ပီကားတွေ ရောက်လာရင် ရှုပ်ကုန်လိမ့်မယ်… မင်း နောက်ချင်ရင် မနက်ဖြန်ကြမှ လာခဲ့… ငါက အဟားသန်တယ်… ပြီးတော့… အကျယ်ကြီးဟားလိုက်ရမှ စားဝင်အိပ်ပျော်တဲ့လူ… မင်းနဲ့ဆို ငါလည်း အပြင်းပြေပြီ… ကဲ… ကြွ… ကြွ… ”



မယုံ… ။

ဘုရားစူးမိုးကြိုးပစ် လဝန်းကုဋေပါလို့ ပြောရမလိုဖြစ်နေပြီ… ။

“တကယ်ပြောတာပါဗျာ… ကျွန်တော် မနောက်ပါဘူး… ကျွန်တော့်နာမည် လဝန်းကုဋေပါ… ”

“လဝန်းကုဋေ… ”

ခြံစောင့်ကြီး မျက်မှောင်ကြုတ်သွား၏။

“ဒီလောက် စက်ဆီတွေနဲ့မည်းပေတူးနေတာ… ဘယ်လိုနည်းနဲ့မှ လဝန်းကုဋေ မဖြစ်နိုင်ဘူး… ”

ခေါင်းကို တဖြင်းဖြင်းကုတ်ပြီး စဉ်းစားနေသည်။

“တီ… ”

“တီ… ”

“တီ… ”

"တိ... "

"ဟင်... "

ခြံစောင့်ကြီး ခါးမှာချိတ်ထားတဲ့ လက်ကိုင်ဖုန်းက တတီတီမြည်လာသည်။ ခြံစောင့်ကြီးက အိုက်တင်အပြည့်နဲ့ ထုတ်ကိုင်လိုက်၏။

"အမိန့်ရှိပါ ခင်ဗျာ... "

"... ... ... "

"ဟာ... မဟုတ်ဘူး... ဘယ်က ကိုယ်တော်လဲ မသိပါဘူး ဆရာရယ်... သူ့ကိုယ်သူ လဝန်းကုငွေလို့ပြောပြီး... ခြံထဲ အထိ ဝင်မယ်လုပ်နေလို့... "

"... ... ... "

"ဟုတ်ကဲ့... ကျွန်တော် ခုပဲ မောင်းထုတ်လိုက်ပါ့မယ်..."

"... ... ... "

"ဝမ်းနိုင်းနိုင်း... ဟုတ်ကဲ့ဆရာ... ဟုတ်ကဲ့... ပြောလို့မရရင် ဆရာပြောတဲ့အတိုင်း... ဝမ်းနိုင်းနိုင်းကိုပဲ ထိုးလိုက်ပါ့မယ်... ဟာ... မှားကုန်ပြီ... ဝမ်းနိုင်းနိုင်းကို ဆက်... ဆက်လိုက်ပါ့မယ်ဆရာ... စိတ်ချဆရာ... အိုကေ... ဗဲရီး ဗွတ်သိုင်းကျူး... ရက်စ်... ရက်စ်... "



ခေါင်းတညိတ်ညိတ်လုပ်ပြီး ဖုန်းကိုခါးမှာ ပြန်ချိတ် က်သည်။

"ကဲ... ကျေးဇူးရှင်... "

"ဘာလဲဗျ... "

"အထက်က ညွှန်ကြားချက်ရပြီ... ကိုယ်တို့ဘော့စ်က... ဟိုးအပေါ်ထပ်ကနေ လှမ်းကြည့်ပြီး ပြောနေတယ် မထင်နဲ့နော်... ကိုယ်တို့ခြံဝမှာ တယ်လီတွေ တပ်ထားတယ်... မောင်ရင် ရှုတ်ရှုတ်လုပ်တာနဲ့ တစ်ချက်တည်း ကွိသွားမယ်... ဟောဒီမှာ တွေ့လား လက်ဖုန်း... "

"ဟန်းဖုန်းပါဗျ... "

"မရှည်နဲ့ကွာ... မင်း ဆက်ရှည်နေမယ် ရစ်နေမယ်ဆိုရင် ဝမ်းနိုင်းနိုင်းကို ထိုး... ဟာ... ဒုက္ခပါပဲ... မင်း လုပ်တာနဲ့ ကြာရင် ငါပါ အဖမ်းခံရတော့မယ်... ကြွပါကွာ... "

ခြံစောင့်ကြီးက မျက်နှာငယ်ကလေးဖြင့် တောင်း နေသည်။

"ကဲ... ခင်ဗျားကို ကျွန်တော် နောက်ဆုံးပြောမယ်... ကျွန်တော် လဝန်းကုငွေ... "

"ဒီလိုကြေးလား... ဒါဆို မင်းကိုလည်း ငါနောက်ဆုံးပြော

လိုက်မယ်… မင်းကားကို ဘက်ဂီယာထိုး… လေးဘီးစလုံး နောက်ဆုတ်… ဆီးယူတူးမောရိုး… ”

စိတ်ဓာတ်ကျနေသည့်ကြားမှ ခြံစောင့်ကြီးအမူအရာကို ကြည့်ပြီး လဝန်းကုဋေ ပြုံးမိသွားသည်။

“ကဲ… သွားမယ်ဗျာ… ”

“ဟေ့… ”

“ဟေ့… ”

“ဟာ… ဒုက္ခပါပဲ… ”

ဝူးခနဲ မောင်းဝင်သွားသဖြင့် ခြံစောင့်ကြီးနောက်က ပြေးလိုက်လာနေပြီ။

လဝန်းကုဋေကို မြင်တော့ မျက်နှာပျက်သွားရသူတွေက ဦးမိုးအာကာနဲ့ ဒေါ်ချမ်းမြေ့စံပယ်… ။

“ဟင်… ”

အိမ်ကြီးတစ်အိမ်လုံးမှ ရှိသမျှလူတွေအားလုံး အံ့အားသင့်နေကြသည်။ ပြုံးစေ့စေ့တွေ ဖြစ်ကုန်ကြသည်။

“လဝန်းလေးရယ်… နောက်ကျလိုက်တာ… ”

ဒေါ်ချမ်းမြေ့စံပယ်က အခြေအနေကို ဝင်ထိန်းလိုက်သည်။



“ကားပျက်နေတာနဲ့ ကိုယ်တိုင်ဝင်ပြင်နေရလို့ပါ မေမေ…”

ခေတ်မီခမ်းနားသပ်ရပ်သော ဧည့်ခန်းကျယ်ကြီးထဲမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ အယောက်နှစ်ဆယ်ခန့်နေရာယူထားကြ၏။

စိန်တွေ၊ ရွှေတွေ၊ ပတ္တမြားတွေက မြင်မကောင်းအောင် ပြိုးပြိုးပြက်ပြက် လက်နေကြသည်။

“လာပြီ… ”

“လာပြီ… ”

“မိုးငယ်လေးရေ… မောင်လဝန်းကုဋေဆိုတာ လာပြီဟဲ့… ”

“ဖွင့်လေ… တံခါးဖွင့်လေ… ”

ကြီးဒေါ် တံခါးကို အဆက်မပြတ် ထုရိုက်ပြီး မြူးစစ်မိုးကို အော်ခေါ်နေသည်။

“ဂျလောက်… ”

“ဟင်… ”

ထွက်လာတဲ့ မြူးဇစ်မိုးကိုကြည့်ပြီး ကြီးဒေါ် ရင်ဘုန်သွား၏။ အလှအပတွေ ဘာမှပြင်မထား။ နေ့လယ်က ဝတ်ထားတဲ့ အိမ်နေအဝတ်အစားအတိုင်း။

"ခုကွပါပဲ မိုးငယ်လေးရယ်... ဘာမှလည်း ပြင်ဆင်မထား ဘူး... အရှက်တွေကွဲကုန်တော့မှာပဲ... ဘုရား... ဘုရား..."

ကြီးစော ဘုရားတ,မိသည်။

"ဘာဖြစ်လဲ ကြီးစောရာ... မိုး သူတို့ကို မတွေ့ချင်ပါဘူး... သူတို့ပေးတဲ့ သိန်းနှစ်ရာတန် စိန်လက်စွပ်လည်း မဝတ် ချင်ပါဘူး... မိုးကိုပေးရင်လည်း ကြီးစောကိုပဲ ပေးဝတ် ထားမယ်... ကြီးစော ပွတာပဲ... "

"ဟဲ့... ဗရုတ်ကျမနေနဲ့... လာ... မြန်မြန်ထွက်ခဲ့တော့... စိတ်ညစ်လိုက်တာဟယ်... လက်ဝတ်လက်စားတွေ ပေး ထားတာလည်း ဘာမှမဝတ်ဘူး... တိမ်ပဝါတွေ့ရင် ခေါင်း ခေါက်ခံရမှာ သေချာတယ်... "

တွေ့လား...

ဘယ်သူကိုမှ ဂရုမစိုက်...

ဖိုသီဖတ်သီအဝတ်အစားနဲ့ အောက်ထပ်ကို ဆင်း လိုက်လာသည်။

"ဟဲ့... ဟဲ့... ဟာ... ဒီကောင်မလေး ဘာမှလည်း ဝတ် မထားဘူး... ဘယ်လိုဖြစ်တာလဲ... အရှက်တွေ ကွဲကုန် တော့မှာပဲ... "



အနက်ကယ်စိုးက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ လှေ ကားဝကနေ အော်နေသည်။

စေ့စပ်ပွဲက မျက်နှာပူပူနှင့်ပင်၊ ရှေ့မျက်နှာနောက် ထားပြီး စေ့စပ်ရသော စေ့စပ်ပွဲဖြစ်သွားခဲ့၏။

သတို့သားလောင်းကိုကြည့်လိုက်တော့လည်း စက် ဆီမည်းမည်းကြီးတွေက ပါးပေါ်မှာ ပေလို့။ သတို့သမီးလောင်း ကလည်း မိတ်ကပ်မပါ ဘာမပါ အိမ်နေအဝတ်အစားနဲ့ အိပ်ချင် မူးတူး အိမ်ပေါ်က ဆင်းလာရတဲ့ပုံ။

ပထမတော့...

မြူးဇစ်မိုး ဣန္ဒြေဆယ်ပြီး သတို့သားလောင်းကို မသိချင်ဟန်ဆောင်နေလိုက်သေး၏။ လဝန်းကုဋေကလည်း ဧည့် ခန်းမကြီးထဲက လူတွေနဲ့ မျက်လုံးချင်း မဆုံမိအောင် အလယ်မှာ ချထားတဲ့ ဂန္ဓမာရောင်စုံ ပန်းအလှအိုးကြီးကိုသာ ငေးစိုက်ကြည့် နေခဲ့သည်။

လူကြီးတွေ တစ်ယောက်ပြီတစ်ယောက် မိတ်ဆက် စကားတွေ ပြောကြသည်။ ဂုဏ်ပုဒ်တွေ အပြိုင်အဆိုင် ဖော်ကြ သည်။

မြူးဇစ်မိုး မနေနိုင်။

စေ့စပ်ရတော့မည့် ပုဂ္ဂိုလ်အလောင်းအလျာကို မျက်လုံးလေးစွေပြီး တစ်ချက်ခိုးကြည့်လိုက်သည်။

"ဟင်... "

မယုံ... ။

မြူးဇစ်မိုး လုံးဝမယုံ... ။

နောက်တစ်ယောက်များလား... ။

အနားမှာ ဘယ်သူမှမရှိ... ။

လူကြီးနှစ်ယောက်အလယ်မှာ မျက်နှာကြီး ရှုပုပ်မည်းသည်းပြီး ထိုင်နေတဲ့ လူတစ်ယောက်။

အဲဒါ... လဝန်းကုဋ္ဌေ...

ဘုရားရေ...

ဘယ်လိုဖြစ်တာလဲ...

သူ့ရှေ့က ပန်းအိုးကိုပဲ ရှုတည်တည်ကြီး စိုက်ကြည့်နေသည်။

အသက်မှ ရှိသေးရဲ့လား။

ဘယ်လိုဖြစ်ပြီး သူ့မျက်နှာတွေပေါ်မှာ စက်ဆီတွေနဲ့ ပေပွညစ်ပတ်နေရတာလဲ... ။

မျက်နှာက နနလေး... ။



အမွေးနုနုလေးတွေက သူ့လက်ချောင်းလေးတွေပေါ်မှာ စိမ်းလို့... ။

ဟင်း...

မဆိုးပါဘူး... ။

ဒါပေမဲ့... မုန်းတယ်... ။

လူကို ဂရုမစိုက်သလို လုပ်နေတာ ကြည့်ပါလား။

ခပ်တည်တည်ကြီးနဲ့... ။

ပိုက်ဆံမက်လို့ စေ့စပ်တာကို လက်ခံခဲ့တာ... ။

မြူးဇစ်မိုး စိတ်ထဲကနေ တွေးပစ်လိုက်သည်။

လဝန်းကုဋ္ဌေကလည်း မြူးဇစ်မိုးလိုပင်... ။

အလယ်မှာ ချထားတဲ့ ပန်းအိုးကြီးကိုကြည့်ပြီး အတွေးတွေ ကြားထဲမှာ မျောနေသည်။

ငါ ဘာဆက်လုပ်ရမလဲ... ။

ငါ ဘာဆက်လုပ်ရမလဲ... ။

ကောင်မလေးကို တစ်ချက်လောက် လှမ်းကြည့်လိုက်ရရင် ကောင်းမလား... ။

ဟာ...

မကြည့်တာဘဲ ကောင်းမယ်... ။

မုန်းတယ်... ။

ဂုဏ်တု ဂုဏ်ပြိုင်...

ပကာသနတွေနဲ့ အရောင်ဆိုးထားတဲ့ စေ့စပ်ပွဲ အတုကြီး... ။

အနှစ်မပါ...

အချစ်မပါ...

အလကား...

တွေးရင်းနဲ့ လဝန်းကုဋေ လူတွေကို စိတ်နာလာသည်။

ဖေဖေနဲ့မေမေ... ။

ဂုဏ်တွေ ပကာသနတွေကို ရှေ့တန်းတင်လွန်းသည်။

သားတစ်ယောက်ရဲ့ ခံစားချက်ကို နည်းနည်းလေးမှ ထည့်မတွက်။ ဒီလိုမိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ပေးစားလိုက်ရင် သားရဲ့အနာဂတ်တွေက လှပသွားပြီတဲ့လား။

ဂုဏ်ကို ဂုဏ်ချင်းထပ်ရင် မြတ်သတဲ့လား ဖေဖေရယ်... ။

လဝန်းကုဋေ အံကလေးကို မသိမသာ ဖိကြိတ်ထားသည်။ သုန်မှုန်နေသော မျက်နှာကို ပြင်လို့မရ... ။



လူတွေအားလုံးရှေ့မှာ အဖိုးတန်စားသောက်ဖွယ်ရာတွေ တစ်ပုံတပင်ချထားသော်လည်း ဘာတစ်ခုကိုမျှ လဝန်းကုဋေ မတို့မိ။

လူတွေ ပျော်နေကြသည်။

ဆုတောင်းမေတ္တာပို့နေကြသည်။

မကြာခင်ရောက်လာတော့မည့် လက်ထပ်မင်္ဂလာပွဲအတွက် အားခဲနေကြသည်။

အမိပွာယ်မဲ့နေတဲ့...

အဖိုးတန်လက်စွပ်တစ်ကွင်းကတော့ လဝန်းကုဋေရဲ့ လက်သူကြွယ်လေးပေါ်မှာ အဆင်သင့် နေရာဝင်ယူလိုက်ပြီ။

စိန်တစ်ပွင့်တည်း... ။

ဖိတ်ဖိတ်လက်နေသည်။

အိစက်တောက်ပနေသည်။

သိန်းနှစ်ရာတန်... ။ မန္တလေးစိန်ပွဲစားတွေဆီက ရလာခဲ့တဲ့ စိန်နှစ်ပွင့်... ။ တန်ဖိုးက စုစုပေါင်း သိန်းလေးရာ...။

ဒါ... အသေးအမွှား...

ဘာမှမဟုတ်... ၊ စတီသဘော အဖြစ်သဘော။

လက်ခုပ်တွေ တီးကြသည်။

အစားအသောက်တွေ စားကြသည်။

ဘလူးလေဘယ်၊ ဘလက်လေးဘယ်၊ ကော့ညှက်ဝိစကီ ဖွင့်ချင်ရာဖွင့် သောက်ချင်ရာသောက်။

သီချင်းသံတိုးတိုးလေးဖွင့်ပေးထားသည်။

ခြံစောင့်ကြီး...

သူ... စိတ်ဓာတ်ကျနေသည်။

လဝန်းကုဋ္ဌေတဲ့...

လေးဘီးအစုတ်နဲ့ လာတဲ့သူဌေး...

မျက်နှာလည်း စက်ဆီတွေပေလို့...

ဘယ်လို ဈေးစပ်ပွဲလဲ...

တွေးရင်းနဲ့ စိတ်တွေ လေလာသည်။

ကော်တစ်ရာ ကပ်စေးနည်းသူဌေးပဲဖြစ်မှာပေါ့...။

ရုပ်ကလေးကတော့ မဆိုး... ။

ချောချောလေး... ။

မြူးစစ်မိုးက ခပ်သုံးသုံး၊ ခပ်ဖြုန်းဖြုန်း။ ပြီးတော့ ခပ်ပွေပွေကောင်လေးတွေ တစ်ယောက်ပြီး တစ်ယောက်တွဲနေသည်။

လက်ထပ်ပြီးရင်တော့... နောင်ကျိန်ပလေးကြမှာ မြင်ယောင်သေး။



လဝန်းကုဋ္ဌေနဲ့ မြူးစစ်မိုး...

ချမ်းသာတာချင်းကလည်းတူ... ။ တစ်ဦးတည်းသော သားနဲ့ တစ်ဦးတည်းသောသမီး... ။

စည်းစိမ်တွေက အပြည့်။

သားစဉ်မြေးဆက် ဘယ်ဘဝအထိတောင်ဆက်ပြီး ချမ်းသာကြလေမလဲ။

ခြံစောင့်ကြီး ဆက်မတွေးရဲ... ။

တချို့ဧည့်သည်တွေကတော့ ပြန်ကုန်ကြပြီ... ။

နောက်ဆုံးပေါ်ကားတွေ ခြံထဲကနေ တစ်စီးပြီး တစ်စီး မောင်းထွက်နေကြသည်။

“သား... ”

“ဗျာ... မေမေ... ”

မေမေ့အသံကြောင့် လဝန်းကုဋ္ဌေ အတွေးစ,တွေ ပြတ်တောက်သွားသည်။

“မင်း... မေမေ့ကို ဘာပြောချင်လဲ... ”

ပြောစရာတွေက အများကြီးပဲ မေမေဟု ပြောလိုက်ချင်သော်လည်း နှုတ်က ပြောမထွက်။

“မင်းက ပြောစရာမရှိပေမဲ့... မေမေက ပြောစရာရှိ

တယ်… ”

“ဟုတ်ကဲ့… ”

“မင်း… ဖေဖေ့ကို အရှက်ခွဲတယ်… ”

ဦးမိုးအာကာ အသံကိုထိန်းပြီး ဘေးလူတွေ မကြားအောင် ခပ်တိုးတိုးပြောနေခြင်း ဖြစ်သည်။

“မင်း… လုပ်တာ… မင်းသိတယ်… ”

ဒေါ်ချမ်းမြေ့စံပယ် အခြေအနေကို သိနေသည်။

သားဖြစ်သူရဲ့ စိတ်ဓာတ်ကို နားလည်နေသည်။

ဝင်မပြော…

မသိချင်ဟန်ဆောင်နေရသည်။

ချွေးမလောင်းလေးကို တစိမ့်စိမ့်ကြည့်ပြီး ကြည်နူးပီတိဖြစ်နေရသည်။

မိဘတွေက ကျိုကျိုတက် ချမ်းသာပေမဲ့ သမီးလေး မြူးခစ်မိုးက ရိုးရိုးလေး… ။ မျက်နှာလေးတည်နေတာ ရှက်လို့ထင်ပါရဲ့… ။ ရတနာပစ္စည်းတွေလည်း ဘာတစ်ခုမှဝတ်မထား။

ကြည့်စမ်း…

ဘယ်လောက် သိုသိပ်တဲ့မိန်းကလေးလဲ… ။

စီးတဲ့ရေ ဆယ်တဲ့ကန်သင်း… ။



မိန်းကလေးဆိုတာ ဒီလိုမှပေါ့… ။

ဒေါ်ချမ်းမြေ့စံပယ် စိတ်ထဲကနေ ချီးကျူးနေသည်။

တကယ်ဆို…

ဟိုက… အရွဲ့တိုက်ထွက်လာတာ။ ဒေါ်ချမ်းမြေ့ယ်မသိ။ ဒေါ်တိမ်ပဝါမိုးတို့ဘက်က ကြည့်တော့လည်း ထို့တူပင် ကောင်လေးက မဆို… ။

ပပလွှားလွှားကြွားကြွားဝါဝါ မရှိ… ။

လေးဘီးအစုတ်ကလေးနဲ့ လာတာပဲကြည့်… ။

ပိုက်ဆံကုန်မှာစိုးလို့ ကားလေးကို ဝပ်ရှော့မှာပြင်ဘဲ ကိုယ်တိုင်ဝင်ပြင်သတဲ့… ။

အစစ,အရာရာမှာ ဇေ့စပ်သေချာမဲ့ သမက်လောင်းလေး… ကိုကိုခ အကြိုက်ပဲ… ။

အမြန်ပေးစားဖို့ ဒေါ်တိမ်ပဝါမိုး ဆုံးဖြတ်နေမိသည်။

“ဟဲ့… သမီး… ဒါက ဘယ်လဲ… ”

ထ,ပြေးဖို့ပြင်နေသော မြူးခစ်မိုးကို ဒေါ်တိမ်ပဝါမိုးတ်အော်မေးနေခြင်း ဖြစ်သည်။

“လက်စွပ်လဲပြီးပြီလေ… ”

"နေဦး... "

မြူးစေမိုး ဘာမှ မတတ်နိုင်။

ပြန်ထိုင်နေလိုက်ရသည်။

"သား... "

လဝန်းကုဋ္ဋေကို သားဟု ဒေါ်တိမ်ပဝါမိုး ခေါ်လိုက်မိသည်။

လဝန်းကုဋ္ဋေမကြားပါ။

"သား... လဝန်းကုဋ္ဋေ... "

နောက်တစ်ခါ နာမည်တပ်ခေါ်မှ လဝန်းကုဋ္ဋေ ကြားသွားသည်။ မော့ကြည့်လိုက်၏။

"သားကို သားအရင်းတစ်ယောက်လို... အန်တီ ချစ်ပါတယ်... မနက်ဖြန် အန်တီတို့ အိမ်ကို လာလည်နော်... အန်တီ ဖိတ်ပါတယ်... "

"ကျေးဇူးတင်ပါတယ် အန်တီ... "

လဝန်းကုဋ္ဋေမျက်လုံးအကြည့်က မထင်မှတ်ဘဲ ကောင်မလေးကိုပါ ကြည့်မိရက်သား ဖြစ်သွားသည်။

ရိုက်ချင်စရာ... ။

ပုံစံက ထောင့်မကျိုး... ။



ကျွတ်ဆတ်ဆတ်မာကြောကြော မျက်လုံးတွေနဲ့ ကြည့်နေလိုက်တာ။ လူကို အစိမ်းလိုက် ဝါးစားတော့မဲ့အတိုင်းပဲ။

"ဟွန့်... "

မျက်စောင်းကြီးကိုပါ ဒိုင်းခနဲ လှမ်းထိုးလိုက်သေး၏။

"သမီး... ကိုကိုလဝန်းကို သမီးကိုယ်တိုင် ဖိတ်လိုက်ဦးလေ... "

ဒေါ်တိမ်ပဝါမိုးက သမီးကို လမ်းကြောင်းပေးနေသည်။

"လာလည်ပေါ့... "

ကြည့်... တွေ့လား... ။

မဖိတ်ချင် ဖိတ်ချင်လေသံနဲ့ ဖိတ်နေသည်။

စိတ်ချ လာမလည်ဘူး... ။ ဘာမှ ပူမနေနဲ့ လူကြီးတွေ စေ့စပ်ပေးလို့ ကျေနပ်အောင် လက်ခံလိုက်ရတာ။ ခုနေ... ငါ သိပ်ချစ်တဲ့ ကောင်မလေးတစ်ယောက်ကိုရရင် မင်းကို တော့တာပဲ... ။ ရွှေစော် ငွေစော် ဂုဏ်စော်တွေ နံနေတဲ့ မင်းတို့ အသိုင်းအဝိုင်းကို လှည့်တောင် မကြည့်ဘူး။

လဝန်းကုဋေ စိတ်ထဲက ကြိမ်းနေလိုက်သည်။

"ကော်ဖီလေးတော့ သောက်လိုက်ဦးလေ သားရဲ့... "

"ဟုတ်ကဲ့... "

ကော်ဖီတစ်ငုံတော့ သောက်လိုက်သည်။

ဒါကလည်း လူကြီးတွေ စိတ်ကျေနပ်သွားရအောင် ပါ။

ဖေဖေက လျှင်သည်။

တစ်လျှောက်လုံး... သူ့ကို အကဲခတ်နေသည်။ စောင့်ကြည့်နေသည်။ ဖိုသီဖတ်သီ ဝတ်ပြီး လေးဘီးအစုတ် အရွဲ့တိုက် ထွက်လာတဲ့ လဝန်းကုဋေရဲ့ လုပ်ရပ်ကို စိတ်ထဲ ကြိတ်ပြီး ဒေါပွနေသည်။

မတတ်နိုင်။

ဖြစ်ပြီးတာတွေက ပြီးနေခဲ့ပြီ။

ဒီထက်ပို အရှက်မကွဲရတာ ကံကောင်း။

စေ့စပ်ပွဲက အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။

ဖေဖေတို့ပြန်တော့ လဝန်းကုဋေက နောက်ဆ ညှိသည်အဖြစ် ကျန်နေခဲ့သည်။

"သမီး... ကိုကိုလဝန်းကို ကားနားအထိ လိုက်ပို့လိုက် နော်... "



မြူးဇစ်မိုး စိတ်ညစ်သွားသည်။

လဝန်းကုဋေက ရှေ့က ထွက်သွားသည်။ မြူးဇစ်မိုးက တွန့်ဆုတ် တွန့်ဆုတ်နဲ့ နောက်က လိုက်လာသည်။

ဘယ်လိုလူမှန်း မသိ... ။

မာရေကြောရေနဲ့... ။

မြူးဇစ်မိုး ဒေါကန်နေသည်။

"အမလေး... "

ခွာမြင့် ဖိနပ်က လှေကားထစ်အစွန်းကို နင်းမိပြီး မြူးဇစ်မိုး ချော်လဲသွားသည်။

"အား... နာလိုက်တာ... "

ရှက်ရှက်နဲ့ ကိုယ့်ဟာကိုယ် မနည်းပြန်ထရသည်။

ဟိုပုဂ္ဂိုလ်က လှည့်တောင် မကြည့်။

ဘယ်လောက် အသည်းနှလုံးမရှိတဲ့ လူလည်းဆို တာ။

"ဟင်... "

ခြံထဲမှာ ဘယ်က လေးဘီးကား အစုတ်ကြီးရောက် ရောက်နေတာလဲ။ မြူးဇစ်မိုး အံ့သြနေသည်။ ဘယ်သူ့ကားလဲ။ ဖေဖေ့မိတ်ဆွေထဲက မဖြစ်နိုင်။

"အဲတော်... "

ဟိုပုဂ္ဂိုလ်...

လဝန်းကုဋ္ဌေ... ။ လေးဘီးအစုတ်ထဲ ဝင်ထိုင်နေပြီ...

"ရှင်... ရှင်... "

မြူးဇစ်မိုး မျက်လုံးပြူးနေသည်။

လေးဘီးအစုတ်ကို ကိုယ်တိုင်မောင်းပြီး ဈေးစပ်ပွဲလာတက်တဲ့ လဝန်းကုဋ္ဌေ... ။

ဒါ... ဒါ... အရှက်ခွဲတာ... ။

မိုးတို့မိသားစုကို သက်သက် အရှက်ခွဲတာ... ။

ငါနော်... သေချင်လိုက်တာ... ။

"ရှင်... ရှင် ဘယ်လိုလုပ်တာလဲ... "

မျက်လုံးလေး နီရဲပြီး လဝန်းကုဋ္ဌေနားသို့ မြူးဇစ်မိုး ရောက်သွားသည်။

"ကိုယ် ဘာလုပ်လို့လဲ... "

ကြည့်စမ်း...

မျက်နှာပြောင်တိုက်တာ... ။

"ရှင်... မိုးတို့ကို အရှက်ခွဲတာပေါ့လေ... "



"မခွဲပါဘူး... "

လေးဘီးကားသော့ကို လက်ညှိုးနဲ့ချိတ်ပြီး လေထဲမှာ လှည့်ပြနေသည်။

"ဒါ... ရှင် ပိုင်တဲ့ကား... ရှင် စီးနေတဲ့ကား... ဒီကားစုတ်ကြီးနဲ့ ဈေးစပ်ပွဲကို ရှင်လာတယ်... "

"ဟုတ်တယ်... အဲဒါဘာဖြစ်လဲ... ကမ္ဘာပေါ်မှာ အဟောင်းဆုံး အစုတ်ဆုံးကားတွေကို အိုနာစစ်ကြီးတွေတောင် ဂုဏ်ယူပြီး စီးနေကြသေးတာပဲ... ကိုယ်ကလည်း မင်းတို့ ဂုဏ်ပိုရှိသွားအောင် တမင်ထုတ်စီးလာတာ... ကွန်ဂရက်ကျူလေးရှင်းပါ မြူးဇစ်မိုး... ကဲ... ကိုယ်သွားမယ်... "

"နေဦး... မသွားနဲ့ဦး... "

မြူးဇစ်မိုး မကျေနပ်။

မင်းတို့ ဂုဏ်ပိုရှိသွားအောင် တမင်ထုတ်စီးလာတာတဲ့။ ဒါ မိုးကို စော်ကားတာ... ။

"ဒီမှာ... အဲသလောက် ဂုဏ်ရှိနေတဲ့ကားဆိုရင်... ဘယ်လောက်ပေးရပေးရ မိုးပြန်ဝယ်မယ်... ရှင် ရောင်းခဲ့..."

"မင်း... ဘာလုပ်မလို့လဲ... "

"ရှင့်လိုပဲ... ရှင်တို့အသိုင်းအဝိုင်းတွေထဲမှာ ရှင်တို့ မိသားစု ဂုဏ်ပိုရှိသွားအောင် စီးလာမလို့... "

လဝန်းကုမ္ဘေ ပထမဆုံးအကြိမ် ရယ်လိုက်မိပြီ။

"မလိုပါဘူးကွာ… ရပါတယ်…"

"ရှင်… မနောက်နဲ့နော်… "

"ဟင်… ကိုယ် ဘယ်မှာ နောက်လို့လဲ… "

"ရှင် ဘာလို့ ရယ်နေတာလဲ… "

"မင်းကို သဘောကျလို့… "

ပြောပြီး လဝန်းကုမ္ဘေ ထပ်ရယ်လိုက်သည်။

"ဖျက်တယ်… ရှင်နဲ့စေ့စပ်ထားတာကို… ခုချိန်ကစပြီး ဖြန် ဖျက်တယ်… "

"ကောင်းတာပေါ့… "

"ဘာ… "

မြူးဇစ်မိုး အော်သံက နည်းနည်းကျယ်သွားသည်။

"ရှင်… ရှင်… "

"ကိုယ်ပျော်တတ်လို့ စ,တာပါ… မင်းရဲ့စေ့စပ်ပွဲကို ဒီကား စုတ်နဲ့ရောက်လာလို့ မင်းကို အရှက်ခွဲမိတယ်ဆိုရင် ကိုယ် တောင်းပန်ပါတယ်… ကိုယ့်ရဲ့ လက်ထပ်ပွဲကျရင်… ဒီလို ကားစုတ်စီးပြီး… မင်း ကိုယ့်ဆီကိုလာခဲ့ပါ… ကိုယ့်ကို လက်စားချေတဲ့အနေနဲ့ပေါ့… ကိုယ် ဘာပဲဖြစ်ဖြစ်… မင်း ကို သေချာပေါက် လက်ထပ်ပါ့မယ်… "



ပြောပြီး… ကားစုတ်ကလေးကို လဝန်းကုမ္ဘေ မောင်းထွက်လာခဲ့ပြီ။

ခုန်ဆွ… ခုန်ဆွ ဖြစ်ခါ ကျန်ခဲ့ရသူက မြူးဇစ်မိုး…။

လေးဘီးအစုတ်ကလေး မောင်းထွက်လာတာကို မြင်တော့ ခြံစောင့်ကြီး မျက်နှာပူနေသည်။

သည်တစ်ခါ မတားရဲတော့… ။

"ဘော့စ်… "

ရိုရိုသေသေ အလေးပြုလိုက်သည်။

"ကွန်ကရက်ကျူလေးရှင်း… "

"ဟဲ… ဟဲ… "

သူ့ဟာသူ နှုတ်ဆက်ပြီး သူ့ဟာသူ တဟဲဟဲရယ် နေသည်။

လဝန်းကုမ္ဘေ လက်ပြပြီး မောင်းထွက်ခဲ့တော့၏။

## အခန်း(၂)

"ဦးလေးချစ်... "

"ဘာလဲကွ... "

"ကျွန်တော် ရင်မောတယ်ဗျာ... "

"ဟင်... ဘာဖြစ်လို့လဲ... "

ပန်းအိုးတွေ ရွှေ့နေရာမှ ဦးလေးချစ် အထိတ်တလန့် လှည့်ကြည့်သည်။

"ကောင်မလေးက ကျွန်တော့်ဆီကို လာလည်မလို့တဲ့... စောစောကပဲ သူ့အမေ ဖုန်းဆက်တယ်... "

"ဘာဖြစ်လဲ... ကောင်းတာပေါ့... ရွှေလမ်း ငွေလမ်း ခင်းပြီးရင် လမ်းပေါက်သွားပြီ... "



"ကျွန်တော် မတွေ့ချင်ဘူးဗျာ... "

ဦးလေးချစ် နားမလည်။

လဝန်းကုဋ္ဌေကို ငေးကြည့်နေသည်။

"လဝန်းလေးရယ်... မင်းက ငယ်သေးတော့ ဒါတွေကို ဘယ်နားလည်ဦးမှာလဲ... ဘာပဲပြောပြော... အလိုက်အထိုက်တော့ ဆက်ဆံလိုက်ပါ... ကောင်မလေးက မဆိုးဘူးလို့တော့ ငါကြားတာပဲ... မင်းနဲ့ အဆင်ပြေမှာပါ..."

ဦးလေးချစ် အားပေးမိသည်။

"ကောင်မလေးက စွာတယ် ဦးလေးချစ်ရ... "

"ဟေ... "

"ဘဝင်လည်း မြင့်တယ်... ပြီးတော့ ယောကျ်ားလေးသူငယ်ချင်းတွေကလည်း အများကြီးတဲ့... ရည်းစားတွေကလည်း တစ်ပုံကြီးတဲ့... "

"ဒါပေါ့ကွာ... ရွှေလင်ဗန်းနဲ့ အချင်းဆေးပြီး မွေးလာတဲ့ အသိုင်းအဝိုင်းတွေဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့..."

ဦးလေးချစ်... ။

ဖေဖေရဲ့ လူယုံတော်ကြီး။

လဝန်းကုဋ္ဌေတို့မမွေးခင်ကတည်းက ဖေဖေ့စီးပွား

ရေးကို ဦးဆောင်ပေးခဲ့သူ... ။

ဦးလေးချစ်ရဲ့ စီမံခန့်ခွဲမှုတွေကြောင့် ဖေဖေတို့ ချမ်းသာလာခဲ့ရသည်။ ဥစ္စာပစ္စည်းတွေ အမြောက်အမြား ပိုင်ဆိုင်လာခဲ့ရသည်။ လုပ်ငန်းတွေ၊ ကုမ္ပဏီတွေ၊ စက်ရုံတွေ... ။

ဦးလေးချစ် အာဏာ...

ဦးလေးချစ် သဘော...

ဦးလေးချစ် အမိန့်...

သို့သော်...

ဘာကိုမှ ဦးလေးချစ် မမက်... ။

ဦးလေးချစ် အသက်ကြီးရင် နေဖို့... ခြံတွေ၊ တိုက်တွေ၊ ကားတွေ၊ ဦးလေးချစ်ကို ဖေဖေက အပိုင်လွှဲပေးသည်။

မယူ... ။

ဖေဖေ ခြံထဲမှာပဲ သစ်သားအိမ်ကလေးဆောက်ပြီး နေသည်။ သူ့ဟာသူ ချက်ပြုတ်စားသည်။

ခု...

ဦးလေးချစ် အနားယူပြီ... ။

လုပ်ငန်းကိစ္စတွေအားလုံး လဝန်းကုဋ္ဌေကို လွှဲလိုက်သည်။



ဦးလေးချစ်အလုပ်က...

ခြံထဲမှာ ပန်းစိုက်၊ မြက်နုတ်၊ သန့်ရှင်းရေးအလုပ်သမား။

မလုပ်ပါနဲ့ ပြောလို့လည်း မရ။

တိုက်ကြီးပေါ်မှာ ဖေဖေတို့စားတဲ့ ကောင်းမွေညွန့်မွေဆိုတဲ့ အစားအသောက်တွေ ဦးလေးချစ်အတွက် သီးသန့်ပို့ပေးရင်လည်း မစား။

ပါဂျဲရိုး၊ လင်ခရုဇာ၊ မတ်တူး၊ တိုယိုတာ၊ ကော်ရိုလာ... ။ ကြိုက်တာ ယူစီးလို့ရလည်း ဦးလေးချစ် မစီး။

သူ့လေးဘီးအစုတ်ကလေးကို တမြတ်တနိုးစီးသည်။

သူ့ဟာ သူဈေးသွားပြီ သူ့ဟာသူ ချက်စားသည်။

ဦးလေးချစ် အကြိုက်ဆုံးက ငါးပိရည်နဲ့ တို့စရာ။

"ကျွန်တော် ဘယ်လိုလုပ်ရမလဲ ဦးလေးချစ်ရာ... "

ကလေးဘဝကတည်းက ဦးလေးချစ် လက်ပေါ်မှာ ကြီးပြင်းလာခဲ့ရသော လဝန်းကုဋ္ဌေမို့ ဦးလေးချစ်ကိုပဲ အပူကပ်နေမိသည်။

"မင်းက အဲဒီမိန်းကလေးကို မကြိုက်လို့လားကွ... "

"မကြိုက်ပါဘူးဗျာ... "

လဝန်းကုဋ္ဌေ ခါးခါးသီးသီး ငြင်းနေသည်။

"မင်းအဖေ မိုးအာကာကတော့... သူ့ချွေးမလောင်းလေးကို ပါးစပ်ဖျားက မချအောင်ချီးမွမ်းနေတာ... လူကြီးတွေ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့လဝန်းရယ်... ဧည့်သည်တွေလာရင် ကောင်းကောင်းမွန်မွန်ပြော... ကောင်းကောင်းမွန်မွန် ဧည့်ခံလိုက်... "

ဦးလေးချစ် ချော့နေမိသည်။

ပိုက်ဆံချမ်းသာတာကို မမက်မောသည့် လဝန်းလေးရဲ့ စိတ်ဓာတ်ကိုတော့ ဦးလေးချစ် စိတ်ထဲက ကြိတ်ပြီး ချီးကျူးနေမိသည်။

အင်းလေ...

ချမ်းသာတဲ့လူချင်းတွေ့လာတာဆိုတော့ လူငယ်တွေ ဝိဝိ မာနလေးတွေ ပြိုင်ကြမှာပေါ့... ။

လဝန်းလေးက သဘောဖြူ အူစင်းလေး... ။

မာန်မာန မရှိ... ။ ဂုဏ်တု ဂုဏ်ပြိုင်မရှိ... ။

ဒီ... မြူးစစ်မိုးဆိုတဲ့ ကလေးမလေးနဲ့ ဆုံစည်းခွင့်ရတာ ကံကောင်းပါတယ်လေ။

နေနဲ့လ, ရွှေနဲ့မြ... ။



"ပွမ်... "

"ပွမ်... "

"ဟော... လာပြီနဲ့တူတယ်... "

ခြံဝဘက်ဆီက ကားဟွန်းသံနှစ်ချက် ကြားလိုက်ရသည်။

"ဟုတ်တယ် လဝန်းလေး... "

"ဦးလေးချစ်... "

"ဟော... "

"အဲဒီ မြူးစစ်မိုးဆိုတဲ့ ကောင်မလေးကို... ဦးလေးချစ်ရဲ့ သစ်သားအိမ်ပေါ်မှာပဲ ဧည့်ခံမယ်ဗျာ... အဲဒီကို လွှတ်လိုက်..."

"လဝန်းလေး... "

"လဝန်းလေး... "

လဝန်းကုဋ္ဌေ သစ်သားအိမ်ကလေးရှိရာကို တစ်ချိုးတည်းလစ်ပြီ... ။ ဦးလေးချစ် လှမ်းအော်ခေါ်နေတာကိုလည်း လှည့်မကြည့်တော့။

"အတော်ပဲ... "

ဦးလေးချစ်ရဲ့ အိမ်ရှေ့ကွပ်ပျစ်လေးပေါ်မှာ...

ဦးလေးချစ်က သူစားဖို့ ထမင်းဝိုင်းပြင်ထားသည်။

ဟင်းက ထုံးစံအတိုင်း...

ချဉ်ပေါင်ဟင်း၊ ငါးပိရည်နဲ့ တို့စရာ... ။

လဝန်းကုဋ္ဌေ အကျအနေ ဝင်ထိုင်လိုက်သည်။

"ဟင်... "

မြူးဇစ်မိုး စူပုပ်နေတဲ့ မျက်နှာလေးနဲ့ ဝင်လိုက် လာပြီ... ။ အနက်ရောင် ဝမ်းဆက်ကလေး... ။

"ဪ... ရောက်လာပြီလား... လာလေ... တစ်ခါတည်း ဝင်လိုက်လေ... အတော်ပဲ ဧည့်သည်ရောက်လာလို့ ကိုယ်က အဖော်မပါရင် ထမင်းမစားတတ်ဘူးကွ... "

ဟင်းတွေကိုကြည့်ပြီး မြူးဇစ်မိုး နှာခေါင်းရှုံ့သွား သည်။

ဘုရား... ဘုရား...

ဒီဟင်းတွေနဲ့ ထမင်းစားတတ်တယ်။ ငါးပိရည် တို့စရာ။ ပြောတော့ဖြင့် သူဌေးတဲ့... ဘာသူဌေးလဲ... ။

ကပ်စေးနည်းကော်တစ်ရာ သူဌေး...

သူဌေးစုတ်... သူဌေးပုံ... ။

မြူးဇစ်မိုး စိတ်ထဲကနေ ပျစ်ပျစ်နှစ်နှစ် ပြောလိုက်



မိသည်။

"လာလေ... ထိုင်လေ... "

လဝန်းကုဋ္ဌေ ခပ်တည်တည်ခေါ်နေသည်။

"မလာဘူး... "

"ဟင်... ဒါဆို မင်းကိုယ့်ဆီကို ဘာလာလုပ်တာလဲ... "

မြူးဇစ်မိုး သစ်သားအိမ်ကလေးကို အသေအချာ လိုက်ကြည့်နေသည်။

"ဒါ... ရှင်နေတဲ့အိမ်လား... "

"သိပ်သေချာတာပေါ့... ကိုယ်နဲ့လက်ထပ်ပြီးရင် ကိုယ် နေတဲ့ အိမ်မှာ မင်းလိုက်နေရမှာနော်... "

"ဒီအိမ်စုတ်မှာ... လိုက်နေရမယ်... "

"အင်းလေ... "

"ဟို... ဟိုဘက်က တိုက်ကြီးက... "

"အဲဒီမှာ ကိုယ်မနေဘူး... "

"ဘာ... "

မြူးဇစ်မိုး... မယုံနိုင်လောက်အောင်ကို အံ့ဩသွား သည်။ စီးတော့ လေးဘီးအစုတ်၊ နေတော့ သစ်သားအိမ်အစုတ် စားတော့ ငါးပိရည်ပုပ်... ။

"ကဲပါ... မြူးဇစ်မိုးရယ်... ရောက်တုန်းရောက်ခိုက်... အေးအေးဆေးဆေးထိုင်စမ်းပါ... နှစ်ဘက်မိဘတွေက မင်းနဲ့ကိုယ့်ကို သဘောတူလို့ စေ့စပ်တောင်ပြီးနေပြီပဲ ဟာ... ရှက်မနေစမ်းပါနဲ့... ကိုယ် မင်းအတွက်ပါ...ထမင်း ခူးလိုက်မယ်... ပျော်ပျော်ပါးပါး စားလိုက်ကြရအောင်..."

"ဟာ... မစားပါဘူး...အဲဒီလိုထမင်းဟင်းမျိုးကို တစ်သက်လုံး မစားဘူး... အသေခံလိုက်မယ်... "

"ဒါဆို... မင်းနဲ့ကိုယ် လက်ထပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး... "

လဝန်းကုဋေ တမင်စိတ်စမ်းနေခြင်းဖြစ်သည်။

မြူးဇစ်မိုးကတော့ စိတ်တိုသွားပြီ... ။

"ဟုတ်တယ်... ရှင်နဲ့လက်ထပ်ဖို့ဆိုတာ ဒီတစ်သက်မပြောနဲ့ နောက်ဆယ်သက်တောင် လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူး... အခုလာတာလည်း အိမ်ကလူကြီးတွေက အတင်းလွှတ်ပြီး ထမင်းစားဖိတ်ခိုင်းလို့လာတာ... လာချင်လို့ လာတယ် မထင်နဲ့... "

စွာသည်။

နဖူးပေါ်က ဆံပင်လေးတွေ၊ ဘယ်ညာလှုပ်ခါနေ



အောင်ကို စွာနေသည်။

"မတတ်နိုင်ဘူးလေ... ကိုယ်ကတော့... အခုမြင်တဲ့အတိုင်းပဲ နေတတ်တယ် စားတတ်တယ်... အသွင်မတူရင် အိမ်သူမဖြစ်နိုင်တော့ဘူးပေါ့... ဝမ်းနည်းပါတယ်ကွာ... ကိုယ် စိတ်မကောင်းပါဘူး... "

"ရှင်... ရှင်... အဲဒါတွေ အားလုံး တမင်သက်သက်လုပ်နေတာမို့လား... ကျွန်မ စိတ်ကို စမ်းနေတာမို့လား... "

"ဟာ... မဟုတ်ဘူး... ကိုယ့်မှာ အဲဒီလိုစိတ်မျိုး လုံးဝမရှိဘူး... ကိုယ် ရိုးရိုးသားသား... "

"ဆက်မပြောနဲ့... "

အသံက မာနေသည်။

မျက်လုံးတွေက တင်းနေသည်။

"ရှင့်ကို မယူဘူး... ရှင့်ကို တစ်သက်လုံးလက်မထပ်ဘူး... ကျွန်မမှာ ချစ်သူရှိတယ်... တစ်ယောက်တောင်မဟုတ်ဘူး... တစ်ပုံကြီး... အများကြီး... "

မြူးဇစ်မိုး ပွင့်ပွင့်လင်းလင်း ပြောလိုက်ခြင်းဖြစ်သည်။

"မကြွားပါနဲ့ဗျာ... အဲဒီလို ကြွားကြေးဆိုရင်... ကိုယ့်မှာ

လည်း တစ်ပုံကြီး... "

လဝန်းကုဋေကလည်း အားကျမခံ... ။

"ရှင် ငါးပိရည်နဲ့ တို့စရာစားတာ မသိလို့နေမှာပေါ့... သိရင် ရှင့်အနားကနေ အကုန်လုံး ထွက်ပြေးမှာ သေချာတယ်..."

"ဟား... ဟား... ဟား... "

သူပြောပုံလေးကိုကြည့်ပြီး လဝန်းကုဋေ တဟားဟား အော်ရယ်လိုက်သည်။

"ကိုယ်တို့နှစ်ယောက်ရဲ့အဖြစ်က... အိပ်မက်လိုပဲနော်... မြူးဇစ်မိုး... မင်းနဲ့ဇာစေ့စပ်ရလိမ့်မယ်လို့ ကိုယ်ဘယ်လိုမှ မျှော်လင့်မထားခဲ့ဘူး... "

"အောင်မယ်... ဘယ်သူကရော မျှော်လင့်ထားလို့လဲ... ရှင့်ကို သိလည်းမသိဘူး... ခုထိလည်း စိတ်မဝင်စားဘူး..."

"ချစ်သူရှိတယ်ဆို... "

"ရှိတယ်... "

"ဝတ္ထုတွေထဲကလို မိဘက အတင်းပေးစားလို့ ကိုယ့်ချစ်သူနောက်ကို လိုက်ပြေးတဲ့ဇာတ်လမ်းမျိုး... ဖန်တီးလိုက်ပေါ့ကွ... လွယ်လွယ်လေးပါ... "

လဝန်းကုဋေ တမင်စ,နေခြင်း ဖြစ်သည်။



သည်ကောင်မလေးနဲ့စကားပြောရတာ အပျင်းတော့ ပြေသား... ။

"ရှင်... မနောက်နဲ့နော်... "

မြူးဇစ်မိုး မျက်နှာကို တမင်စူတင်းထားသည်။

"ကိုယ်တကယ်ပြောတာပါ... မင်းမှာချစ်သူရှိရင် စေ့စပ်ပွဲကို ကိုယ်ရအောင် ဖျက်သိမ်းပေးပါ့မယ်... ကိုယ့်အတွက် မပူပါနဲ့... "

"မပူပါဘူး... ဘာဆိုင်လို့ ပူရမှာလဲ... "

"ကိုယ့်ကိုလက်ထပ်ရရင် မင်းစိတ်ညစ်မှာ... "

"မထပ်ဘူး... မထပ်ဘူး... ရှင် စိတ်ကူးယဉ်မနေနဲ့... "

"ကိုယ်နေတဲ့ ဟောဒီအိမ်စုတ်ကလေးမှာလည်း မင်းဘယ်လိုမှ နေနိုင်မှာ မဟုတ်ဘူး... "

"ဩော်... ခက်လိုက်တာ... ရှင့်ကို မယူပါဘူးဆိုမှ... အပိုတွေ ဘာလို့လျှောက်ပြောနေရတာလဲ... ဒီမှာ ရှင့်ကို အိမ်က လူကြီးတွေ ထမင်းစားဖိတ်ခိုင်းလို့ လာဖိတ်တာ... ရှင် လာချင်လည်း လာ... မလာချင်လည်း နေ... ကျွန်မ သွားပြီ... "

"နေ... နေပါဦးကွ... "

မြူးဇစ်မိုး ခြေလှမ်းကိုမီအောင် နောက်က မနည်း ပြေးလိုက်ရ၏။

"ကားနားအထိ... ကိုယ်မင်းကို လိုက်ပို့ပေးမှာပေါ့... "

"မလိုဘူး... "

"မင်းက ကိုယ့်ရဲ့ဧည့်သည်ပါ... "

မြူးဇစ်မိုး စီးလာတဲ့ကားက အိစက်တောက်ပနေသည်။ နက်ပြာရောင် လင်ခရုဇာ... ။ အနည်းဆုံး သိန်းခြောက်ရာထက်မလျော့။

"ကျွန်မ သွားမယ်... "

ဘယ်သူမှမပါ။ ကားကိုတစ်ယောက်တည်း မောင်းထွက်လာခဲ့ခြင်းဖြစ်သည်။

"ကဲ... တက်... "

ကားတံခါးကို လဝန်းကုဋေ ဖွင့်ပေးလိုက်သည်။

ဦးလေးချစ်က လဝန်းကုဋေတို့နှစ်ယောက်ကို မိုးမခပင်ကြီးနောက်က ကွယ်ကြည့်ပြီး သဘောကျနေ၏။

"ရှင် လာမှာလား... "

ကားမှန်ကလေး လျှောခနဲ နိမ့်ဆင်းသွားတော့ လှပတဲ့ မြူးဇစ်မိုးရဲ့မျက်နှာကလေး ပေါ်လာသည်။

"ဘယ်အချိန်လဲ... ဘယ်နေ့လဲဆိုတာ ပြောဦးလေ... "



"မနက်ဖြန် ည ခြောက်နာရီ... "

"ကိုယ်လာခဲ့ပါမယ်... "

မှန်ကလေးပြန်ပိတ်သွားသည်။

ကားကလေးကို ကျွမ်းကျင်သွက်လက်စွာ မောင်းထွက်သွားပြီ။

"အဆင်ပြေရဲ့လားကွ... "

"ဟင်... ဦးလေးချစ်... "

ပခုံးကို ဆုပ်ဖက်လိုက်သဖြင့် လဝန်းကုဋေ ရုတ်တရက် လန့်သွားသည်။

"ဟဲ... ဟဲ... စိတ်ကူးယဉ်နေတာလေး ပျက်သွားရင်... တောင်းပန်ပါတယ်ကွာ... "

အရယ်မျက်နှာနှင့် ဦးလေးချစ်အနားမှာ လာရပ်သည်။

"ကောင်မလေးက မဆိုးဘူးကွနော်... အသားအရေလေးကလည်းလှ... အရပ်အမောင်းလေးကလည်း လဝန်းလေးနဲ့ဆို လိုက်ဖက်... ဆရာမိုးအာကာ ရွေးမရွေးတော်တယ်ကွာ... "

ဦးလေးချစ် သဘောကျသွားသည်။

"သူ့မှာ ရည်းစားတွေရှိတယ်တဲ့ဗျ... "

"ဟေ... "

"ခုပဲ... ကျွန်တော့်ကို ပြောသွားတယ်... "

လဝန်းကုငွေ စိတ်ပျက်နေမိသည်။

အင်းလေ...

ဒီလောက်လှပတဲ့ မိန်းမတစ်ယောက်မှာ ရည်းစားရှိနေတာ အဆန်းတော့ မဟုတ်ပါဘူး... ။

သူ့ကောင်မလေးကို မိဘတွေက အတင်းစေ့စပ်လိုက်တယ်ဆိုတော့... သူ့ကိုချစ်နေတဲ့ ကောင်လေးအရမ်းခံစားသွားရမှာပဲ။

ဒါ... မဖြစ်သင့်ဘူး... ။

ကိုယ်ချင်း စာရမယ်။

မသွားတော့ပါဘူး... ။ စေ့စပ်ပွဲပျက်မှ သူ့ချစ်သူနဲ့ သူ ပေါင်းနိုင်တော့မှာပေါ့... ။

အနေအထိုင် ဆင်ခြင်ဖို့ လဝန်းကုငွေ ဆုံးဖြတ်လိုက်သည်။

မနက်ဖြန် ထမင်းစားဖိတ်ထားတာကို ခေါင်းထဲက နေ မောင်းထုတ်ပစ်လိုက်ပြီ... ။



## အခန်း(၃)

ထမင်းပွဲတွေ ပြင်ပြီး...

အဆင်သင့်စောင့်နေရသူက မြူးဇစ်မို...

ဟင်းတွေက စုံလှ၏။

ကြီးစောကိုယ်တိုင် အထူးစပယ်ရှယ် ပြင်ဆင်ထားခြင်း ဖြစ်သည်။

"ဟဲ့...ညည်းဧည့်သည်က ခုထိမလာသေးပါလား...ခြောက်နာရီတောင်ထိုးနေပြီ... "

ကြီးစော စိတ်ပူနေသည်။

"ဖုန်းဆက်ကြည့်စမ်း မိုးငယ်လေး... "

ဂဏှာမငြိမ်ဖြစ်နေတာ ကြီးစော... ။

သူ့ကိုယ်သူလည်း အလှဆုံးပြင်ဆင်ထားသည်။ ကြီးစောက အသက်လေးဆယ်ကျော် အပျိုကြီး။ ဖေဖေဦးကြယ်စင်ခရဲ့ တစ်ဦးတည်းသော ညီမ... ။

"ဟာ... မဆက်ချင်ပါဘူး... သေသေချာချာ ဖိတ်ထားတဲ့ ဧည့်သည်... သူသိမှာပေါ့... ဆက်ချင်ရင် ကြီးစောကိုယ်တိုင်ဆက်... "

မြူးဇစ်မိုး မဆက်ချင်။

ကိုယ်က မိန်းကလေး။ ကိုယ့်ကို အထင်သေးသွားမည်။ ဟိုနေ့က ကိုယ်တိုင်သွားဖိတ်တာတောင် လွန်လှပြီ။

"မိုးငယ်လေး... ဖိတ်တာ... အချိန်များလွဲနေသလားကွယ်..."

ကြီးစောက အပျိုကြီးပီပီ စိတ်ပူတတ်သည်။ နာရီကိုပဲ တကြည့်ကြည့်လုပ်နေသည်။ ကြီးစောကို ဖေဖေက အထူးတာဝန်ပေးထားသည်။ လူငယ်ချင်း ချစ်ခင်ရင်းနှီးလာအောင် ဆောင်ရွက်ပေးရမည်တဲ့... ။

ခုလို... သီးသန့်ထမင်းစားဖိတ်တာ ကြီးစောရဲ့အစီအစဉ်တွေထဲက တစ်ခုသော အစီအစဉ်ပါ... ။

"ကဲပါဟယ်... ငါပဲ ဆက်လိုက်ပါတော့မယ်... "



ကြီးစော ဆက်လိုက်သည်။

"မောင်လဝန်းကုဋေလား... "

"ဟုတ်ကဲ့... ကျွန်တော် လဝန်းကုဋေပါ... "

တစ်ဖက်မှ ပြန်ဖြေသံကို ကြားလိုက်ရသဖြင့် ကြီးစောမျက်နှာ လပြည့်ဝန်းကြီးလို ပြုံးချိုသွားသည်။

"ကြယ်စင်ခက ဆက်နေတာပါ... မြူးဇစ်မိုးရဲ့အဒေါ်... ကြီးစော ပါကွယ်... "

"ဪ... ဟုတ်ကဲ့... "

"ဒီနေ့ညနေ ကြီးစောတို့ ကြယ်စင်ခမှာ ထမင်းစားဖိတ်ထားတယ်လေ... "

"ဟုတ်ကဲ့... "

"မိုးငယ်လေးက... မောင်လဝန်းကုဋေ မလာသေးလို့ တမျှော်မျှော်ဖြစ်နေတာကွဲ့... "

"ဗျာ... "

ကြီးစော ခပ်ပိုပိုလေး ပြောပစ်လိုက်သည်။

"ကြီးစောတို့အားလုံး ထမင်းပွဲဟင်းပွဲတွေ အဆင်သင့်ဖြစ်ပြီ... စောင့်နေတာ... မောင်လဝန်းကုဋေ မလာရင် မိုးငယ်လေး စိတ်မကောင်းဖြစ်သွားလိမ့်မယ်... "

"ဗျာ… "

"အခုတောင် အိမ်ထဲမှာ မရှိဘူး… ခြံဝမှာထွက်ပြီး… မောင်လဝန်းကုဋ္ဌေကို ငုတ်တုတ်လေး ထိုင်စောင့်နေတယ်… "

"ဗျာ… "

ဟိုဘက်က တဗျာဗျာဖြစ်နေသလောက် ကြီးစောကတော့ သူပြောချင်တာတွေကို စွတ်ပြောနေသည်။

"လာခဲ့နော်… "

"ဟုတ်ကဲ့… "

"အခုလာနော်… "

"ဟုတ်ကဲ့ပါ… "

"အခုပြောနေတာ မောင်လဝန်းကုဋ္ဌေ အစစ်ပါနော်… "

"အစစ်ပါ ခင်ဗျ… "

"ဒါပဲနော်… "

"ဟုတ်ကဲ့… "

ကြီးစော အခုမှ စိတ်အေးသွားသည်။

လှည့်ကြည့်လိုက်တော့ အနားမှာ မြူးဇစ်မိုး မရှိတော့။



"ဟာ… ဒီကောင်မလေး ဘယ်ရောက်သွားပြန်ပြီလဲ မသိဘူး… ဒုက္ခပါပဲ… ဟိုက အခုရောက်လာတော့မဲ့ဟာကို…"

မိုးက အခန်းထဲ ဝင်အိပ်နေခြင်း ဖြစ်သည်။

မျက်လုံးထဲမှာ သပ်ရပ်သားနားတဲ့ လဝန်းကုဋ္ဌေရဲ့ မျက်နှာချောချောလေးကို ပြန်မြင်နေမိသည်။

တောင့်ဖြောင့်ပြီး စမတ်ကျတဲ့ ကိုယ်လုံးကိုယ်ပေါက်… ။ နုဖတ်စိုရဲနေတဲ့ နှုတ်ခမ်းထူထူကြီးတွေ… ။ ဆွဲအားညှို့အား ကောင်းလှတဲ့ မျက်လုံးတွေ။

မဟုတ်သေးပါဘူး…

ငါ ဘာတွေ လျှောက်တွေးနေမိပါလိမ့်…

မုန်းရမယ်…

အဲဒီလဝန်းကုဋ္ဌေဆိုတဲ့လူကို မုန်းကို မုန်းရမယ်။

သေသေချာချာ အောက်ကျနောက်ကျခံဖိတ်ထားတာတောင်မှ ခုထိရောက်မလာ… ။

ဘဝင်လေဟပ်ပြီး မြောက်နေတာပဲဖြစ်ရမယ်…။

အလကားလူ…

သူဌေးစုတ်… ၊ သူဌေးပွဲ… ။ သူလက်ရှိတွဲနေတဲ့ ဒေးဗစ်တို့ ဟင်နရီတို့နဲ့ တခြားစီ ဟိုက စတိုင်တွေက အပျံစား

အမိုက်စား... ။

မြူးဇစ်မိုး နှုတ်ခမ်းလေးတွေ တွန့်ကွေးသွားသည်။

"ဘုန်း... "

"ဘောင်း... "

"ဟာ... ဘာသံကြီးလဲဟ... "

ခြံအပြင်ဘက်ဆီမှ ဘုန်းခနဲ ဘောင်းခနဲ ဒိုင်းခနဲ အသံတွေကြားလိုက်ရ၍ မြူးဇစ်မိုး လန့်အော်လိုက်သည်။

ပြီးတော့...ခြံစောင့်ကြီး ဦးမွေးထုံဆီသို့ ဆက်သွယ်တဲ့ ဖုန်းခလုတ်ကို လှမ်းနှိပ်လိုက်မိ၏။

"တီ... "

"တီ... "

"အမိန့်ရှိပါခင်ဗျာ... "

"အဘထုံ... အဘထုံလား... "

"ဟုတ်ပါတယ်... အဘထုံပါ မိုးငယ်လေး... "

"စောစောက ခြံအပြင်ဘက်က အသံကျယ်ကြီးတွေ ကြားလိုက်ရတယ်...အဲဒါဘာဖြစ်တာလဲ...ဗုံးပေါက်တာလား... "

"ဟော... "

"ပြောလေ... အဘထုံး... မိုးကို မြန်မြန်ပြောစမ်းပါ... "



"ဟို... ဟို... ဘာမှဖြစ်တာ မဟုတ်ပါဘူး... ဘောဇစ်ရောက်လာလို့... သူစီးလာတဲ့ကားက အိပ်ဇောပေါက်တဲ့အသံတွေပါ... "

"ဘောဇစ်ဟုတ်လား... ဘယ်က ဘောဇစ်လဲ... "

"လေးဘီးအစုတ်စီးတဲ့ ဘောဇစ်လေ... "

"အမလေး... အရှက်တော့ကွဲပါပြီ... "

"ဖုန်းချလိုက်တော့မယ်နော်... မိုးငယ်လေး... သူဝင်လို့ရအောင် ခြံတံခါးဖွင့်ပေးရဦးမှာ... အကြာကြီးရပ်ခိုင်းထားရင် တဘုန်းဘုန်း တဒိုင်းဒိုင်းပေါက်တဲ့အသံတွေကြောင့် ပတ်ဝန်းကျင်က ဝိုင်းကြည့်နေမှာ ကြောက်ရတယ်... ဒါပဲ... ဒါပဲ... "

မြူးဇစ်မိုး အသားတွေတဆတ်ဆတ်တုန်ပြီး ခုတင်ပေါ် ခွေလဲကျသွားသည်။

ထိုအချိန်မှာပင်...

ခြံတံခါးကြီးနှစ်ချက်ကို ဦးမွေးထုံကိုယ်တိုင် အပြေးအလွှား သွားဖွင့်ပေးနေရပြီ။

"ဘုန်း... "

"ဘုန်း... "

"ဒုန်း... "

"ဒိုင်း... "

"ဝင်ပါဘောစ်... ဠွတ်အီးဗီးနင်း... "

"ဒိုင်း... "

"ဒုန်း... "

"ဖြည်းဖြည်း... ဖြည်းဖြည်းလုပ်ပါ ဘောစ်ရယ်... အိပ် ဇောလေးတော့ ပြင်သင့်ပါတယ်... "

မလာချင်ပါ။

လဝန်းကုဋ္ဋေ လုံးဝမလာချင်ပါ။

ဒေါ်အပျိုကြီး ကြီးဇော ကိုယ်တိုင် တကူးတက ဖုန်းဆက်နေသဖြင့် အားနာလို့သာ လာခဲ့ရသည်။

"ပြင်ဖို့အချိန်မရသေးဘူးလေ... ဒီကိုလာရင်းနဲ့ လမ်းမှာ ပေါက်သွားတာ... "

"ပြင်ပါဘောစ်... ဘောစ်ကို အားလုံး စောင့်နေပါတယ်..."

"ကျေးဇူးပဲဗျာ... "

ဒီကားစုတ်အသံကြောင့်...

အရှက်ကွဲပြီး နောက်တစ်ခါ မဖိတ်လည်း အေး တာပဲ။



"ဒုန်း... "

"ဘုန်း... "

ဆင်ဝင်အောက်ရောက်တဲ့အထိ အိပ်ဇောပေါက်သံတွေက ဆူညံနေသည်။ ကြီးဇော ထိတ်ထိတ်ပျာပျာထွက်ကြည့်ပြီး သူ့ရင်ဘတ် သူဖိထား၏။

"ဘုရား... ဘုရား... "

ဘုရားကိုပါ တ,နေသည်။

"ဒါ... ဒါ... မင်းစီးတဲ့ကား... "

"ဟုတ်ကဲ့... "

မျက်လုံးတွေ ပိုပြူးသွား၏။

"ဖြစ်မှ ဖြစ်ရလေကွာ... ဖုန်းထဲမှာ ပြောလိုက်ရင်... နိုင်တီအိပ်ပါဂျဲရိုးနဲ့ လာခေါ်မှာပေါ့... ဒီမှာ စီးမဲ့လူမရှိလို့ ဂိုဒေါင်ထဲမှာ ဒီအတိုင်းပစ်ထားရတာ...ကားလေးစီးတောင် အပိုရှိတယ်... "

ကြီးဇော... တမင်ကြွားပစ်လိုက်သည်။

လဝန်းကုဋ္ဋေ မျက်နှာလေး မသိမသာ ရှုံ့မဲ့သွား၏။

"ကြီးဇောတို့မှာ... ကားတွေအများကြီးရှိတာ ကျွန်တော်

သိပါတယ်... ဒါပေမဲ့ ကျွန်တော့် ဒီကားလေးက ကျွန်တော်တို့ဘိုးစဉ်ဘောင်ဆက် ရိုရိုသေသေ ထိန်းသိမ်းလာခဲ့တဲ့ ကားလေးမို့ပါ... ”

“ရိုရိုသေသေ ထိန်းသိမ်းပေလို့ပဲကွယ်... ကြီးစောတို့ တစ်ခြံလုံးနားတွေတောင် ကွဲထွက်တော့မယ်... စက်ရပ်လိုက်တာ မြန်လို့ပေါ့... ”

လဝန်းကုဋ္ဌေ ငြိမ်ခံနေရသည်။

မတတ်နိုင်။

“မြူးဇစ်မိုးရော မတွေ့ပါလား... ”

“ရှိပါတယ်ကွယ်... ရှိပါတယ်... ”

ညှော်ခန်းမှာ ခဏထိုင်နိုင်းပြီး မိုးငယ်လေးကို ခေါ်ဖို့ ထွက်လာခဲ့သည်။

“ဟဲ့... မိုးငယ်လေးရော... ”

သန့်ရှင်းရေး အလုပ်သမား မအေးခင်ကို မေးမိသည်။

“အခန်းထဲမှာ ကြီးကြီးစော... ”

“သွားစမ်း... မောင်လဝန်းကုဋ္ဌေ ရောက်နေပြီလို့... သွားပြောစမ်း... ”



အသံ ခပ်အုပ်အုပ်ပြောပြီး အပေါ်ကို လွှတ်လိုက်သည်။

“ကြီးစော... ”

“ဟော... ”

လဝန်းကုဋ္ဌေနဲ့ကြီးစော ညှော်ခန်းထဲမှာ နှစ်ယောက်တည်း... ။

“ကျွန်တော့်ကို ကိုယ့်တူကိုယ့်သားတစ်ယောက်လို ခင်ပါနော်... အမြင်မတော်တာရှိရင်လည်း ဆုံးမပါ... ”

ကြီးစောကို အဖိုင်စည်းရုံးထားဖို့ လဝန်းကုဋ္ဌေ ဆုံးဖြတ်ထားလိုက်သည်။ ဈေးစပ်ပွဲကို ဖျက်သိမ်းဖို့အတွက် ကြီးစောကို အားကိုးဖို့ လိုအပ်သည် မဟုတ်လား။

“စိတ်ချပါကွယ်... ကြီးစောကလည်း မောင်လဝန်းကုဋ္ဌေ အမလေး... နာမည်ခေါ်ရတာတောင် မောလိုက်တာ... မင်း တော်တော်ရှည်တာပဲ... ”

“ဗျာ... ”

“မင်းနာမည်က တော်တော်ရှည်တာပဲလို့ ပြောတာကွဲ့...”

နှစ်လုံးတည်းနဲ့ ဘောင်းဘီကျပ်နေကြသည်။

နှစ်ယောက်တည်းနဲ့ ရှုပ်နေကြသည်။

"ခင်ပါတယ်... ခင်ပါတယ်... ကိုယ့်တူကိုယ့်သားအရင်းပဲ... မင်းကို မြင်မြင်ချင်း ကြီးစော ခင်ပါတယ်... မင်းကလည်း ကြီးစောတို့ကို ခင်ရင်... ဟို... လေးဘီးအစုတ်ကြီးကို မစီးပါနဲ့လို့... အားနာနာနဲ့ပဲ ကြီးစော တောင်းဆိုပါရစေကွယ်... "

ကြီးစောကတော့ ယဉ်ယဉ်လေးနဲ့ နှက်နေပြီ။

"မိုးငယ်လေးက အရမ်းရှက်တတ်တာကွယ့်... သူစီးတဲ့ကားမှာ ဖုန်ကလေးတစ်စက်ပေတာကအစ ကြိုက်တာမဟုတ်ဘူး... ဒရိုင်ဘာတွေဆိုလည်း ကားကိုင်မသန့်ရင် တစ်ယောက်ပြီး တစ်ယောက်ဖြုတ်ပစ်တာ... "

"ကြောက်စရာကြီး... "

"ဟင်... ဘာဖြစ်လို့လဲ... "

"ယောကျ်ားယူပြီးရင် မကြိုက်ဘူးဆိုပြီး တစ်ယောက်ပြီး တစ်ယောက် ပြောင်းနေရင် ဒုက္ခရောက်ကုန်မှာပေါ့... ကြီးစော ပြောပုံအရဆိုရင်... ကျွန်တော် သူ့ကို လက်ထပ်လို့တောင် ဖြစ်ပါတော့မလား... "

"ဘာ... ဘာပြောတယ်... "

မြူးဇစ်မိုး ကြားသွားပြီ။



လဝန်းကုဋ္ဌေနောက်မှာ မြူးဇစ်မိုး ရောက်နေပြီ။

ဒေါ်ဖောင်းဖောင်းနဲ့ ကြီးစောဘေးမှာ ဆောင့်အောင့်အောင့် ဝင်ထိုင်ပစ်လိုက်သည်။

"ဟို... ဟို... "

လဝန်းကုဋ္ဌေ အဖြေပေးဖို့ ခက်နေသည်။

ကြီးစောလည်း ဘာပြန်ပြောလို့ ပြောရမှန်းမသိ။

"ဒီမှာ... ကိုလဝန်းကုဋ္ဌေ... "

"ခင်ဗျာ... "

"ရှင်က... ကျွန်မနဲ့လက်ထပ်ရမှာ ကြောက်နေရအောင် ကျွန်မက ရှင့်ကို ယူပါမယ်လို့ ပြောနေလို့လား... ရတယ်... ကျွန်မ ရှင့်ကို ဘယ်တော့မှ လက်မထပ်ဘူး... လုံးဝဥဿုံ ယုံထားလိုက်... "

"ဟဲ့... ဟဲ့... အဲလိုမပြောရဘူးလေ... ခွင်ကုန်တော့မှာပဲ... မောင်လဝန်းကုဋ္ဌေရယ်... မိုးငယ်လေးကို စိတ်မဆိုးပါနဲ့... သူက စကားမပြောတတ်လို့ပါ... ကြီးစော တောင်းပန်ပါတယ်... "

"ရပါတယ် ခင်ဗျာ... ကျွန်တော် ခွင့်လွှတ်ပါတယ်... "

"ကဲ... မိုးငယ်လေး... ထမင်းစားခန်းကို သွားကြမယ်...

အားလုံးလည်း အဆင်သင့်ပြင်ထားပြီးပြီ... "

ကြီးစောက အခြေအနေကို ဝင်ထိန်းလိုက်သည်

"စားနော်... အားမနာနဲ့... ဒီအိမ်က အားနာရမဲ့အိ

မဟုတ်ဘူး... နောက်ဆိုရင် အမျိုးတော်ကြရတော့မှာ..."

"ကြီးစော... "

"ဟင်... ဘာလိုလို့လဲ မောင်လဝန်းကုဋ္ဌေ... "

"တို့စရာ မပါဘူးလားဟင်... "

"တို့စရာ... "

"ငါးပိရည်နဲ့ တို့စရာလေ... "

"ဒါ... ဒါ... ကြီးစောက ဥရောပစတိုင် စီစဉ်ထားတာ

မောင်လဝန်းကုဋ္ဌေများ ကြိုက်မလားလို့... "

"ကျွန်တော်က မြန်မာဆန်ဆန်ပဲ စားတတ်လို့ပါ... "

"အို... အားနာလိုက်တာကွယ်... ငါးပိရည်နဲ့ တို့စရာ

လည်း အိမ်ကလူတွေ စားတာမဟုတ်ဘူး... ခုကူပါပဲ..."

ကြီးစော ပျာယာခတ်သွားသည်။

မြူးစစ်မိုးက အံကလေးကို တင်းတင်းကြိတ်

စကားလုံးဝ မပြောဘဲ ငြိမ်နေသည်။

ဒါ... အရှက်ခွဲနေတာ...



တမင်သက်သက် အရှုံးတိုက်နေတာ...

မသိဘဲ နေပါ့မလား... ။

"မအေးခင်... မအေးခင်... "

ကြီးစော မအေးခင်ကို လှမ်းခေါ်လိုက်သည်။

"ညည်းတို့ အလုပ်သမားတန်းလျားမှာ ငါးပိရည်နဲ့တို့စရာ

ဘယ်အိမ်မှာရှိသလဲ... မြန်မြန်သွားရှာခဲ့စမ်း... "

"ရှိပါတယ် ကြီးကြီးစော... "

"အေး... သွားသွား... မြန်မြန်သွား... "

အရှက်ကွဲရပြီ... ။

အလုပ်သမားတန်းလျားမှာ မြူးစစ်မိုးနဲ့ ဈေးစပ်

ထားတဲ့ လဝန်းကုဋ္ဌေဆိုတဲ့ သူဌေးက ငါးပိရည်နဲ့တို့စရာ ကြိုက်

တာ အတင်းပြောကြတော့မည်။

လဝန်းကုဋ္ဌေကတော့ ကျေနပ်နေသည်။

ဒါမှ...

ဈေးစပ်ပွဲကို ဖျက်သိမ်းကြမှာ... ။

"ရပါပြီ ကြီးကြီးစော... "

ငါးပိရည်နဲ့ တို့စရာတွေ ရောက်လာသည်။

"ဝေါ့... "

အနံ့ရတာနဲ့တင် ကြီးစော ပျို့အန်ချင်နေပြီ။

လဝန်းကုဋ္ဌေ အသက်အောင့်ပြီး ပလုတ်ပလော
စားပြလိုက်သည်။

"စားလို့ကောင်းလိုက်တာ... ကြီးစောရာ... "

"စား... စား... ဝ,အောင်စား... "

ငါးပိရည်ပန်းကန်ကို ကြီးစော မကြည့်ပါ။

တမင်မျက်နှာလွှဲထားသည်။

ကြီးစောရဲ့ ဥရောပအစားအစာတွေကို လဝန်းကုဋ္ဌေ
တစ်ချက်ကလေးတောင် မတို့။

"မင်းဟာက... ဘယ်လိုလဲကွယ်... "

"ဘာဖြစ်လို့လဲ ကြီးစောရဲ့... "

"ငါးပိရည်နဲ့ တို့စရာပဲ စားရတယ်လို့... ကြီးစောဖြင့်
တောင်မယုံဘူး... "

"မြန်မာ့ရိုးရာ အစားအစာလေ... ကြီးစောရဲ့... ကိုယ့်ရိုး
ရာ အစားအစာကို ကိုယ်မှဂုဏ်ယူပြီး မစားရင် ဘယ်သူ
လာစားမလဲ... ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက် စားလာ
တဲ့ ငါးပိရည်နဲ့ တို့စရာမို့... "

"လာပြန်ပြီ... ဒီဘိုးစဉ်ဘောင်ဆက်... "



မြူးဇစ်မိုး နှုတ်ခမ်းလေးတွေကို တွန့်ကွေးပစ်
လိုက်သည်။

ဟွန့်...

ကားစုတ်စီးလာတာလည်း ဘိုးစဉ်ဘောင်ဆက်...

ငါးပိရည်နဲ့ တို့စရာစားတာလည်း ဘိုးစဉ်ဘောင်
ဆက်... ။

နောက်ဘယ်ဟာတွေပါ ဘိုးစဉ်ဘောင်ဆက် လာ
ဦးမလဲ မသိ။

"အမျိုးဂုဏ်ဆိုတာ... လူတိုင်း လူတိုင်း စောင့်ထိန်းသင့်
ပါတယ် ကြီးစောရယ်... မဟုတ်ဘူးလား... "

"ဟုတ်ပါတယ်... ဟုတ်ပါတယ်... "

"ကျွန်တော်ကတော့ လက်ထပ်ပြီးရင်...သူ့ကိုပါ ကျွန်တော့်
လို ဖြစ်အောင်... "

"မယူဘူး... ရှင့်ကိုလည်း လက်မထပ်ဘူး... စေ့စပ်ထား
တာကိုလည်း ပြန်ဖျက်မယ်... "

မြူးဇစ်မိုး ထ,ထွက်ခဲ့သည်။

"ဟဲ့... အဲလို မပြောရဘူးလေ... "

ကြီးစော အော်ရင်း ကျန်ခဲ့သည်။

"ကြီးစောကတော့... မင်းတို့လူငယ်ချင်း ရင်းနှီးစေချင်လို့ ထမင်းစားပွဲကို တမင်စီစဉ်ပေးတာပါကွယ်... မဖြစ်သေးပါဘူး... ဒီအတိုင်းဆက်သွားနေလို့ မဖြစ်တော့ပါဘူး... တစ်ခုခုလုပ်မှ ဖြစ်တော့မယ်... "

ကြီးစော လဝန်းကုဋေကို မသက်သာ... ။

ဒီသူငယ် တမင်လုပ်နေတာများလား... ။

သူဌေးသား...

ကျိုကျိုတက် ချမ်းသာတဲ့ သူဌေးသား... ။

လေးဘီးအစုတ်ကို စီးသတဲ့... ။ ငါးပိရည်နဲ့ တို့စရာကို စားသတဲ့... ။

မဖြစ်နိုင်ဘူး... ။

လုံးဝ မဖြစ်နိုင်ဘူး... ။

"မောင်လဝန်းကုဋေ... "

"ဗျာ... "

"ကြီးစော... မင်းကို သဘောကျသွားပြီ... "

"ဟာ... ကြီးစောကလည်း... "

လဝန်းကုဋေ မျက်လုံးပြူးသွား၏။

"ဟုတ်တယ်... မင်းဟာ ငွေကို ရေလိုမသုံးဘဲ ဈေးစပ်သေ



ချာမဲ့ကလေး... ခြိုးခြံတယ် ချွေတာတယ်... မင်း ဒီထက်ချမ်းသာဦးမယ်... ကိုကြီးကြယ်စင်ခကတော့... သမက်ရှာတာ တကယ်တော်တယ်ဟေ့... ပေးစားမယ်... အမြန်ဆုံးပေးစားရမယ်... အချိန်ဆွဲနေလို့ မဖြစ်တော့ဘူး..."

ကြီးစော တမင်ပြောလိုက်ခြင်း ဖြစ်သည်။

"သေစမ်း... "

လဝန်းကုဋေ ကိုယ့်ကိုယ်ကို ကျိန်ဆဲလိုက်သည်။

ဈေးစပ်ပွဲပျက်အောင် တမင်လုပ်ပါတယ်ဆိုမှ သူတို့အရေးထဲ ပိုသဘောကျပြီ... ။

ဘယ်လိုလုပ်ရမလဲ... ။

ဘယ်လိုဆက်လုပ်ရမလဲ... ။

ဦးနှောက်ခြောက်အောင် တွေးနေမိသည်။

"ကြီးစောကတော့... နောက်နှစ်လအတွင်း လက်ထပ်ပွဲဖြစ်အောင်စီစဉ်ဖို့ ဆုံးဖြတ်လိုက်ပြီ... "

"ဗျာ... "

"မဗျာနဲ့တော့ မောင်လဝန်းကုဋေ... မင်းလို လူမျိုးကို ကြီးစောတို့ ဘယ်မှာသွားရှာမလဲ... အလွတ်မခံနိုင်တော့ဘူး... အပျက်မခံနိုင်တော့ဘူး... "

"စဉ်း... စဉ်းစားပါဦး ကြီးစောရယ်... အိမ်ထောင်မှု ဘုရား
တည်... ဆေးမင်ရည်စုတ်ထိုး... "

"အို... စုတ်ထိုးယုံမကလို့ ဘာကြီးပဲထိုးထိုး... ကြီးစော
ထပ် မစဉ်းစားတော့ဘူး... ကိုကြီးကြယ်စင်ခ ရောက်လာ
တာနဲ့ အစီအစဉ် တစ်ခါတည်း ဖွဲ့လိုက်တော့မယ်... က
မင်းလည်း ပြန်တော့... "

"ကြီးစော... "

"ဘာလဲကွဲ... "

"သိပ်အရမ်းမြန်နေရင် မကောင်းပါဘူး ကြီးစောရယ်
ပြီးတော့... ကြီးစောတူမကလည်း... ကျွန်တော့်ကို လက်
မထပ်ချင်ဘူးဘဲ ပြောနေတာ... သူ စိတ်ဆင်းရဲနေ
မယ်... "

"အို... ကြီးစော တာဝန်ထားစမ်းပါ... ဒီလိုယောကျ်ားမျိုး
ရတာ... ဘယ်လောက်ကံကောင်းတယ်မှတ်လဲ... အဲဒါမျိုး
ထပ်ရရင် ကြီးစောတောင် လိုချင်သေး... "

"ဟာ... ရှိတယ် ကြီးစော... ကြီးစော ဘာမှမပူနဲ့တော့
အိုကေမှာ စိုပြေသွားအောင် ကျွန်တော် တစ်ခါတည်း
စီစဉ်လိုက်မယ်... လေးဘီးအစုတ်လည်း စီးတယ်... ငါး



ရည်နဲ့ တို့စရာလည်း စားတယ်... "

"ဘယ်သူလဲဟဲ့... "

"ဦးလေးချစ်... "

"အမလေး... နာမည်ကြားရုံနဲ့တောင် ချစ်သွားပြီ... ချစ်
သွားပြီ... ခစ်... ခစ်... ခစ်... "

အပျိုဖြန်းမလေးတစ်ယောက်လို ရယ်နေသော
ကြီးစောကိုကြည့်ပြီး လဝန်းကုင် ပျော်သွား၏။ စောစောက
စိတ်ညစ်နေတာတွေ ပျောက်သွားပြီ။

"မြူးဇစ်မိုး... "

ခြံထဲက ခုံတန်းလေးမှာ မြူးဇစ်မိုး တစ်ယောက်
တည်း သွားထိုင်နေသည်။

လဝန်းကုင်နောက်က လိုက်သွားပြီး ခေါ်လိုက်
၏။

လှည့်မကြည့်ပါ... ။

မြူးဇစ်မိုးက နှုတ်ခမ်းတွေကို တင်းနေအောင် စူ
ထားသည်။

"ကိုယ့်ကို စကားပြောခွင့်ပေးပါလား မြူးဇစ်မိုး... "

"မပြောနဲ့... နားမထောင်ချင်ဘူး... "

"ကိုယ် ရှင်းပြပါရစေ… "

"ရှင့်ရဲ့ ဘိုးစဉ်ဘောင်ဆက် ကပ်စေးနည်းခဲ့တာတွေ လာပြောဦးမလို့လား… တောင်းပန်ပါတယ်… ကျေးဇူးရှင်ရယ်… မပြောပါနဲ့… "

"ကိုယ် မင်းကို စ,တာပါ… "

"ရှင်… "

"မင်းကို ကိုယ်နားလည်အောင် ကြိုးစားနေတယ်… "

"နားလည်အောင်… "

"ဟုတ်တယ်… မင်းအကြောင်းကို ကိုယ် ဘာမှမသိဘူး…"

မြူးဇစ်မိုး မျက်နှာလေး ပိုမဲ့သွားသည်။

"အဲဒါ… ကျွန်မ ဘာလုပ်ပေးရမလဲ… ကျွန်မကို လက်ထပ်ဖို့… ကျွန်မကိုယူဖို့… ရှင့်ကို ကျွန်မအကြောင်းတွေ ရှင်းပြရမှာလား… "

"မလိုပါဘူး… ကိုယ်ဆိုလိုတာ အဲဒါ မဟုတ်ဘူး… "

"ဒါဖြင့် ဘာလဲ… "

"ကိုယ်နဲ့စေ့စပ်တာကို မင်း ဘာလို့လက်ခံလိုက်တာလဲ…"

"ရှင်… "

"အဲဒါ… ကိုယ် သိပ်သိချင်နေတဲ့ အဖြေတစ်ခုပဲ… "



ရင်ထဲမှာ မောဟိုက်သွားသည်။

မျက်လုံးတွေထဲမှာလည်း ရီဝေသွား၏။

"ဒါဆို… ကျွန်မကလည်း ရှင့်ကို မေးခွန်းတစ်

မှာပေါ့… " သည်။

"မေးလေ… "

"ကျွန်မနဲ့စေ့စပ်တာကို ကျွန်မအကြေ လ…

ဘာလို့ လက်ခံလိုက်တာလဲ… ကျွန်မ ချင်ပါဘူး…

အဲဒီအဖြေပဲ… "

လဝန်းကုဋေ ချောင်ပိတ်မိသွားသည်။

"ကိုယ့်ဖေဖေရဲ့ဆန္ဒကို… ကိုယ်ဘယ်တော့မှ မလွန်ဆန်ခဲ့ဘူး… "

"ကျွန်မဖေဖေရဲ့တောင်းဆိုမှုကို… ကျွန်မဘယ်တော့မှ မပယ်ချခဲ့ဘူး… "

"ကိုယ်သိပြီ… "

"ကျွန်မလည်း သိပြီ… "

"မင်းအဖြေကို ကိုယ်နားလည်ပါပြီ… "

"ရှင့်အဖြေကို ကျွန်မသဘောပေါက်ပါပြီ… "

"မင်း… ကိုယ်နဲ့လက်မထပ်ချင်ဘူးဆိုတာ ကိုယ်သိနေ

တယ်... ”

“ရှင် ကျွန်မနဲ့လက်မထပ်ချင်ဘူးဆိုတာလည်း... ကျွန်မ ဝိနေတယ်... ”

ရယ်..၊ ချစ်သူရှိတယ်ဆို... ”

“ကိုယ် ဗူးဇစ်မိုး ရုတ်တရက် ပြန်မဖြေနိုင်။

“ရှင်... ” းကို ရှင်မေးစရာအကြောင်း လုံးဝမရှိဘူး...”

“မင်းကို ကိုကာ်တည်း အပြီးပြောပစ်လိုက်သည်။

“နားလည်မှုသူရှိရင်... ကိုယ်နောက်ဆုတ်ပေးပါ့မယ်...

“ဂ်စိပ်ပွဲကိုလည်း ကိုယ့်ဘက်ကစပြီး ဖျက်ပေးပါ့မယ်...”

“ရှင် တော်တော်ခက်တာပဲ... ”

မြူးဇစ်မိုး ဆံပင်တွေကို ဆတ်ခနဲ တစ်ချက် ခါတင် လိုက်သည်။

“ရှင် အူတူတူလုပ်နေတာ ကျွန်မ သိတယ်... ”

“မင်း စိတ်ချမ်းသာစေချင်လို့ပါ... ”

“ရှင့်ကို မုန်းတယ်... ”

လဝန်းကုဋေ အသံကလေးထွက်အောင် ရယ် လိုက်သည်။

“မင်းရဲ့ကြီးဓောက... နောက်နှစ်လအတွင်းမှာ လက်ထပ်



ဖို့တောင် စီစဉ်နေပြီ... ”

“ဖျက်မယ်... မပျက်,ပျက်အောင် ဖျက်မယ်... ”

“ကျေးဇူးတင်ပါတယ်... ကဲ... ကိုယ်သွားမယ်... ”

လဝန်းကုဋေ ချာခနဲ လှည့်ထွက်လာခဲ့သည်။

ဖျက်လေ... ဖျက်ပေါ့... ။

မင်းက ဖျက်လေ ကိုယ်က ကြိုက်လေ... ။

ကိုယ်... ဘယ်သူ့ကိုမှ လက်မထပ်ချင်ပါဘူး... ။

# အခန်း(၄)

"ဆရာ... "

"ဘာလဲကွ... "

ကုမ္ပဏီလုပ်ငန်းဖိုင်တွေကို လှန်ကြည့်နေတဲ့... လဝန်းကုဋေအနားကို တပည့်ကျော် ချိုမြ ရောက်လာသည်။

"ဆရာ့အတွက် အတွင်းရေးမှူးလိုတယ်ဆိုလို့... လျှောက်လွှာရှင် တစ်ရာ့ကိုးဆယ့်ခြောက်ယောက်ထဲက... ရွေးလိုက်တာ... ဆန်ကာတင် ဆယ်ယောက်ရွေးထားပြီးသွားပါပြီ ဆရာ... အဲဒီဆယ်ယောက်ထဲက တစ်ယောက်... မယ်ဆိုလို့... ဆရာ့ရုံးခန်းရှေ့မှာ ထိုင်စောင့်နိုင်းထား...



တယ်... ဆရာ အားပြီဆိုရင် တစ်ယောက်ချင်း အထဲကို လွှတ်လိုက်ပါ့မယ်... "

"သူတို့ရဲ့ ကိုယ်ရေးဖိုင်တွေရော... "

"ဒီမှာပါဆရာ... "

ဖိုင်ဆယ်ခုကို ချိုမြ အပ်နေသည်။

"ကောင်းပြီ... ထားခဲ့... ဪ... နေဦး... အခု မလွှတ်နဲ့ဦး... အဲဒီဆယ်ယောက်ကို အဲဒီနေရာမှာပဲ 'နောက်ထပ်နှစ်နာရီတိတိ ဆက်ထိုင်ခိုင်းထား... ပြီးတော့ သတိထားစောင့်ကြည့်... ထူးခြားတဲ့သူကို မှတ်ထား... "

"ဟုတ်ကဲ့ ဆရာ... "

ချိုမြ ပြန်ထွက်သွားသည်။

ခုတလော အလုပ်တွေက ပိနေသည်။ ကုမ္ပဏီ ခွဲသည်နိုင်ငံခြားသားတွေက အဝင်အထွက်များ နေသည်။ ပစ္စည်းနမူနာစစ်ခြင်း၊ ဈေးနှုန်း သတ်မှတ်ခြင်း၊ ဧည့်သည်တွေကို ရန်ကုန်မြို့အနှံ့လိုက်လံပို့ဆောင်ခြင်း။

မိုးလင်းက မိုးချုပ် မနားရ... ။

အတွင်းရေးမှူးတစ်ယောက် လိုအပ်လာသဖြင့်... လျှောက်လွှာတင် ရွေးချယ်စေခဲ့ခြင်း ဖြစ်သည်။

"ဆရာ... "

"ဟင်... "

ချိုမြ နောက်တစ်ခေါက် ပြန်ဝင်လာသည်။

"ထူးခြားတယ်ဆရာ... "

"ဘာထူးခြားတာလဲကွ... "

"လျှောက်လွှာရှင် ဆယ်ယောက်ထဲမှာ တစ်ယောက်က တော်တော်ထူးခြားနေတယ်... ဆရာရဲ့... "

"ပြောစမ်းကွာ... "

"ဂဏ္ဍာမငြိမ်ဘူး ဆရာ... အိမ်သာတက်တာ ခြောက်ခါ ရှိသွားပြီ... "

"ဘာကွ... "

"ငိုလည်း ငိုတယ်ဆရာ... ပြီးတော့ မျက်နှာကလည်း တစ်ချိန်လုံး ရှုံ့မဲ့နေတယ်... တစ်ယောက်တည်းလည်း ပွစိပွစိ ပြောနေတယ်... နင်တို့အမ်ဒီက လူတွေကို ဒီလောက် အကြာကြီး စောင့်ခိုင်းတာ မတရားဘူးတဲ့... မကျေနပ်ဘူးတဲ့... အဲဒါ... တစ်ခါပြောလိုက်... တစ်ခါ အိမ်သာတက်လိုက်လုပ်နေတာ... စုစုပေါင်း ခြောက်ခါရှိသွားပြီ... "

"နေဦး... ငါကြည့်မယ်... ဘယ်တစ်ယောက်လဲဆိုတာ ငါ့ကိုပြ... "



တီဗီကင်မရာခလုတ်ကို ဖျောက်ခနဲ ဖွင့်လိုက်သည်။ ရုံးခန်းအပြင်ဘက်မှာ တန်းစီထိုင်နေတဲ့ ကောင်မလေး ဆယ်ယောက် တီဗီဖန်သားပြင်ပေါ်မှာ ပေါ်လာ၏။

"ဟို... ရေညှိစိမ်းရောင်ဝတ်ထားတဲ့ ကောင်မလေးပဲ..."

"ချိုမြ... "

"ဗျာ... ဆရာ... "

"အဲဒီ ကောင်မလေးကို အရင်ဆုံး ခေါ်လိုက်... "

တစ်ခါတည်း တွေ့ပြီး တစ်ခါတည်း ဖြေရှင်းလိုက်ရ လဝန်းကုဋ္ဌေ ဆုံးဖြတ်လိုက်သည်။

ချိုမြ ပြန်ဝင်လာတော့ ကောင်မလေးတစ်ယောက် သူနဲ့အတူ ပါလာသည်။ ရေညှိစိမ်းရောင်ဝတ်ထားတဲ့ ကောင်မလေး။

"ရောက်ပါပြီဆရာ... "

ကောင်မလေးက မျက်လွှာလေးချပြီး သူ့ရှေ့က မှာ ဝင်ထိုင်သည်။

ချိုမြက သူ့ဘေးမှာ မတ်တတ်ရပ်နေ၏။

လဝန်းကုဋ္ဌေ သူမကို အသေအချာ ကြည့်လိုက်သည်။

အရမ်းရင်ခုန်ဖို့ ကောင်းတဲ့ကောင်မလေး တင်

ယောက်ပဲ။

"ကျွန်မကို အလုပ်ခန့်ပါ... "

"ဘာ... "

"ကျွန်မ အလုပ်မရရင် မဖြစ်တော့ဘူး... ကျွန်မက အမေ အိုကြီးနဲ့နေရတာပါရှင်... ကျွန်မ စိတ်ညစ်နေလို့ပါ... ကျွန်မ တကယ်အလုပ်လိုချင်လို့ လာလျှောက်တာပါ... ကျွန်မကို ကယ်ပါ... အမ်ဒီ့ကျေးဇူးကို ကျွန်မ ပြန်ဆပ်ပါ့ မယ်... "

ကောင်မလေးက ရီဝေနေသော မျက်လုံးကလေး များဖြင့် သူ့ကို ငေးကြည့်နေသည်။

"ကျွန်မကို အလုပ်ခန့်လိုက်ပြီလားဟင်... "

ရှိုးရှိုးလေး... ။

မိတ်ကပ်ပါးပါးလေးပေါ်မှာ သနပ်ခါးပါးပါးလေး ကို ညီညီညာညာလေး လိမ်းထားသည်။ ကျစ်ဆံမြီးလေးနှစ် ချောင်းကို ပခုံးပေါ်ကနေ ရှေ့ကိုချထား၏။

ကြိမ်ဆွဲခြင်း အသစ်ကလေးကိုလည်း သူမပေါင် ပေါ်မှာ တင်ထားသည်။



"မင်း... မင်းနာမည်က... "

"အသချေ... "

ကောင်မလေးနာမည်က အသချေတဲ့... ။

"ဒါ... ဒါဆို... မင်းဘဝဇာတ်ကြောင်းကို ပြောပြစမ်းပါ... အသချေ... မင်းကို ကိုယ်စိတ်ဝင်စားတယ်... မင်းဘဝ အကြောင်းကို ကိုယ်သိပ်သိချင်တယ်... "

အသချေဆိုတဲ့ ကောင်မလေး အားတက်သွား၏။

"ကျွန်မဘဝက ဆင်းရဲပါတယ် အမ်ဒီရယ်... ဖေဖေလည်း မရှိတော့ပါဘူး... မေမေကလည်း ရောဂါသည်ပါ... ကျွန်မ ဒီအလုပ်ကိုမှ မရရင်... ကျွန်မတို့ သားအမိနှစ်ယောက် ဒုက္ခရောက်ရပါတော့မယ်... အဟင့်... ဟင့်... ပြောရင်းနဲ့ တောင် ကျွန်မ ငိုချင်လာပြီ... ငိုလိုက်တော့မယ်နော်... အမ်ဒီ... "

"ဟာ... မငိုပါနဲ့... မငိုပါနဲ့... ကိုယ် မင်းကို အလုပ်ခန့် လိုက်ပါတော့မယ်... "

"တကယ်... "

ဟော...

အလုပ်ခန့်မယ် ဆိုတော့မှ မျက်နှာအမူအရာ ချက်ချင်း ပြောင်းသွားပြီ။

"ကျေးဇူးတင်လိုက်တာ အမ်ဒီရယ်... အမ်ဒီ့ကျေးဇူးတွေ ကို ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ဘူး... စားပါ အမ်ဒီ... ကျွန်မတို့လမ်းထိပ်က ဝယ်လာတဲ့ ကောက်ညှင်း ပေါင်း... "

ခွဲခြင်းထဲက ကောက်ညှင်းပေါင်းတွေကို သူမ ဝမ်း သာအားရ ထုတ်ကျွေးနေသည်။

"စားပါ အသချေ... မင်းပဲ စားပါ... ကိုယ် စောစောက ကော်ဖီသောက်ထားလို့ပါ... ကဲ... ချိုမြ... "

"အမိန့်ရှိပါဆရာ... "

"အပြင်မှာ ထိုင်စောင့်နေတဲ့ လူတွေကို တခြားလိုတဲ့နေရာ တွေမှာ ထည့်သုံးဖို့... ဦးမြတ်ထွန်းနဲ့ တိုင်ပင်လိုက်... မလို တဲ့သူတွေကို ပြန်ခိုင်း... "

"အသချေဆိုတဲ့ ကောင်မလေးက... "

"ကိုယ့်ရဲ့ အတွင်းရေးမှူးပေါ့... "

ဝမ်းသာအားရ ကောက်ညှင်းပေါင်းတွေ ထုတ်ကျွေး နေသည့် အသချေဆိုသည့် ကောင်မလေး အူမြူးသွားသည်။

"အသချေ... "

"ရှင်... "



"ကိုယ် အခုခန့်လိုက်တဲ့ ရာထူးနေရာအတွက်... လခဘယ် လောက်ရရင် မင်းဘက်က အဆင်ပြေနိုင်မလဲ... ကိုယ့်ကို အားမနာပါနဲ့... ပွင့်ပွင့်လင်းလင်း တောင်းဆိုပါ... "

"အားနာတယ်... "

"ကိစ္စမရှိပါဘူး... ပြောပါ... "

"ဟို... အသချေနေတာက မြောက်ဒဂုံမှာဆိုတော့... ဒီရုံး ကို ရောက်တဲ့အထိ ကားသုံးဆင့်ပြောင်းစီးရမယ်... "

"ဟုတ်ပြီ... "

"ဟို... အပြန်ကျတော့ အောက်ဆိုက်ကား... "

"သိပြီ... သဘောပေါက်ပြီ... "

"မေမေ့ဆေးဖိုး... ဆီဖိုး ဆန်ဖိုး အဝတ်အစားဖိုး... "

အသချေ တွက်နေသည်။

"ကဲပါ အမ်ဒီရယ်...အမ်ဒီပဲ ကြိုက်သလောက်ပေးပါတော့... အသချေ မတောင်းတော့ပါဘူး... "

"သုံးသောင်း လောက်မလား... "

"ရှင်... "

အသချေ မျက်လုံးလေးတွေ ပြူးဝိုင်းသွား၏။

"သုံးသောင်း... "

"ဟုတ်တယ်လေ သုံးသောင်း... ခြောက်လတစ်ခါ လစာ ထပ်တိုးပေးမယ်... ဆုပေးဒဏ်ပေးစနစ်ရှိတယ်... တစ်နှစ်တစ်ခါ ဘောနက်ကြေး... အဲ... နှစ်သစ်ကူးအထူးဆုကြေး ထပ်ရမယ်... ဘယ်လိုလဲ... "

"ဟုတ်ကဲ့... အမ်ဒီ့သဘောအတိုင်းပါပဲ... အသချော်ဘက်က ကန့်ကွက်စရာ မရှိပါဘူး... "

"ဒါဆို... ချိုမြ ဆီကို အသချော်သွား... မင်းလုပ်ရမဲ့ အလုပ်တွေနဲ့ မင်းထိုင်ရမဲ့ အခန်းတစ်ခန်း သူစီစဉ်ပေးလိမ့်မယ်... နားလည်တယ်နော်... "

"နားလည်ပါတယ် အမ်ဒီ... "

"သွားနိုင်ပါပြီ... "

လဝန်းကုဋ္ဌေ ရင်ထဲမှာ လှုပ်ခတ်သွားမိသည်။

ရင်ခုန်ဖို့ကောင်းတဲ့ ကောင်မလေး။

အသချော်တဲ့... ။

မြူးဇစ်မိုးဆိုတဲ့ ကောင်မလေးက မိဘလုပ်စာစားပြီး ရွှေလင်ဗန်းနဲ့ အချင်းဆေးလာခဲ့သူ။ အသချော်ဆိုတဲ့ မိန်းကလေးကတော့ ချို့ချို့ငဲ့ငဲ့ ဝယ်စားတာတောင် ကောက်ညှင်းပေါင်းတဲ့... ။



ဘဝချင်းက ကွာလိုက်တာ... ။

ရှိတာလေးကို သပ်သပ်ရပ်ရပ်လေးဖြစ်အောင် ဝတ်လာခဲ့ရတဲ့ပုံ... ။

ပညာတတ်ကလေး...

စီးပွားရေးဘွဲ့နဲ့ကျောင်းပြီးလာခဲ့သူ... ။

သူမရဲ့ကိုယ်ရေးဖိုင်ကို လှန်ကြည့်ရင်း... လဝန်းကုဋ္ဌေ တွေးနေမိသည်။

"ဆရာ... "

ချိုမြ ပြန်ဝင်လာသည်။

"အဆင်ပြေရဲ့လား... "

"ပြေပါတယ်ဆရာ... ဆရာ ရွေးတာ အရမ်းမှန်တယ်..."

"ဟင်... ဘာဖြစ်လို့လဲ... "

"အရမ်းချောလို့... "

"ဟာကွာ... "

ရှက်ရှက်နဲ့ လဝန်းကုဋ္ဌေ ရယ်လိုက်သည်။

"သနားပါတယ် ဆရာရယ်... ဆရာသာ အလုပ်မခန့်ရင် တော်တော်ဒုက္ခရောက်မဲ့ပုံပဲ... "

"ဟုတ်လား... "

"အခုပဲ... ကျွန်တော့်အိတ်ထဲက ငွေတစ်ရာချေးလိုက်ရပြီ... "

"ဟင်... "

"သူ့ကို ဗေဒင်က ဟောလိုက်လို့တဲ့... အလုပ်ရှင်သူဌေးကို ကောက်ညှင်းပေါင်းကျွေးလိုက်တာနဲ့ အလုပ်တန်းခန့်လိမ့်မယ်ဆိုလို့... လမ်းက ကောက်ညှင်းပေါင်းဝယ်လာတာ... ပြန်စရာ လမ်းစရိတ် မရှိတော့ဘူးလေ... "

"ဖြစ်မှ ဖြစ်ရလေကွာ... "

လဝန်းကုငွေ့ သူမကို ကရုဏာ သက်မိရပြန်ပြီ။

"ဒီလိုလုပ်ကွာ ချိုမြ... ခုလောလောဆယ်... သူ့ကို လစာ တစ်လစာ ကြိုတင်ထုတ်ပေးလိုက်... လကုန်တာနဲ့ သူ့လစာထဲကနေ နည်းနည်းချင်းပြန်ဖြတ်... မကောင်းဘူးလား... "

"ကောင်းတယ် ဆရာ... "

အသင်္ချေဆိုသော ကောင်မလေးအတွက် ချိုမြက ပါ ဝမ်းသာသွားသည်။

"မင်း အခုလာတာ... "

"အသင်္ချေကိုင်ဖို့ ဟန်းဖုန်းတစ်ခု... လိုချင် လိုလိမ့်မယ် ဆရာ... "



"အဲဒီတော့... "

"ဦးမြတ်ထွန်းဆီမှာ ဖုန်းထုတ်ဖို့ ဆရာပဲ ပြောလိုက်ပါ..."

"ကောင်းပြီလေ... ကိုယ်ဒီကပဲ ဖုန်းဆက်ပြီး စီစဉ်ပေးလိုက်မယ်... "

"အဲ... နောက်ပြီးတော့ တစ်ခုရှိသေးတယ်ဆရာ... "

"ဘာလဲ... "

"ကောင်မလေး အိမ်သာတက်တာ ရှစ်ခါရှိသွားပြီ... "

"ဟေ... "

"ဒါပါပဲဆရာ... "

ချိုမြ ပြန်ထွက်သွားသည်။

ကြောင်အမ်းအမ်းလေး ကျန်ခဲ့ရသူက လဝန်းကုငွေ့... ။

အသင်္ချေဆိုတဲ့ ကောင်မလေး... ။

လဝန်းကုငွေ့ရဲ့ မျက်လုံးထဲမှာ စွဲနေသည်။

လှကသာ ဆင်းရဲတာ...

အသားအရေကျတော့ နုနုအိအိကလေး... ။

မြောက်ဒဂုံအထိ ပြန်ရတာ အရမ်းဝေးမှာပဲ... ။

"တီ... တီ... "

"တီ... တီ... "

ဟန်းဖုန်းခေါ်သံမြည်လာသဖြင့် လဝန်းကုဋ္ဌေ ကောက်ကိုင်လိုက်သည်။

"ဟဲလို... ကျွန်တော် မောင်သန်းစိုးပါ ဆရာ... မန္တလေး က ဆက်နေတာပါ... "

"ဪ... ပြော... ကိုသန်းစိုး ဘာလိုလဲ... "

"ကျွန်တော်တို့ ကုမ္ပဏီက မှာထားတဲ့ ဆင်ပန်းပုရုပ်တွေ ကွန်တင်နာ ရှစ်လုံးစာ မရဘူးဆရာ... "

"ဟင်... ဟုတ်လား... "

"ဆင်ရုပ်ထုတဲ့ ပန်းပုဆရာတွေက ပြောတယ်... ဒါ လက်နဲ့ထုရတဲ့ အနုပညာတဲ့ဆရာ... ပိုက်ဆံဘယ်လောက် ပေးပေး မထုပေးနိုင်ဘူးတဲ့... "

"ဒုက္ခပါပဲကွာ... အချိန်မီမရရင် ဟိုဘက်ကုမ္ပဏီကို ပြန် လျော်ရမှာကွ... သူတို့က တိကျတယ်... "

"ကျွန်တော် ဘာဆက်လုပ်ရမလဲ ဆရာ... "

"ရသလောက်သယ်ပြီး ပြန်ခဲ့တော့... ကျွန်တော် နောက်မှ စီစဉ်မယ်... "

"ဟုတ်ကဲ့ဆရာ... "



မောင်သန်းစိုး ဖုန်းပြန်ချသွားသည်။

"တီ... တီ... "

"တီ... တီ... "

ဟော... နောက်ထပ် ဖုန်းခေါ်သံတစ်ခု... ။

"သားလား... "

"ဟင်... မေမေ... "

"ဒီည မေမေတို့ အိမ်မှာ ညေ့သည်တွေ ဖိတ်ထားတယ် လေ... သား စောစောပြန်ခဲ့... ကြားလား... "

"ဘယ်က ညေ့သည်လဲ မေမေရဲ့... "

"မြို့ဇစ်မိုးတို့လေ... "

လဝန်းကုဋ္ဌေ စိတ်ညစ်သွားသည်။

"ဟာ... သား ဒီနေ့ နည်းနည်းနောက်ကျမယ် မေမေရ... ဖော်ရိန်နာတစ်ယောက်ကို ဂေါက်ကွင်းလိုက်ပို့စရာရှိ တယ်... မေမေတို့ပဲ ညေ့ခံလိုက်ပါနော်... မေမေနော်..."

"မကောင်းပါဘူး သားရယ်... သူတို့က သားကိစ္စနဲ့လာတဲ့ ညေ့သည်တွေပဲဟာ... သားမရှိလို့ ဘယ်ဖြစ်ပါ့မလဲ... သားရောက်အောင် ပြန်လာ... မေမေ စောင့်နေမယ်... ဒါပဲသား... "

ပြောလည်း ပြော ဖုန်းကိုလည်း ချပစ်လိုက်ပြီ။

"ဒုက္ခပါပဲ... "

လဝန်းကုဋ္ဌေ အခန်းထဲမှာ ထိုင်နေရတာ စိတ်မပါတော့။

အခန်းအပြင်ဘက်ကို ထွက်လိုက်သည်။

"ဟင်... အမ်ဒီ... "

သူ့ကိုမြင်တော့ အတွင်းရေးမှူးမလေး အသချော် ကမန်းကတန်း ထ,ရပ်ပြီး အရိုအသေပေးသည်။

"ထိုင်ပါ... ထိုင်ပါ... "

လဝန်းကုဋ္ဌေ ပြန်ထိုင်ခိုင်းလိုက်ရသည်။

"ဘာလိုလဲ အမ်ဒီ... "

"ဟို... ဗိုက်ဆာလို့... "

ပါးစပ်ထဲ ပြောမိပြောရာ ပြောလိုက်ရသည်။

"ဒုက္ခပဲ... ကောက်ညှင်းပေါင်းကလည်း ကုန်သွားပြီ... "

အသချော် စိတ်ညစ်သွားပုံပင်... ။

"လာ... လိုက်ခဲ့... အပြင်မှာ တစ်ခုခု သွားစားမယ်... "

မထူးတော့... ။

အသချော်ကို ခပ်တည်တည်ခေါ်ပြီး ရှေ့က ထွက်လာခဲ့သည်။



တစ်ရုံးလုံးက အထူးအဆန်းဖြစ်ခါ လဝန်းကုဋ္ဌေတို့ နှစ်ယောက်ကို ဝိုင်းကြည့်နေကြ၏။

ဘယ်သူမှ မပြောရဲ... ။

ကီလီလမ်းဘက်ကို ကားကလေးမောင်းလာခဲ့သည်။

DREAM COFFEE SHOP...

"အသချော်... "

"ပြောပါ... အမ်ဒီ... "

"ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို ခေါ်ပြီး အခုလိုထိုင်ဖူးတာ ဒါပထမဆုံးပဲ... "

"ဟုတ်ကဲ့... အမ်ဒီ့ကို အသချော်လေးစားပါတယ်... "

အပေါ်ထပ်က စားပွဲလေးမှာ...

လဝန်းကုဋ္ဌေနဲ့ အသချော်နှစ်ယောက်တည်း... ။

"ဒီနေ့ မမျှော်လင့်ဘဲ မင်းနဲ့ဆုံတွေ့လိုက်ရတာ... ကိုယ့်ရင်ထဲမှာ ပျော်သွားသလိုပဲ... "

"ကျေးဇူးတင်ပါတယ် အမ်ဒီ... "

"ကိုယ်... မင်းကို သနားတယ်... "

"အသချော်တို့က ချို့တဲ့ပါတယ် အမ်ဒီရယ်... "

"ဪ... အသချော့်ကို ကိုယ်တစ်ခု မေးမယ်နော်...

အသချော်အမှန်အတိုင်း ဖြေပေါ့… ”

“ဘာလဲဟင်… ”

အသချော် ပထမဆုံးအကြိမ် သူ့ကို စူးစိုက်ကြည့်သည်။ လဝန်းကုငွေ ရင်တုန်သွားမိ၏။

“မင်းရဲ့ လွတ်လပ်မှုတွေကို ကန့်ကွက်ချုပ်ချယ်မဲ့လူ တစ်ယောက် မင်းဘဝထဲမှာ ရှိနေနှင့်ပြီလား… အသချော်…”

“ရှင်… ”

အသချော် နားမလည်ပါ… ။

စူးရှသော မျက်လုံးတွေနှင့် လဝန်းကုငွေကို ငေးကြည့်နေသည်။

“မင်းကို ပိုင်စိုးသူတစ်ယောက်ယောက်ပေါ့… ”

“မရှိပါဘူး… ”

ခေါင်းကလေးငုံ့ပြီး အသချော်က ဖြေသည်။

“ကိုယ့်ရဲ့ အတွင်းရေးမှူးအဖြစ်… မင်းကိုရွေးလိုက်တာ ကိုယ့်မှာ အကြောင်းရှိတယ်… ”

“ဟုတ်ကဲ့… ”

“မင်းကို ကိုယ်စိတ်ဝင်စားလို့… ”

“ရှင်… ”



အသချော် လန့်သွားပုံရ၏။

“အမ်ဒီ… ”

“ကိုယ် နားထောင်နေတယ် အသချော်… ”

မှာထားသော အအေးခွက်ကလေးတွေ ရောက်လာသည်။

“အမ်ဒီခေါ်တဲ့နောက်ကို အသချော်လိုက်လာတာဟာ… တာဝန်အရ လိုက်လာတာပါ အမ်ဒီ… အမ်ဒီပေးအပ်တဲ့ တာဝန်မှန်သမျှကို ဦးဆွေး ဆံမြှေထမ်းရွက်ဖို့ အသချော် ဆုံးဖြတ်ထားတယ်… အထူးသဖြင့်… အမ်ဒီ ကိုယ်ရေးကိုယ်တာတွေနဲ့ ပတ်သက်တာတွေရယ်… အမ်ဒီ့ခေါင်းပေါ်မှာကျရောက်နေတဲ့ တာဝန်မှန်သမျှရယ်ကို စိတ်ဝင်တစား ဖြေရှင်းပေးရမှာ… အသချော်တာဝန်ပါ… အမ်ဒီ့ကိုပဲ အသချော်စိတ်ဝင်စားပါရစေ… အသချော်ကို အမ်ဒီ စိတ်မဝင်စားပါနဲ့… ”

“ဟင်… ”

လဝန်းကုငွေ မျက်နှာပေါ်မှာ ခွေးခနဲ တစ်ချက် ပွသွားသည်။

“တကယ်လို့… အသချော်ကိုပဲ အမ်ဒီဆက်ပြီး စိတ်ဝင်စား

နေဦးမယ်ဆိုရင်... မနက်ဖြန်ကစပြီး အသချေ အလုပ်ဆင်းမှာ မဟုတ်တော့ဘူး... အမ်ဒီငွေသုံးသောင်းကို အခုတစ်ခါတည်း အသချေ ပြန်ပေးခဲ့ပါ့မယ်... ”

“ကိုယ်မှားသွားတယ် အသချေ... ကိုယ် မင်းကို အနူးအညွတ်တောင်းပန်တယ်... ပြီးတော့ မင်းပြောသွားတဲ့စကားလေးတွေကိုလည်း ကိုယ်သိပ်ကြိုက်တယ်... ကိုယ့်ရဲ့စိတ်ဝင်စားမှုဟာ အသချေရဲ့ဂုဏ်သိက္ခာကို ထိပါးလိုတဲ့ စိတ်ဝင်စားမှုမျိုး မဟုတ်တာကိုတော့ ကိုယ်ပြောပါရစေ... ”

“ကျေးဇူးတင်ပါတယ် အမ်ဒီ... ”

“အသချေက ပြောတယ်နော်... ကိုယ့်ကိုပဲ အသချေ စိတ်ဝင်စားတယ်ဆိုတာလေ... ”

အသချေက ဟုတ်မှန်ကြောင်း ခေါင်းကလေးကို အသာအယာ ဆတ်ပြသည်။

“ကိုယ့်မှာ စေ့စပ်ထားပြီးသား မိန်းကလေးတစ်ယောက်ရှိနေပါတယ် အသချေ... ”

“သြော်... အမ်ဒီက စေ့စပ်ထားတဲ့သူ ရှိနေတာကိုး... ”

အံ့သြဟန်ကလေးနှင့် အသချေ ပြုံးသွားသည်။



“နှစ်ဖက်စလုံးက ငွေကြေးပိုင်ဆိုင်မှု အင်အားတွေ တောင့်တင်းကြတယ်... သုံးမကုန် ဖြုန်းမကုန်အောင် ချမ်းသာကြတယ်... ”

အသချေ စိတ်ဝင်စားစွာ နားထောင်နေသည်။

“ခက်နေတာက လူကြီးချင်းသဘောတူလို့ စေ့စပ်ထားကြတဲ့ ပြဿနာပဲ... မြူးဇစ်မိုးဆိုတဲ့ ကောင်မလေးကလည်း ကိုယ့်ကို မချစ်ဘူး... ကိုယ်ကလည်း မြူးဇစ်မိုးကို ချစ်လို့မရဘူး... ”

“အမ်ဒီ စိတ်ညစ်နေတယ် ဆိုပါတော့... ”

“သေချာတယ် အသချေ... ကိုယ်စိတ်ညစ်နေတယ်... ဒီလထဲမှာတောင် ကလောအောင်ပန်း ရှမ်းပြည်နယ်ဘက်ကို ကိုယ်ခရီးထွက်ရင် ကောင်းမလားလို့... ”

“မိန်းကလေးအဖော်ပါရင်... အတွင်းရေးမှူးတစ်ယောက်တာဝန်နဲ့ အသချေလိုက်ပေးနိုင်ပါလိမ့်မယ်... လိုအပ်မယ်ဆိုရင်ပေါ့... ”

အသချေစိတ်ဓာတ်ကို လဝန်းကုဋေ သဘောကျသွားသည်။

“လိုအပ်တယ် အသချေ... ကိုယ့်ဘဝထဲမှာ ကိုယ့်ကိုနား

လည်ပေးမဲ့... ကိုယ့်ခံစားချက်တွေကို ဝေမျှခံစားပေးမဲ့... လူတစ်ယောက်လိုအပ်နေတာကြာခဲ့ပြီ... အသဈေကို မမျှော်လင့်ဘဲရလိုက်တာ ... ကိုယ် သိပ်ကံကောင်းတယ်"

"အမ်ဒီနဲ့တွေ့ခွင့်ရခဲ့တဲ့အတွက် အသဈေလည်း ကံကောင်းပါတယ်... "

နှစ်ယောက်ပြိုင်တူ တိုးတိုးလေး ရယ်လိုက်မိကြသည်။

"မိန်းကလေးဘက်ကနေ... လက်ထပ်ပွဲကို အမြန်ဆုံး အစောဆုံးကျင်းပနိုင်ဖို့ စီစဉ်နေတာတွေအားလုံးကို ကိုယ် ဆန့်ကျင်နေတယ်...ကိုယ် ဘာလုပ်သင့်သလဲ အသဈေ..."

"ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို အမြန်ဆုံးရှာပြီး လက်ထပ်လိုက်ပေါ့... "

နိုင်မာ ပြတ်သားသည့် ဆုံးဖြတ်ချက်... ။

သို့သော်...

သည်ဆုံးဖြတ်ချက်နောက်ကို လဝန်းကုဋေ မလိုက်နိုင်။

"ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို အမြန်ဆုံးရှာရမယ် ဟုတ်လား အသဈေ... အချစ်ဆိုတာ အမြန်ရှာလို့ရသတဲ့လား... "



လဝန်းကုဋေ တွေဝေနေမိသည်။

"အမ်ဒီ... "

ခေါင်းကို ဆတ်ခနဲ မော့ပြီး အသဈေကို ငေးကြည့်နေမိသည်။

"အချစ်ဆိုတာ လျှပ်တစ်ပြက်အတွင်းမှာ အပြင်းထန်ဆုံး ပေါက်ကွဲတတ်တဲ့ သဘောရှိနေတဲ့ အရာတစ်မျိုးပါ... နှစ်ပေါင်းများစွာ ရှာဖွေလို့ မတွေ့နိုင်တဲ့အချစ်ကို စက္ကန့်ပိုင်းလေးနဲ့ တွေ့ရှိသွားတဲ့ သာဓကတွေလည်း အများကြီးရှိနေပါတယ်... အမ်ဒီ အားမငယ်ပါနဲ့... "

အသဈေက အားပေးနေသည်။

"ကျေးဇူးတင်ပါတယ် အသဈေ... ကိုယ့်ရင်ထဲက စကားတွေကို ခုလို လိုက်နားထောင်ပေးတဲ့အတွက်... ကိုယ့်ရဲ့ အတွင်းရေးမှူးမလေးကို လေးစားစွာ ဂုဏ်ပြုပါတယ်..."

အပြန်လမ်းတစ်လျှောက် ငြိမ်သက်စွာ လိုက်ပါလာသူက အသဈေ... ။

လဝန်းကုဋေရဲ့ အတွင်းရေးမှူးမလေး... ။

မိုးပေါ်က ကျလာသလား မြေအောက်ကမှ ပေါက်လာသလား ဆိုတာကို ဘယ်သူမှ မသိခဲ့ကြ။

မိုးပေါ်က ကျလာသလား ဒေါက်မေ့ရသည်။

ဖေဖေလည်း မသိ။ မေမေလည်း မသိ။

အိနေသည်။

စိုနေသည်။

လှပနေသည်။

ကြွရွနေသည်။

အသချော်... ။

အတွင်းရေးမှူးမလေး... ။

ကုမ္ပဏီထဲက လူတွေအားလုံး ငေးကြည့်နေကြရပြီ။



## အခန်း(၅)

"ဟော... သား လဝန်းလေး ပြန်လာပြီ... "

ဒေါ်ချမ်းမြေ့စံပယ် အပြုံးဖြင့် သားတော်မောင်ကို ဆီးကြိုနေသည်။

"သားရေ... နောက်ကျလိုက်တာ... ဒီမှာ ညှေ့သည်တွေက သားကို စောင့်နေကြတာ... "

"ဟင်... "

မြူးဇစ်မိုး... ။

ညှေ့ခန်းထဲ အပြတ်မှာတင် မြူးဇစ်မိုးကို တွေ့လိုက်ရသည်။ ကြီးစော ပါသည်။

"နေကောင်းတယ်နော်… "

ကြီးစော နှုတ်ဆက်နေသည်။

"ဟုတ်ကဲ့… "

"ကုမ္ပဏီမှာ အလုပ်တွေများလို့နဲ့တူတယ်… ဒီအချိန်မှ ပြန်လာတာ… နောက်ကျလိုက်တာ… "

"ဂေါက်ကွင်းရောက်နေလို့ပါ ကြီးစော… "

"ဟုတ်သား… ထိုင်ဦးလေ… "

ဆက်သွားတော့မဲ့ ဟန်ပြင်နေသော လဝန်းကုဋေကို ခုံအလွတ်မှာ ဝင်ထိုင်ဖို့ ဒေါ်ချမ်းမြေ့စံပယ် သတိပေးနေသည်။

"သား ရေချိုးချင်လို့ပါ မေမေ… ခဏလေး… "

"ကြည့်… တွေ့လား… ညှိသည်တွေကို အားနာဖို့ကောင်းနေပြီ… "

ဒေါ်ချမ်းမြေ့စံပယ် ဘာမှမပြောသာ။

လဝန်းကုဋေက ဝင်သွားပြီ။

နာရီဝက်လောက်နေမှ ပြန်ထွက်လာသည်။

"သား… လဝန်းလေး… "

"ဗျာ… "

"မေမေ လိုရင်းကို တိုတိုပဲပြောမယ်… သားနဲ့ဟောဒီက



သမီးကို အမြန်ဆုံးလက်ထပ်ပေးဖို့ မေမေတို့နှစ်ဦးနှစ်ဖက် သဘောတူညှိနှိုင်းပြီးသွားပြီ… နောက်နေ့ကစပြီး ခန်းဝင် ပစ္စည်းတွေ ဝယ်မယ်… "

မေမေရဲ့ တစ်ချက်လွှတ်အမိန့်… ။

"ဖေဖေကရော… "

လဝန်းကုဋေ ဖေဖေ့ကို အားကိုးမိသည်။

"မင်းဖေဖေကလည်း သဘောတူတယ်… အားလုံး မေမေ့ သဘောပဲတဲ့… "

"ကြီးစော… "

"ဘာလဲကွဲ့… "

ကြီးစောမျက်နှာက ဂုဏ်ယူဝင့်ကြွားနေသည်။

"စေ့စပ်ထားတာကို ပြန်ဖျက်လို့မရဘူးလားဗျာ… "

"ဟင်… "

ကြီးစော မျက်နှာချက်ချင်း ပျက်သွားသည်။

မြူးဇစ်မိုး ဆတ်ခနဲ ထရပ်လိုက်၏။

"ပြန်မယ် ကြီးစော… မိုးတို့ကို ဒီလောက်အထင်အမြင် သေးပြီး စော်ကားနေတာ… မိုး သည်းမခံနိုင်တော့ဘူး… "

"မိုးငယ်လေး… နေဦးလေ… "

မြူးဇစ်မိုး တစ်ယောက်တည်း ထွက်သွားသည်။

"သား... "

"ဗျာ... "

"သား ပြောတာဆိုတာတွေ မေမေ မကြိုက်ဘူး... မိုးငယ်လေးကို အပြင်ထွက်ပြီး... သားကိုယ်တိုင် လိုက်ချော့လိုက် အေးအေးဆေးဆေးဖြစ်တာပဲ မေမေ မြင်ချင်တယ်... "

"မေမေကလည်းဗျာ... "

လဝန်းကုမ္ဘေ စိတ်ညစ်သွားသည်။

ကြီးစောကတော့ ခပ်ပြုံးပြုံးလေး စိုက်ကြည့်နေ၏။

"သွားလေ... ဟိုမှာ မိုးငယ်လေး စိတ်ကောက်သွားပြီ..."

မယ,လှဲ့ မရတော့... ။

ကားထဲမှာ မြူးဇစ်မိုး တစ်ယောက်တည်း... ။

"ဟင်... ရှင် ဘာလိုက်လုပ်တာလဲ... "

ကားတံခါးကို ဆွဲဖွင့်ပြီး ဒရိုင်ဘာခန်းမှာ ဝင်ထိုင်လိုက်သည်။

"ဒေါက်... "

ကားသော့ကို ဆွဲလှည့်လိုက်ပြီ... ။

"ဟင်... "



ကားကလေးက ငြိမ့်ခနဲ လွှပ်ခါသွားသည်။

"ဘယ်... ဘယ်သွားမလို့လဲ... "

"တစ်နေရာ ပြေးသွားမယ်... "

"ကြီးစော... ကျန်ခဲ့ပြီရှင့်... "

"ပြန်လာမှာပေါ့... "

ကားကလေးက လေအဟုန်ကို ခွင်းပြီး အရှိန်နဲ့ ပြေးနေသည်။ ကီလိုဒိုင်ခွက်ကို ကြည့်လိုက်တော့ တစ်ရာကျော် နေပြီ... ။

"ဒီမှာ မြူးဇစ်မိုး... "

"ဘာလဲ... "

"မင်းကို ပြောစရာရှိလို့... ဒီဘက် ထွက်လာတာ... ကိုယ် အခုပြောမဲ့စကားကိုကြားရင် မင်းသိပ်အံ့သြသွားမယ်..."

"ဘာမှလာမပြောနဲ့... မကြားချင်ဘူး... "

ကားထဲက စီဒီစက်ကို မြူးဇစ်မိုး ဖွင့်လိုက်သည်။

"ချောက်... "

အင်္ဂလိပ်သီချင်းတစ်ပုဒ်... ။ အသံအကျယ်ကြီး ဟိန်းထွက်လာ၏။

"ဟေ့... ငါစကားပြောမလို့ကွ... "

လဝန်းကုဋေ တအားအော်နေပေမဲ့ စီဒီအသံက ပိုကျယ်နေသည်။

မြူးဇစ်မိုး ဂရုမစိုက်။

သီချင်းတီးလုံးသံကိုလိုက်ပြီး ခါးတွေလက်တွေ လှုပ်ပြီး က,နေသည်။

"ကဲကွာ... "

ကားကို လမ်းဘေးထိုးရပ်လိုက်ပြီး ကားသော့ကိုပါ ပိတ်လိုက်သည်။ စီဒီသံလည်း တိခနဲ တိတ်သွားသည်။

"ရှင်... ရှင်... "

"ဒီမှာ... မြူးဇစ်မိုး... "

"ရှင် ရိုင်းလှချည်လား... သီချင်းနားထောင်နေတယ်... ရှင်နဲ့စကားပြောစရာအကြောင်း ဘာမှမရှိဘူး... ကားသော့ကို အခုပြန်ဖွင့်လိုက်ပါ... "

"မဖွင့်ဘူး... ကိုယ်စကားပြောမပြီးမချင်း ဖွင့်ကို မဖွင့်ဘူး... "

"စိတ်ညစ်လိုက်တာ... "

မြူးဇစ်မိုး ကားထိုင်ခုံကျောမှီကို နောက်လှန်ချလိုက်သည်။



"ရှင့်ဟာရှင် ပြောချင်ပြော... မပြောချင်နေ... ကျွန်မကတော့ အိပ်ပြီ... "

ကားထိုင်ခုံသည် လူတစ်ယောက် သက်သောင့်သက်သာ အိပ်လို့ရသော အိပ်ရာလေးလို ဖြစ်သွား၏။

"ဒီမှာ... "

မြူးဇစ်မိုး မျက်လုံးပိတ်ပြီး ငြိမ်နေသည်။

"ကိုယ်ပြောမဲ့စကားကို မင်းကြားရရင် အရမ်းဝမ်းသာသွားမှာပါ... "

လဝန်းကုဋေ ပြောဖို့ အရှိန်ယူနေလိုက်သည်။

"ကိုယ်ဒီနေ့ အရမ်းပျော်တယ် မြူးဇစ်မိုး... "

မြူးဇစ်မိုး မသိချင်ဟန်ဆောင်နေသည်။

"ကိုယ့်ဘဝတစ်သက်တာမှာ ဒီနေ့ဟာ အပျော်ဆုံးနေ့ပဲလို့တောင် ပြောလို့ရတယ်... ကိုယ့်ရဲ့မျှော်လင့်ချက်တွေ ကိုယ့်ရဲ့ အိပ်မက်တွေထဲမှာ ကိုယ့်အတွက် အမြဲလိုအပ်နေတဲ့...ကိုယ်အမြဲတောင့်တနေတဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ်ရှာတွေ့ခဲ့ပြီ သိလား... "

"ဘာရယ်... ဘာပြောတယ်... "

မြူးဇစ်မိုး ဝုန်းခနဲ ထ,လာသည်။

"ပြန်ပြောစမ်းပါဦး... ရှင်ပြောလိုက်တာ ကျွန်မ နားထဲမှာ ရှုပ်သွားလို့... "

"ကိုယ့်ရဲ့အိပ်မက်တွေထဲက မိန်းကလေးတစ်ယောက်ကို ကိုယ်ဒီနေ့ ရှာတွေ့ခဲ့ပြီလေ... ဒီနေ့ဟာ ကိုယ့်ရဲ့အပျော်ဆုံးနေ့... "

"သြော်... "

"မင်းနဲ့ကိုယ်... လက်ထပ်ဖို့ဆိုတာ အဝေးဆုံးကိုရောက်သွားပြီ... မဖြစ်နိုင်တော့ဘူး... အဲဒါ မင်းသိထားရအောင် ကိုယ်ကြို့ပြောလိုက်တာပဲ... "

"ဝမ်းသာပါတယ်... ရှင့်ဆီက အဲဒီလိုစကားမျိုးကို ကြားလိုက်ရတဲ့အတွက် ကျေးဇူးတင်တယ်...ရှင်မပူပါနဲ့ ဦးလဝန်းကုဋ္ဌေ... ကျွန်မကလည်း ကျွန်မချစ်သူ ခေါ်တဲ့နောက်ကို လိုက်ဖို့ ဆုံးဖြတ်ပြီးသား... "

"ကောင်းတာပေါ့... "

လဝန်းကုဋ္ဌေ ဝမ်းသာသွားသည်။

"ဒီမှာ... "

"ပြော... "

"ကျွန်မတို့နှစ်ယောက်ကို လူကြီးတွေက ဘယ်လောက်ပဲ သဘောတူတူ... ဘယ်လိုအခြေအနေမျိုးနဲ့ ကြိုကြို... လက်မထပ်ဘူးဆိုတဲ့ကတိ ရှင်ကျွန်မကို ပေးပါ... "



"သိပ်ပေးတာပေါ့... "

"အခုပဲ... ရှင်တို့ဘက်က ခန်းဝင်ပစ္စည်းတွေ ဝယ်နေပြီ..."

"လွယ်ပါတယ်... စုပုံပြီး မီးရှို့လိုက်မယ်... "

"ဒါဆို... ရှင် ကတိတည်ပြီပေါ့... "

"တည်ပြီ... "

"ကျေးဇူးတင်ပါတယ် ဦးလဝန်းကုဋ္ဌေ... ဒါပေမဲ့ တစ်ခုတော့ရှိတယ်... ကျွန်မတို့ ခုလိုစေ့စပ်ပွဲကို ဖျက်သိမ်းဖို့ နှစ်ယောက်တည်း သဘောတူထားတာကို... ကျွန်မတို့နှစ်ယောက်ကလွဲရင် တခြားဘယ်သူမှ သိဖို့ မလိုအပ်ဘူး... "

"ကောင်းတယ်... သိပ်ကောင်းပါတယ်... "

"ဒီကြားထဲမှာ လူကြီးတွေ စီစဉ်နေတာကို... ကျွန်မဘက်က ရအောင်ဖျက်ကြည့်မယ်... ဖျက်ဖို့အမြဲကြိုးစားနေမယ်... ဘယ်အချိန်ထိလဲဆိုရင် လက်ထပ်ခါနီး... နောက်ဆုံးမိနစ်အထိ... "

"ကိုယ်လည်း မင်းလိုပဲ ဖြစ်မှာပါ... "

"ဒီကြားထဲမှာတော့... အားလုံး အလိုက်အထိုက်ပဲပေါ့..."

"သိပြီ... ကိုယ်နားလည်ပြီ... "

နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြသည်။

"ကဲ... မင်းကြိုက်တဲ့သီချင်းဖွင့်... ကိုယ်နားထောင်မယ်..."

ကားစက်ကို ပြန်နှိုးလိုက်သည်။

စောစောကလို နားမခံသာအောင် အကျယ်ကြီး မဖွင့်တော့... ။

ငြိမ်ငြိမ်လေး...

အေးအေးလေး...

အဆိုတော် အက်စ်ကဲနက်ရဲ့ သီချင်းတစ်ပုဒ်... ။

သူတို့နှစ်ယောက် အေးအေးချမ်းချမ်း ပြန့်ဝင်လာတာကို မြင်တော့ ကြီးစော မျက်လုံးပြူးနေသည်။

မယုံနိုင်အောင် ဖြစ်နေ၏။

"ဒါ ဘယ်ကပြန်လာတာလဲ... "

"ကြီးစောကလည်း မေးနေရသေးတယ်... ဒီလိုပေါ့... "

"ဟင်း... မပြောလိုက်ချင်ဘူး... "

မျက်စောင်းကြီးက ဝေ့ခနဲ ကျလာသည်။

လဝန်းကုဋ္ဌေ ပြုံးလိုက်၏။



မြူးဇစ်မိုးက လျှာတစ်လစ်ထုတ်ပြပြီး မျက်လုံးတစ်ဖက်ကိုပါ မှိတ်ပြလိုက်သည်။

အသချိုရယ်...

ကိုယ် မင်းကို သတိရနေပါတယ်... ။

စကားပြောတာ နေတာ ထိုင်တာကအစ မင်းနဲ့ ကွာခြားလွန်းတဲ့ မြူးဇစ်မိုးကို ကိုယ်ဘယ်လိုမှ ရင်မခုန်နိုင်တာ တစ်နေ့ကျရင် ကိုယ် မင်းကို ပြောပြနိုင်မှာပါ... ။

မြူးဇစ်မိုးတို့ပြန်တော့...

ဦးလေးချစ်ရဲ့ပျဉ်ထောင်အိမ်ကလေးဆီသို့ လဝန်း ကုဋ္ဌေ ရောက်သွားသည်။

ဦးလေးချစ် ရေဒီယိုတစ်လုံးနဲ့ မိမ်ကျနေ၏။

"ဦးလေးချစ်... "

"ဟာ... လဝန်းလေး... "

အသံကြားတော့မှ မော့ကြည့်ပြီး ဦးလေးချစ် အံ့ ...သွားသည်။

"လာထိုင်လေကွာ... "

ဖျာကြမ်းလေးတစ်ချပ် ခင်းထားသည်။

ခင်းထားသော ဖျာကြမ်းလေးကို ဦးလေးချစ်က ...းသတ်ပြပြီး ထိုင်ခိုင်းလိုက်၏။

"ဦးလေးချစ်ကို ပြောစရာရှိလို့... "

"ထူးထူးဆန်းဆန်းကွာ... "

"ကျွန်တော် ဒီနေ့ရုံးမှာ... ကောင်မလေးတစ်ယောက်ကို ကျွန်တော့်ရဲ့အတွင်းရေးမှူးအဖြစ် ခန့်လိုက်တယ် ဦးလေး ချစ်ရေ... "

"အဲဒါ ဘာဖြစ်လဲ... အရင်ကလည်း ကုမ္ပဏီမှာ အလုပ်သမားတွေ ခန့်နေကျပဲဥစ္စာ... ဘာထူးနေလို့လဲ... "

"ထူးတာပေါ့ ဦးလေးချစ်ရာ... "

"ကဲ... ပြောစမ်းကွာ... "

ဦးလေးချစ်က နားထောင်လက်စ,ရေဒီယိုကို ပိတ်လိုက်သည်။

"အဲဒီကောင်မလေးကို ကျွန်တော်စိတ်ဝင်စားသွားတယ် ဦးလေးချစ်ရာ... မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားတာ... ဒါ ပထမဆုံးအကြိမ်ပဲ... "

ဦးလေးချစ်က ပင့်သက်ကြီးကို ဟူးခနဲ ချလိုက်၏ ပြီးတော့မှ တွေးတွေးဆဆပြောလာသည်။

"ကိုယ့်မှာလည်း... စေ့စပ်ထားပြီးသားရှိနေပြီပဲ လဝန်းလေးရယ်... ကိုယ်စိတ်ကိုယ်ထိန်းတော့မှပေါ့... မဖြစ်သင့်



တာတွေဖြစ်ကုန်ရင် လူကြီးတွေ မျက်နှာပျက်ရလိမ့်မယ်..."

"ကျွန်တော်နဲ့ မြူးဇစ်မိုး နှစ်ယောက်သဘောတူထားတာ ရှိတယ် ဦးလေးချစ်... "

"ဘာသဘောတူထားတာလဲ... "

"စေ့စပ်ပွဲဖျက်ဖို့... "

"ဘာ... "

ဦးလေးချစ် ထိတ်လန့်တုန်လှုပ်သွားပြီ။

လဝန်းကုဋေကို မယုံသလို စိုက်ကြည့်နေသည်။

"သူက ပြောတယ်... နောက်ဆုံးတစ်နေ့မှာ သူချစ်သူခေါ်တဲ့နောက်ကို သူလိုက်ပြေးမှာတဲ့... ကျွန်တော့်ကို လက်မထပ်ချင်ဘူးတဲ့... "

"ပြဿနာတွေ တက်ကုန်တော့မှာပဲ... "

"ရပါတယ် ဦးလေးချစ်ရာ... ကိုယ်မချစ်နှစ်သက်တဲ့ လူတစ်ယောက်ကို သူဘယ်လက်ထပ်ချင်ပါ့မလဲ...ကျွန်တော် လည်း သူ့လိုပဲ... "

"မိုးအာကာအကြောင်းကို ငါသိတယ်နော်... လဝန်းလေး ဘာလုပ်လုပ် စနစ်တကျ အကွက်ချပြီးမှ လုပ်တတ်တာ မင်း သူ့ကို လွှန်ဆန်လို့ရမှာ မဟုတ်ဘူး... "

ဦးလေးချစ် သတိပေးနေသည်။

ဖေဖေ ဦးမိုးအာကာ...

သွေးအေးသည်။ ဦးနှောက်ပြေးသည်။ ကွ
ကျော်မြင်သည်။ ဘာလုပ်လုပ် ဟာကွက်မရှိစေရ။

'စစ်ဘုရင်သမား... ။

အချိန်အားလျှင် သူများတွေလို ဂေါက်ကွင်းမသွား
စစ်ဘုရင်ကစားသည်။ ပြိုင်ဘက်တွေကို အနိုင်ရမှ ကျေနပ်တ
သူ... ။

"နေပါဦး လဝန်းလေး... အခုအတွင်းရေးမှူးမလေး ခ
ထားတယ်ဆိုတော့ နာမည်က ဘယ်သူလဲ... "

"အသချော်... "

"ဘာရယ်... "

ဦးလေးချစ် နားထဲမှာ နာမည်ကို ရောထွေးသွာ
ပုံရသည်။

"အသချော်...အသချော်...ကောင်မလေးနာမည်က အသချေ
တဲ့... "

"အသချော်... "

ခေတ်မီလှပလွန်းတဲ့ နာမည်လေး... ။



လူကလည်း တော်တော်လေးလှမဲ့ပုံ။ ပညာတတ်
လေးပဲ ဖြစ်မှာပေါ့...။ အင်းလေ... လဝန်းလေးရဲ့ အပြစ်ပြော
လို့လည်း မဖြစ်သေးပါဘူး။ ကလေးက ချစ်သူရည်းစားရှိခဲ့ဖူးသူမှ
ဟုတ်တာဘဲ။

တင်းကျပ်တဲ့ မိုးအာကာရဲ့ စည်းစနစ်တွေအောက်
က ကြီးပြင်းလာခဲ့ရတဲ့ကလေး။ ဒီအရွယ်ရောက်မှတော့ ရင်ခုန်
တတ်တော့မှာပေါ့။

"ကဲ... ဦးလေးချစ် ဘာကူညီပေးရမလဲ... "

လဝန်းလေးဆန္ဒကို အကူအညီပေးဖို့ ဦးလေးချစ်
ဆုံးဖြတ်လိုက်သည်။

"စေ့စပ်ပွဲပျက်အောင် ဦးလေးချစ် ဖျက်ပေးပါ... ဦးလေး
ချစ်စကားကို ဖေဖေက လက်ခံမှာပါ... နော်... ဦးလေး
ချစ်... နော်... "

"အေးပါကွာ... ဦးလေးချစ် ကြိုးစားကြည့်ပါဦးမယ်... "

"အဲဒါကြောင့်မို့ ဦးလေးချစ်ကို အားကိုးတာဗျ... ကျွန်
တော် အရမ်းပျော်တာပဲဗျာ... "

လဝန်းကုဋေ ပျော်ရွှင်သွားသည်။

"ငါကြိုးစားကြည့်မယ်လို့ ပြောတာနော် လဝန်းလေး... မင်း

အဖေမိုးအာကာအကြောင်းကို မင်းအသိဆုံး... စိတ်မ
လို့ ငါ့ကိုပါ မောင်းချလိုက်ရင် တို့နှစ်ယောက်စလုံး
ပျောက်နေပါဦးမယ်ကွာ... ကြည့်လုပ် လဝန်းလေး
ကြည့်လုပ်... ကြည့်လုပ်... "

"ဟား... ဟား... ဟား... "

သစ်သားအိမ်ကလေးထဲမှာ ရယ်သံလေးတွေ
သွားသည်။

နောက်တစ်နေ့ရုံးတက်တော့...

အတွင်းရေးမှူးမလေး အသချော် သူ့ထက်
အောင် ရုံးကို ရောက်နေသည်။



# အခန်း(၆)

အသချော်... ။

သနပ်ခါးဗိုင်းဗိုင်းလေးကို ပါးပြင်အိအိလေးပေါ်မှာ ညက်ညက်ကလေး လိမ်းထားသည်။

မြန်မာဆန်ဆန် အဖြူရောင်ဇာလက်ရှည်လေးကို ချိတ်ထဘီပန်းရောင်စင်းလေးနဲ့ တွဲဝတ်ထားသည်။

ခွာမြင့် ဒေါက်ဖိနပ်စီးလိုက်တော့...

လုံးလုံးကျစ်ကျစ်... တောင့်တောင့်ဖြောင့်ဖြောင့် လေးနှင့် ကြည့်လို့အရမ်းလှသွား၏။

"မင်္ဂလာ... အမ်ဒီ... "

လဝန်းကုဋေကိုမြင်တော့ မတ်တတ်ရပ်ပြီး ထ,နှုတ် ဆက်သည်။

"မင်္ဂလာပါ... "

လဝန်းကုဋေ ပြန်နှုတ်ဆက်ပြီး အခန်းထဲတန်းဝင် ခဲ့သည်။

"ဆရာ... "

"ဩော်... ချိုမြ... "

တပည့်ကျော်ချိုမြ သူ့နောက်က ကပ်ပါလာသည်။

"ဆရာ့ကို တင်ပြစရာရှိလို့ပါ... "

"ပြောကွာ... "

"အသချေက ပြောတယ် ဆရာ... "

"အသချေ... "

နာမည်လေးကြားလိုက်ရုံနဲ့တင် လဝန်းကုဋေ ရင်ထဲမှာ လှိုက်ခနဲ တစ်ချက် ခုန်သွားသည်။

"ပြော... သူဘာလိုလဲ... "

"လိုတာ မဟုတ်ဘူး ဆရာ... ညဘက်အလုပ်ဆင်းလို့ အိမ်ပြန်ရင် ရုံးက ဖယ်ရီကားနဲ့သူ့ကို လိုက်မပို့ပါနဲ့တဲ့... "

"ဟင်... ဘာဖြစ်လို့လဲ... "



"သူ... မစီးချင်ဘူးတဲ့ဆရာ... "

လဝန်းကုဋေ စိတ်မကောင်းဖြစ်သွားသည်။

"သူနဲ့တခြား ဘဝတူဝန်ထမ်းတွေက လိုင်းကားတိုးစီးနေကြတဲ့အချိန်မှာ... ရုံးက ကားအသစ်ကြီးနဲ့ သူတစ်ယောက်တည်းကို လိုက်ပို့တာ သူလိပ်ပြာမလုံဘူးတဲ့... "

"အေး... အဲဒါလည်း ဟုတ်တာပဲ... "

"ကျွန်တော် တင်ပြချင်တာ ဒါပါပဲ ဆရာ... "

ချိုမြ မျက်နှာက မချိုမချဉ်။

"ကဲ... ဒါဆို နောက်မှ ကိုယ်အသချေနဲ့ ဆွေးနွေးလိုက်မယ်... "

"ဟုတ်ကဲ့... "

"ဒါပဲ မဟုတ်လား... "

"ဟုတ်ကဲ့... "

ချိုမြ ပြန်ထွက်သွားသည်။

"အမ်ဒီ... "

"ဩော်... အသချေ... "

အသချေ ပြန်ဝင်လာသည်။

လက်ထဲမှာလည်း ဖိုင်တွဲတွေ တစ်ထပ်ကြီးကိုင် လာ၏။

"စားရင်းခေါင်းစဉ်တွေ တစ်ခုချင်းခွဲပြီး တစ်လချင်း... တစ်နှစ်ချင်းကို သီးသန့်စီထားလိုက်တယ် အမ်ဒီ... ပြီးတော့ ပရိုစီဂျာတွေ ပရိုဂရမ်တွေကိုလည်း ကွန်ပျူတာထဲမှာ ထည့်သိမ်းခိုင်းထားလိုက်တယ်... "

"ကောင်းတာပေါ့... "

"ဒီဖိုင်တွေကို အမ်ဒီကိုယ်တိုင်စစ်ပြီး လက်မှတ်ထိုးဖို့... အသင်္ချေ အဆင်သင့်လုပ်ထားတာပါ အမ်ဒီ... ကြည့်ပါ..."

စားပွဲပေါ်ကို ဖိုင်တွေ လှမ်းတင်လိုက်သည်။

"ကြည့်ထားလိုက်မယ်လေ... "

"အမ်ဒီ... "

"ဟင်... "

အသင်္ချေက ပြုံးပြုံးလေးကြည့်ပြီး လဝန်းကုဋေ့ရှေ့မှာ ဆက်ရပ်နေသည်။

"ဒီနေ့မနက်စာအတွက်... အမ်ဒီအတွက်ပါ အသင်္ချေအိမ်က စီစဉ်လာတယ်... "

"ဟုတ်လား... "

လဝန်းကုဋေ အံ့သြသွားသည်။

"အသင်္ချေကိုယ်တိုင် အမ်ဒီအကြောင်းတွေကို အသေးစိတ်လေ့လာထားတာ... "



"လေ့လာထားတယ်... "

သူ့မျက်ခုံးလေးတွေ တွန့်ကွေးသွားခဲ့၏။

"အမ်ဒီ အကြိုက်ဆုံးက ဘာလဲ... "

"အမ်ဒီ မကြိုက်ဆုံးက ဘာလဲ... "

"အမ်ဒီရဲ့တစ်နေ့တာ လုပ်ငန်း... "

"အမ်ဒီ အကြိုက်ဆုံးအစားအစာ... "

"ပြီးတော့... အမ်ဒီ့မှာ ရည်းစားရှိမရှိ... "

"တယ်ဟုတ်ပါလား... "

"အသင်္ချေက အမ်ဒီ့ရဲ့အတွင်းရေးမှူးလေ... သိထားသင့်တယ်ထင်လို့ စပ်စုထားတာ... "

ပြောပြီး အသင်္ချေရယ်လိုက်သည်။

"အဲဒီလို စပ်စုထားတာကို အမ်ဒီခွင့်ပြုတယ်မို့လားဟင်..."

"အသင်္ချေက ကိုယ့်ရဲ့အတွင်းရေးမှူးပဲလေ... ခွင့်ပြုရမှာပေါ့... "

"ကျေးဇူးတင်ပါတယ် အမ်ဒီ... "

"အသင်္ချေ... "

"ရှင်... "

"ဖယ်ရီနဲ့ မပြန်ချင်ဘူးဆို... "

"ဟုတ်တယ်...ဘဝတူဝန်ထမ်းတွေအတွက် စိတ်မကောင်းလို့... "

"အသချော်ကို ကိုယ်စိတ်မချလို့ပါ... "

ရင်ထဲက စကားတချို့ ပွင့်အံထွက်ကျသွားသည်။

"စိတ်ချပါ အမ်ဒီ... အဲဒီအတွက် အမ်ဒီလုံးဝ စိတ်မပူပါနဲ့ တောင်ဒဂုံ မြောက်ဒဂုံ လှိုင်သာယာ ရွှေပြည်သာ မြောက်ဥက္ကလာ တောင်ဥက္ကလာစတဲ့ အခြေခံလူတန်းစားတွေနေတဲ့... မြို့နယ်ရပ်ကွက်လေးတွေမှာ ပိုက်ဆံမရှိပေမဲ့... မာနနဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြတဲ့ လူတွေ အများကြီးရှိပါတယ်... အသချော်ကို ဘယ်သူမှ မနှောင့်ယှက်ပါဘူး... အမ်ဒီ... ဘာမှ စိတ်မပူပါနဲ့... "

အသချော်က ရယ်ကာ မောကာပြောရင်း ခုံမှာဝင်ထိုင်သည်။

"ကိုယ့်အတွက် မနက်စာ စီစဉ်ထားတယ်ဆို... ဘာတွေလဲ... ကိုယ်သိချင်တယ်... "

"ပုစွန်ချဉ်သုပ်နဲ့ ဝက်သားပုန်းရည်ကြီးပါ အမ်ဒီ... "

ပြောပြီး အသချော် ခေါင်းကလေးငုံ့သွားသည်။



"သေချာပြီ... ကိုယ့်အကြောင်းတွေ မင်းသေသေချာချာ လေ့လာထားတာပဲ... "

"ကိုချိုမြက အသချော်ကို လိုတာတွေအားလုံး ပြောပြထားပါတယ်... "

"ချိုမြကတော့... အကုန်လုံးဖောက်သည် ချလိုက်ပြီနဲ့တူတယ်... "

"ကျန်တာတွေ ရှိသေးရင်လည်း... အမ်ဒီကိုပဲ အသချော် တိုက်ရိုက်မေးတော့မှာ... "

"ကောင်းတာပေါ့... "

ရယ်သံတွေ လှိုင်သွားသည်။

"အသချော်... "

"ရှင်... "

"မနေ့ညက ကိုယ်နဲ့စေ့စပ်ထားတဲ့ မြူးဇစ်မိုးဆိုတာလေ..."

"ဟုတ်ကဲ့... အသချော်စိတ်ဝင်စားပါတယ်... အမ်ဒီ လွတ်လွတ်လပ်လပ်ပြောပါ... အသချော်နားထောင်ပါ့မယ်... "

"စေ့စပ်ပွဲဖျက်ဖို့... ကိုယ်နဲ့မြူးဇစ်မိုး နှစ်ယောက်သဘောတူထားလိုက်ပြီ... "

"ဟုတ်လား... "

အံ့သြဟန်ကလေးနှင့် မျက်လုံးတန်းကလေး စုကျုံ့သွားပြီး အသချော် ငေးကြည့်နေသည်။

"ဘယ်လိုအခြေအနေမျိုးမှာပဲ ဖြစ်ဖြစ်... လက်မထပ်ဖြစ်အောင် ကြိုးစားကြမယ်ဆိုတဲ့ ကတိမျိုးနဲ့ပေါ့... "

"အမ်ဒီ့ကို အသချော်တစ်ခုမေးချင်တယ်... မေးခွင့်ရှိမယ်ဆိုရင်ပေါ့... "

"မေးပါ အသချော်... ကိုယ်ဖြေပါ့မယ်... "

"မြူးဇစ်မိုးဆိုတဲ့ မမကို အမ်ဒီဘာလို့ လက်မထပ်ချင်တာလဲ... "

လဝန်းကုငွေ ရုတ်တရက် မဖြေနိုင်။

အသချော်ကိုကြည့်ပြီး ငိုင်သွားသည်။

"ဖြေလေ အမ်ဒီ... "

"ကိုယ်ဘယ်လိုဖြေရမလဲ... ကိုယ်ဘယ်လို ဖြေသင့်သလဲ... ကိုယ်ဘယ်လို ဖြေတာ အကောင်းဆုံးလဲ... "

"အမ်ဒီ စဉ်းစားပေါ့... "

"လူကြီးချင်း သဘောတူပေးစားလို့ လက်ထပ်ခဲ့ရတယ်ဆိုတဲ့ အချက်ကို... ကိုယ်တစ်သက်လုံး ကန့်ကွက်နေမိမှာ သေချာတယ်... ကိုယ့်ဘဝတည်ဆောက်ရေးပလန်ထဲမှာ



အဲဒီကိစ္စကို ဘယ်တုန်းကမှ ထည့်မထားခဲ့ဘူး... "

"ကျွန်မ သဘောတူတယ် အမ်ဒီ... "

အသချော်က ခပ်သွက်သွက် ခေါင်းညိတ်ထောက်ခံနေသည်။

"အဲဒီအချက်တစ်ခုတည်းနဲ့ ကိုယ်လက်မထပ်ချင်တာပါ... ပြီးတော့... မြူးဇစ်မိုးက ခေတ်မီတယ်... နေတာထိုင်တာ ရဲတယ်... ယောကျ်ားတွေ အများကြီးနဲ့တွဲတယ်... "

အသချော် ခေါင်းကလေး ငုံ့သွားသည်။

"ကိုယ်တကယ်လက်ထပ်ချင်တာ ကိုယ်သိပ်ချစ်တဲ့သူ... ကိုယ့်ကို အားပေးကူညီနိုင်မဲ့သူ... ကိုယ် အစစအရာရာ တိုင်ပင်လို့ရတဲ့လူ... "

လဝန်းကုငွေအသံလေးက အဖျားခတ်ကာ တိမ်သွားသည်။

"ဆရာ... "

"ဟင်... ချိုမြ... "

အရေးထဲ ချိုမြ ဝင်လာသည်။

"ဒီနေ့ အစည်းအဝေးရှိတယ်လေ... "

"ဟာ... ဟုတ်သားပဲ... "

အစည်းအဝေးရှိတာ သူမေ့သွားသည်။

အသချေ်ကိုယ်တိုင် သတိမရ။

"အသချေ် အပြစ်ပါ အမ်ဒီ... "

"ကဲ... လူစုံပြီလား... "

"အစည်းအဝေးခန်းမထဲမှာ အားလုံးရောက်နေပါပြီ... "

အစည်းအဝေးက နေ့လယ်တစ်နာရီကျော်မှ ပြီးဆုံးသွားသည်။

လုပ်ငန်းကိစ္စ ဆွေးနွေးကြ၊ ငြင်းခုန်ကြနှင့် တော်တော်ပင်ပန်းသွား၏။

"အမ်ဒီ... "

"ဟင်... "

ခဏအမောဖြေနေစဉ် အသချေ်ရောက်လာသည်။

"မနက်စာအတွက် ပြင်ဆင်ပြီးပါပြီ အမ်ဒီ... သိပ်နောက်ကျသွားရင် ညနေစာဖြစ်တော့မယ်... "

နွေးထွေးသော အသချေ်ရဲ့ အကြင်နာလေးတွေက လဝန်းကုငွေကို အမောပြေစေတာ အမှန်ပဲ ဖြစ်သည်။

"စားပါ အမ်ဒီ... "

"အသချေ်လည်း တစ်ခါတည်းစားလေ... "



"ဟင့်အင်း... အမ်ဒီစားတာကို ထိုင်ကြည့်ချင်လို့... အမ်ဒီပြီးမှ အသချေ် စားပါ့မယ်... "

လိုအပ်တာတွေကို အသချေ်လုပ်ပေးနေမိသည်။

"အသချေ့်လက်ရာကတော့ အရမ်းကောင်းတယ်ကွာ... တကယ်ပဲ... ကိုယ်အရမ်းသဘောကျသွားပြီ... "

လဝန်းကုငွေ ချီးကျူးနေသည်။

"အမ်ဒီ စိတ်ချမ်းသာမှုအတွက်... လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးရမဲ့ တာဝန်ဟာ... အသချေ့်တာဝန်ပါ အမ်ဒီ... "

ချစ်စဖွယ်အပြုံးလေးနဲ့ အသချေ် ပြောနေသည်။

"ကိုယ်... အသချေ်ကိုရလိုက်တာ... အရမ်းကံကောင်းသွားပြီထင်တယ်နော်... "

"ဖြစ်နိုင်ပါတယ် အမ်ဒီ... "

"အမြဲတမ်း ကံကောင်းခွင့်ရမယ်ဆိုရင်... ဘယ်လောက်ပျော်ဖို့ကောင်းလိုက်မလဲ... "

"အမ်ဒီရယ်... ဒါကတော့ လူတိုင်းလိုချင်တဲ့ အခွင့်အရေးတစ်ခုပဲဟာ... ရနိုင်မယ်ဆိုရင် အားလုံးလိုချင်ကြမှာပါ... ဒါပေမဲ့... "

အသချေ့စကားက တစ်ဝက်မှာတင် ရပ်သွားသည်။

"ဆက်ပြောလေ အသချေ့... ဒါပေမဲ့ ဘာဖြစ်လဲ... "

"ကံကြမ္မာလေ... "

အသချေ့မျက်နှာသည် ခံစားချက်တစ်ခုဖြင့် အနည်ငယ် တင်းမာသွားသည်ဟု ထင်လိုက်ရသည်။

"လူနှစ်ယောက်ဟာ ကံကြမ္မာကြောင့် နီးသွားနိုင်သလို ကံကြမ္မာကြောင့်လည်း ဝေးသွားနိုင်ပါတယ်... "

"ကိုယ်ကတော့... ကံကြမ္မာကို မယုံဘူး အသချေ့... ကံဆိုးတော့မယ်ဆိုတာကို ကြိုသိရင် ကံကောင်းအောင်လု ရမဲ့ တာဝန်က ကိုယ့်ရဲ့တာဝန်ပဲ... "

"ကံဆိုးတော့မယ်ဆိုတာရယ်... ကံကောင်းတော့မယ် တာရယ်ကို အမ်ဒီဘယ်လိုလုပ်ခွဲခြား သိနိုင်မလဲ... "

လဝန်းကုဋ္ဌေ တစ်ချက်ပြုံးလိုက်သည်။

"မြူးဇစ်မိုးနဲ့တွေ့တာ ကံဆိုးတော့မဲ့နိမိတ်... အသချေ့ နဲ့ဆုံဆည်းရတာ ကံကောင်းတော့မယ့် အရိပ်လက္ခဏာ တွေလေ... "

"မှားပါတယ် အမ်ဒီရယ်... "

အသချေ့ရယ်ရင်း ထ,ရပ်လိုက်သည်။



"အသချေ့လက်ကျန်ဖိုင်ကလေးတွေ ပြန်တွဲလိုက်ဦးမယ် အမ်ဒီ... "

"ထမင်းစားဦးလေ... "

"ရပါတယ်... အသချေ့ ဗိုက်မဆာသေးလို့ပါ... "

ရှိုးရှိုးယဉ်ယဉ်လေးနဲ့ လှနေသော အသချေ့... ။

လဝန်းကုဋ္ဌေရဲ့ မျက်လုံးထဲမှာ အသချေ့အရိပ်ကလေးတွေကိုပဲ စွဲလမ်းနေရပြီ။

အသချေ့ ထွက်သွားတော့ ရင်ထဲမှာ ဟာကျန်ခဲ့သည်။

ဖိုင်တွေ...

စာရင်းဇယားတွေ...

လုပ်ငန်းတွေ...

လဝန်းကုဋ္ဌေ ခေါင်းထဲမှာ မရှိတော့...

ညနေ...

သူမကို လဝန်းကုဋ္ဌေကိုယ်တိုင် ပြန်လိုက်ပို့ရရင်ကောင်းလေမလား။

တစ်ယောက်တည်း တွေးနေစဉ် မထင်မှတ်ဘဲ ဒေဖဦးမိုးအာကာ ရောက်လာသည်။

"ဘယ်လိုလဲ... "

ဖေဖေက သူဟာသူ ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်လိုက်သည်။ လဝန်းကုဋ္ဌေကိုလည်း ဘယ်လိုလဲဟု တစ်လုံးတည်းမေးပြီး စားပွဲပေါ်က အင်္ဂလိပ်မဂ္ဂဇင်းတစ်စောင်ကို ကောက်ကိုင်လိုက်၏။

"အဆင်ပြေပါတယ် ဖေဖေ... "

"ဒီမှာ... ငါမင်းကို မေးတာ... ကြယ်စင်ခသမီးကိစ္စကို မေးတာ... "

"ဗျာ... "

"မင်းတို့ လူငယ်ချင်းအဆင်ပြေရဲ့လား... "

ရုတ်တရက် ကောက်ကာငင်ကာ အမေးခံလိုက်ရ၍ လဝန်းကုဋ္ဌေ ဘာပြန်ဖြေရမှန်းမသိ။

"ဘာဖြစ်လို့လဲ ဖေဖေ... ဖေဖေ ဘာကြားထားလို့လဲ... "

"သိပ်အဆင်မပြေဘူးဆို... "

ပြောလက်စမို့ တစ်ခါတည်း ဝန်ခံလိုက်ရင် ကောင်းမလား။ ဖေဖေသည်ကိစ္စအတွက် တကူးတက ရောက်လာတာပဲ ဖြစ်လိမ့်မည်။

"သေချာတယ် ဖေဖေ... သား သူ့ကို မချစ်ဘူး... "



"ဘာဖြစ်လို့လဲ... နောက်ချစ်သွားမှာပဲဥစ္စာ... ကောင်မလေးက တော်တယ်... အရည်အချင်းရှိတယ်... မင်း ဘာသိလို့လဲ... "

ဖေဖေက သေချာပေါက် ပြောနေသည်။

"ဝင်ဒါမီယာထဲက နှစ်ထပ်လုံးချင်းတိုက်ကို မင်းယူလိုက်... လိုအပ်တာတွေ ငါအကုန်လုပ်ထားပေးမယ်... ဒီနေ့ပဲ ဆေးအသစ်ပြန်သုတ်ခိုင်းလိုက်ပြီ... မင်း စိတ်ကြိုက်လုပ်ချင်ရင် ညနေ ဝင်ကြည့်... ငါဒါပဲပြောမယ်... နောက်တစ်ခါ ပြဿနာတက်တဲ့အသံ ငါမကြားချင်ဘူး... "

"မြူးဇစ်မိုးနဲ့ ဖေဖေ ဘာလို့ ဒီလောက်တောင် သဘောတူနေရတာလဲ... "

"ကောင်မလေးကို ငါကြိုက်လို့... "

"ဗျာ... "

ရှင်းပြီ။

သူ့ထက်ရှင်းတာတောင် သူ့လောက်ရှင်းတာ မရှိတော့။ ကောင်မလေးကို ငါကြိုက်လို့တဲ့... ။

စကားပြောပြတ်သော ဖေဖေ့အကြောင်းကို လဝန်းကုဋ္ဌေ အသိဆုံး။

"ကဲ... ငါသွားမယ်... "

"နေပါဦး ဖေဖေ... ဖေဖေ ကြိုက်တဲ့ ကောင်မလေးကို သားက ဘယ်တော့လက်ထပ်ရမှာလဲ... "

"အမြန်ဆုံးနှစ်လ... နောက်အကျဆုံး ခြောက်လ... "

"မမြန်လွန်းဘူးလား ဖေဖေရာ... "

လဝန်းကုဋ္ဌေ စိတ်ဓာတ်ကျနေပြီ။

ဖေဖေသည် ဆုံးဖြတ်ထားပြီးသောကိစ္စတစ်ခုကို မည်သည့်အခါမှ နောက်ပြန်ဆုတ်တတ်သူ မဟုတ်ပေ။

"မင်း ဘာမှပြောမနေနဲ့... ညနေ ကုမ္ပဏီပိတ်တာနဲ့ မင်း နေရမဲ့တိုက်ကို သွားကြည့်... အထဲမှာ အိပ်ရာခမ်းနားတွေ ပရိဘောဂတွေ ငါအကုန်စီစဉ်ပေးမယ်... မင်း ကြိုက်တာပဲ ပြော... "

ဖေဖေ ပြန်ထွက်သွားပြီ... ။

တိကျခိုင်မာတဲ့ အမိန့်... ။

ဖေဖေ့အမိန့်... ။

ခေါင်းငိုက်စိုက်ကျ ကျန်ခဲ့သူက လဝန်းကုဋ္ဌေး

အပြင်မှာ ချိုမြနဲ့ အသချော် အခြေအနေကို သုံးသပ်နေကြသည်။



"အသချော်... "

"ပြောလေ ဦးချိုမြ... "

အသချော်က အရွယ်ချင်း သိပ်မကွာပေမဲ့ ဦးချိုမြလို့ပဲ လေးလေးစားစား ခေါ်သည်။

"စောစောက စပို့ရှပ်နီညိုနဲ့ထွက်သွားတာ အမ်ဒီ့အဖေ... "

"ဟင်... ဟုတ်လား... "

"ဘာတွေလာ ကျပ်သွားလဲ မသိဘူး... "

"လုပ်ငန်းကိစ္စဖြစ်မှာပေါ့... ဦးချိုမြရယ်... အထူးအဆန်းလုပ်လို့... "

"ဟာ... အန်ကယ်ဦးမိုးအာကာက လုပ်ငန်းကိစ္စတွေကို ဘာတစ်လုံးမှဝင်မပြောဘူးဟ... တခြားအရေးကြီးတဲ့ကိစ္စရှိလို့ လာတာပဲ ဖြစ်ရမယ်... "

"လုပ်ငန်းကိစ္စဆိုရင် အမ်ဒီ ခေါ်ပြောမှာပေါ့... ကဲပါ... အဲဒါ အသာထားစမ်းပါ... "

အသချော် ချိုမြကို မေးနေသည်။

"ဦးချိုမြ... "

"ဘာလဲဟ... "

"ဒီရုံးမှာ အမ်ဒီ့ကို ကြိုက်နေတဲ့ ကောင်မလေးတွေ မရှိဘူးလား... "

"အောင်မလေး… တစ်ပုံကြီး… တစ်ပုံကြီး… "

"အမ်ဒီက ပြန်မကြိုက်ဘူးလား… "

"ဝေးသေး… "

"ဒါဆို အမ်ဒီကြိုက်တဲ့ ကောင်မလေးတွေရော… တခြားမှာ ရှိလား… "

"မရှိပါဘူးဟ… ညည်းတို့ အမ်ဒီက စတိုင်ကြီးတစ်ခွဲသားနဲ့… ချစ်ဖို့ကြိုက်ဖို့ သူစိတ်ထဲတစ်ခါမှ မရှိဘူး… အခုတောင် ညည်းကို တစ်ခါတည်း တန်းခန့်လိုက်လို့ တစ်ရုံးလုံးက အံ့ဩနေတယ်… "

"ဟုတ်လား… "

"ကွန်ပျူတာဆက်ရှင်က ဟာတွေဆို… မနာလိုတောင် ဖြစ်နေကြတာ… "

"ဘုရား… ဘုရား… "

"ညည်းကုသိုလ်ကံကိုက ကောင်းတယ်… "

"သူ… သူတို့က ဘာလို့ မနာလိုဖြစ်တာလဲဟင် ဦးချိုမြ… "

"ညည်းနဲ့ ကြိုက်သွားမှာစိုးလို့… "

"အမလေး… "

အသချော်လန့်ပြီး အော်လိုက်သည်။



ချိုမြက တဟားဟား အော်ရယ်နေ၏။

"ဦးချိုမြတို့ အမ်ဒီကိုများ မကြိုက်ပါဘူး… ဘာလို့ ကြိုက်ရမှာလဲ… ဟိုက သူဌေး… အသချော်တို့က ဆင်းရဲသား… ကိုယ်နဲ့မတန်တာကို ဘယ်တော့မှ မမှန်းဘူး… "

အသချော် အပြတ်ပြောနေသည်။

"ဦးချိုမြ… "

"ဘာလဲဟ… "

"အမ်ဒီကို သွားမပြောနဲ့နော်… ဦးချိုမြကို အသချော် တိုင်ပင်စရာရှိလို့… "

ဘေးလူတွေကို အသချော်တစ်ချက် လှမ်းကြည့်လိုက်သေး၏။

"ဦးချိုမြ… "

"ဟာ… ဒီနာမည်ချည်းပဲ ခဏခဏခေါ်နေတော့တာပဲ… ပြောစရာရှိရင် ပြောလေဟာ… "

"ဦးချိုမြကလည်း… စိတ်ချည်းပဲ… အသချော်က ဦးချိုမြကို အားကိုးလို့ တိုင်ပင်တဲ့ဟာကို… "

"ကဲ… ဘာတိုင်ပင်မလဲ… ကြိုက်တာတိုင်ပင်… အိတ်ထဲက မစိုက်ရရင်ပြီးရော… "

"အသချော်ကိုလေ... "

"အင်း... "

"ကြိုက်နေတဲ့ကောင်လေးတစ်ယောက်ရှိတယ် သိလား..."

"ဆက်ပြော... ဆက်ပြော... "

"ကောင်လေးက ဆင်းရဲတယ် ဦးချိုမြရာ... "

"ဟော... "

"အသချော်တက္ကသိုလ်တက်ကတည်းက အသချော်သွားလေရာကို တကောက်ကောက်လိုက်နေတာ... သူက လိုက်ပဲလိုက်တာ... အသချော်ကို စကားတစ်လုံးမှ မပြောဘူး... အသချော်ကိုတွေ့ရင်... အဝေးကဆို လှမ်းကြည့်တယ်... အသချော်အနားရောက်တာနဲ့ ခေါင်းကလေးငုံ့သွားရော..."

"နင်ခလုတ်တိုက်မှာ ကြောက်လို့ ကြည့်ပေးတာနေမှာပေါ့... "

အသချော် မျက်နှာလေး ရှုံ့မဲ့သွားသည်။

"စကားတစ်လုံးမှ မပြောတာကလည်း အ,နေလို့လား မသိတာ... "

"ဟယ်... "

အသချော့်မျက်နှာလေး ငိုတော့မလို ဖြစ်နေပြီ



"ဦးချိုမြနော်... အသချော် ငိုလိုက်တော့မယ်... "

အသချော်ကို ကြည့်ပြီး ချိုမြ ရယ်လိုက်သည်။

"ဟား... ဟား... ဟား... နောက်တာပါဟာ... မငိုပါနဲ့... တော်ကြာ... ညည်းအမိဒီ ထွက်လာလို့...သူ့အတွင်းရေးမှူး မလေးကို ငိုအောင်စ,ရသလားဆိုပြီး... အလုပ်ဖြုတ်လိုက်မှ ငါထမင်းငတ်နေပါဦးမယ်... ညည်းဇာတ်လမ်းကို ဆက်ပြော... ဆက်ပြော... "

ချိုမြ အသချော့်ကို ဆက်ပြောခိုင်းလိုက်သည်။

"မနောက်နဲ့နော် ဦးချိုမြ... "

အသချော် သတိပေးလိုက်သေး၏။

"အဲဒါလေ... အသချော့်ကိုလေ ဟိုတုန်းကတည်းက လိုက်နေတာ ဦးချိုမြရဲ့သိလား... သနားပါတယ် ဦးချိုမြရယ်... ဟိုနေ့က မိုးတွေ တအားရွာတုန်းကဆိုရင်လေ... အသချော် နောက်ကို လိုက်တာ မိုးရေတွေက သူ့တစ်ကိုယ်လုံးမှာ ရွှဲနစ်နေတာပဲ... ဆံပင်တွေဆိုလည်း စုတ်ဖွာနေပြီး... ခိုက်ခိုက်တုန်နေတယ်... အဲဒါလေ... အသချော်လေ သူ့ကို အရမ်းသနားပြီးတော့... "

"ထီးဆောင်းပေးလိုက်တယ်ဆိုပါတော့... "

"ဟင်... အဲဒါ ဦးချိုမြ သိတယ်... ဘယ်လိုလုပ်သိတာလဲ ဟင် ဦးချိုမြ... ဦးချိုမြ စုံထောက်လုပ်ဖို့ကောင်းတယ်... ဦးချိုမြ အရမ်းတော်တယ်... "

လက်ခုပ်လက်ဝါးတီးပြီး ကလေးလေးတစ်ယောက်လို အသချော ပျော်ရွှင်နေသည်။

"ကဲပါ... ညည်းဇာတ်လမ်းကို ဆက်ပြောစမ်းပါ... "

"အဲဒါလေ... အသချောက စေတနာနဲ့ပါ ဦးချိုမြရယ်... သူ့ကို သနားလို့ သူနေမကောင်းဖြစ်မှာစိုးလို့... သူ့ကို ရပ်စောင့်ပြီး ထီးဆောင်းပေးတာကို... အဲဒါ... အဲဒါ...သူက... အသချောကို ဒေါသအရမ်းဖြစ်သွားတဲ့ မျက်လုံးတွေနဲ့ကြည့်ပြီး မလိုဘူးတဲ့... သူ့ကို သနားစရာလုံးဝမလိုဘူးတဲ့... အသချော သနားအောင်လည်း သူလိုက်လုပ်ပြနေတာ... မဟုတ်ဘူးတဲ့...မာနကလည်း အရမ်းကြီးလိုက်တာ ဦးချိုမြရယ်... ဒါကြောင့်မို့ အသချောတို့ ဆင်းရဲသားတွေက မာန အရမ်းကြီးတယ်လို့ ပြောတာပေါ့ ဦးချိုမြရဲ့... "

"ကဲပါဟာ... နင့်ဇာတ်လမ်းက နားထောင်ရတာ ပြတ်တောင်းပြတ်တောင်းနဲ့... နားထောင်ရတာ ဇိမ်မရှိလိုက်တာ... "



အသချောက သူ့ဇာတ်လမ်းကို သူ့ဟာသူ ပြန်တွေးပြီး တစ်ယောက်တည်း ပြုံးနေသည်။

"ဟောဗျာ... "

ချိုမြ ခေါင်းကုတ်နေလိုက်မိပြီ။

ဘယ်လိုဟာလဲဟ။

"ဟော... "

"ဟော... "

"ဟဲ့... အသချော... "

"အမလေး... လန့်လိုက်တာ ဦးချိုမြရယ်... "

"နင်... ဘာတွေ တွေးပြီး တစ်ယောက်တည်း ပြုံးနေတာလဲဟ... "

"သူ့အကြောင်းတွေးနေတာပေါ့ ဦးချိုမြရဲ့... "

"ငါ နားထောင်နေတယ်လေ ဟာ... နင်က ဆက်လည်း မပြောဘဲနဲ့... တစ်ယောက်တည်း ပြုံးနေတော့... ငါ အော်ရတော့တာပေါ့... "

"ဆက်ပြောမှာပေါ့ ဦးချိုမြရယ်... ဘယ်လိုပြောရင် ကောင်းမလဲဆိုတာ စဉ်းစားနေလို့ပါ... "

"ကဲ... ပြော... ပြော... "

"ခုန... မိုးရွာထဲရောက်သွားတဲ့ အခန်းနော် ဦးချိုမြ... အသင်္ချေက ထီးဆောင်းပေးတာကို သူက အဆောင်းမခံဘူးလေ... "

"အေး... ဟုတ်တယ်... ဟုတ်တယ်... "

နားထောင်ရတဲ့သူက စိတ်မရှည်ရတဲ့ကြားထဲ... သူက အရေးထဲမှာ ဇာတ်ကြောင်းပြန်နေသေးသည်။

"အဲဒါနဲ့ သူက အသင်္ချေကို ပြောသေးတယ်သိလား... နောက် ဘယ်တော့မှ သူ့ကို ဂရုမစိုက်ပါနဲ့တဲ့... သနားတဲ့ မျက်လုံးတွေနဲ့လည်း မကြည့်ပါနဲ့တဲ့... မိန်းကလေးတစ်ယောက် ဆောင်းပေးတဲ့ထီးထဲမှာရောက်နေတဲ့ယောက်ျားတစ်ယောက်ဟာ ရေရေလည်လည် အောက်တယ်တဲ့... သူက အဲလိုကောင်မျိုး မဟုတ်ဘူးတဲ့... အသင်္ချေကိုလေ ပြောလိုက်တာစုံနေတာပဲ... "

"အဲဒါ... အသင်္ချေက စေတနာကို စော်ကားတယ်ဆိုပြီး... ဝိတ်ပြောပစ်လိုက်ပါလား... ထီးနဲ့ဖြစ်ဖြစ် ကောက်ဆော်ပစ်လိုက်ပါလား... "

ချိုမြ မခံမရပ်နိုင်အောင် ဖြစ်နေသည်။

အသင်္ချေကိုယ်စား ဒေါသတွေ ဖြစ်မိ၏။



"အမလေး... ထီးနဲ့ကောက်ဆော်ပစ်ဖို့ နေနေသာသာ... အဲဒီညတစ်ညလုံး သူ့ကိုပဲ သတိရပြီး... စိတ်မကောင်းဖြစ်နေတာ... မိုးလင်းခါနီးမှ အိပ်ပျော်သွားတယ်... "

"ကိုယ့်စေတနာကို စော်ကားတဲ့လူများဟာ... ညည်းမို့လို့ သတိရနေသေးတယ်... "

"မာနလေ... ဦးချိုမြ... အဲဒါ... ယောက်ျားတစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့ မာနပဲပေါ့... ဘယ်လောက်လေးစားဖို့ကောင်းလဲ... သူက ဆင်းရဲတယ်... သူ့ကြောင့် အသင်္ချေ ဂုဏ်သိက္ခာထိခိုက်မှာ စိုးရိမ်တယ်... အဲဒီအတွက် သူ အသင်္ချေကိုပြောတာ...မိုးအစိုခံပြီး ဒီအတိုင်းဆက်လျှောက်သွားတယ်... ပေးလာတဲ့အခွင့်အရေးတစ်ရပ်ကို အမြတ်မထုတ်ဘူး... ကိုယ်ကျိုးမရှာဘူး... အဲဒီနေ့ကစပြီး သူ့ကို အသင်္ချေ ချစ်သွားတာ... "

"ဘုရားရေ... ဒါဆို ညည်းမှာ ရည်းစားရှိနေပြီပေါ့... "

ချိုမြ မျက်လုံးပြူးနေသည်။

အသင်္ချေကို အံ့သြတကြီး စိုက်ကြည့်နေသည်။

"ဟာ... ဦးချိုမြကလည်း... အသင်္ချေချစ်သွားတာနဲ့ပဲ ရည်းစားရှိရမှာလား... အဲဒီရည်းစားက အသင်္ချေ့ရင်ထဲ

ကနေပဲ ကျိတ်ချစ်နေတဲ့ရည်းစား… သူကလည်း အသင်္ချေ့ကို ဖွင့်မပြောဘူး… အသင်္ချေကလည်း ကိုယ်ချစ်နေတာ သူမသိအောင် ဟန်ဆောင်ထားတယ်… ကဲ… အသင်္ချေ ဇာတ်လမ်းက အဲဒါပဲ… ”

“ဟုတ်ပါပြီ… ညည်းအခု ပြောတဲ့ ဇာတ်လမ်းကိုတော့ ငါသိရပါပြီ… ညည်းက ငါ့ဆီက အကြံဉာဏ်တောင်းချင်တယ်ဆို… ကဲ… ပြော… ငါ ဘာကူညီရမလဲ… ”

“ဟို… ဟို… အဲဒီကိစ္စ အမ်ဒီမသိစေနဲ့နော်… ဦးချိုမြ နှုတ်လုံနော်… ”

“အေးပါဟာ… ငါသိပါတယ်… ”

“သူ… သူက… အသင်္ချေကို ချစ်ခွင့်တောင်းလာရင် သူ့ကို အဖြေပေးလိုက်ရမလားဟင် ဦးချိုမြ… အသင်္ချေ မဆုံးဖြတ်တတ်လို့ ဦးချိုမြကို တိုင်ပင်တာ… နော်… အမ်ဒီမသိစေနဲ့နော်… ”

“မသိစေရပါဘူးဟာ… ”

“ဟင်… ဦးချိုမြပုံကြီးက အမ်ဒီ့ကို အကုန်လုံး ဖွင့်ပြောမဲ့ပုံကြီး… အသင်္ချေ သိတယ်… မပြောပါနဲ့ ဦးချိုမြရယ်… နော်… နော်… ”



ချိုမြ ရယ်နေသည်။

အသင်္ချေက ပြောပြီးကာမှ ချိုမြကို ကြောက်နေ ည်။ ဟိုက ပေါင်းလာတာကြာပြီ ဖွင့်ပြောချင်ပြောနေမှာ။

“ဒါနဲ့နေစမ်းပါဦး… ညည်းအခုပြောတဲ့ ကောင်လေးက ကျောင်းသားပဲလား… ဘွဲ့ရပြီးပြီလား… ဒါမှမဟုတ်… အလုပ်,လုပ်နေလား… ”

“အလုပ်,လုပ်တယ် ဦးချိုမြရဲ့… အသင်္ချေတို့ရပ်ကွက်ထဲမှာ စာအုပ်အငှားဆိုင် ဗီဒီယိုခွေ အငှားဆိုင် ဖွင့်ထားတယ်… ”

“မဆိုးပါဘူး… ”

“ဦးချိုမြရယ်… အသင်္ချေတို့က ဆင်းရဲပါတယ်… ကိုယ့်ထက် တအားချမ်းသာတဲ့ လူတွေကို မမှန်းရဲပါဘူး… အသင်္ချေကို မနာလိုဖြစ်နေတဲ့လူတွေကို ပြောလိုက်ပါ ဦးချိုမြရယ်… အသင်္ချေ ကိုယ့်ဘဝကိုယ် သိပါတယ်လို့…”

ကြေကြေကွဲကွဲလေး ပြောနေတဲ့ အသင်္ချေစကား လေးတွေကို နားထောင်ပြီး ချိုမြ စိတ်မကောင်းဖြစ်သွားမိသည်။

ဆရာသိရင်လည်း စိတ်ထိခိုက်သွားမှာ သေချာ ာယ်… ။

အသချော်ရယ်...

ဆရာသိမှာပါ...

မသိရင်လည်း သိအောင်ပြောရမဲ့ တာဝန်က ငါ့မှာ ရှိနေပြီလေ... ။

နင့်အကြောင်းတွေ ငါ့ကို စုံစမ်းခိုင်းထားတယ် လေ...

ငါ... စိတ်မကောင်းပါဘူးဟာ... ။



# အခန်း(၇)

"လဝန်းလေး... "

"ဗျာ... မေမေ... "

"မင်း ကုမ္ပဏီမှာ တော်တော်ချောတဲ့ ကောင်မလေးတစ်ယောက်ကို အတွင်းရေးမှူးခန့်ထားတယ်ဆို... "

မြန်လိုက်တဲ့ သတင်း... ။

မေမေ့ နားထဲကို ရောက်သွားပြီ... ။

"ဟုတ်ပါတယ် မေမေ... သား တစ်ယောက်တည်း အလုပ်တွေ မနိုင်လို့ပါ... "

"ရုတ်ရုတ်မလုပ်နဲ့နော်... ကိုယ့်ကိစ္စ ကိုယ်သိရင်... ရှင်းအောင်နေ... ပြဿနာမရှာနဲ့... မေမေ မကြိုက်ဘူး... "

"သား ဘာလုပ်လို့လဲ မေမေရ... "

"သတင်းတွေထွက်နေတယ်... မေမေ အကုန်ကြားတယ်... မိုးငယ်လေး သိရင်... စိတ်မကောင်းဖြစ်သွားမယ်... "

"မေမေကလည်း ဗျာ... "

လဝန်းကုငွေ့ စိတ်ဓာတ်ကျနေမိသည်။

"ကောင်မလေးက ဆင်းရဲတယ်ဆို... "

မေမေက မသင်္ကာသော မျက်လုံးများဖြင့် ကြည့်ပြီး မေးနေသဖြင့် လဝန်းကုငွေ့ အဖြေရခက်နေသည်။

"မေမေရာ... ဘာဖြစ်လို့ အဲဒီကိစ္စတွေ စိတ်ဝင်စားနေတာလဲ... ဒါ သားရဲ့ ကုမ္ပဏီကိစ္စတွေပါ... ဆင်းရဲလို့ သားကုမ္ပဏီမှာ အလုပ်လာလုပ်တာပေါ့... "

လဝန်းကုငွေ့ ကြည့်ကောင်းအောင် ဖြေနေရသည်။

"မေမေ မကြိုက်ဘူး... မေမေတို့ စီစဉ်ထားတဲ့ကိစ္စတွေကိုလည်း အပျက်မခံနိုင်ဘူး... ဒီမှာဖြင့် ဖိတ်စာတောင် ရိုက်တော့မယ်... "

"ဗျာ... ဖိတ်စာရိုက်တော့မယ်... "

လဝန်းကုငွေ့ လန့်သွားသည်။

မေမေ့ကိုလည်း ပြူးပြူးပျာပျာ ကြည့်လိုက်မိ



"အဲလောက်မြန်မြန်ကြီးတော့... မလုပ်သင့်ပါဘူး မေမေရာ... နောက်ခြောက်လလောက် လွတ်လွတ်လပ်လပ် နေပါရစေဦး... "

"ပျက်သွားမယ်... ပျက်သွားမယ်... ကံကြမ္မာဆိုတာ ပြောလို့ရတာ မဟုတ်ဘူး... ဒီနေ့နဲ့မနက်ဖြန်ကြားမှာ အပြောင်းအလဲတွေ အများကြီးဖြစ်သွားနိုင်တယ်... မိုးငယ်လေးလို မိန်းကလေးတစ်ယောက်ကို မေမေ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး... "

မေမေ သားကို စိတ်မချဖြစ်နေ၏။

သူ့ချေးမလောင်းလေး လွတ်ထွက်သွားမှာ စိုးရိမ်နေသည်။

"မေမေ... ဘာသံညာသံမှ... နောက်ထပ် မကြားချင်ဘူး... "

ရုံးသွားဖို့ ကားပေါ်မတက်ခင်ထိ မေမေ တတွတ်တွတ်နောက်က လိုက်ပြောနေသည်။ ဟွန့်... သူတို့ချေးမလောင်း ပွေ့ရှုပ်နေတာကိုတော့ သူတို့ မသိကြတော့ဘူးလား။

စိတ်ညစ်ညစ်နှင့် ထွက်လာခဲ့တဲ့ လဝန်းကုငွေ့ ရုံးရောက်တော့မှ ပိုဆိုးသွားတော့၏။

"အခြေအနေကတော့ အဲဒါပဲ ဆရာ... "

ချိုမြ အစီရင်ခံလိုက်သည်။

"အသချို ရောက်နေပြီလား... "

"ရောက်နေပြီ... "

လဝန်းကုငွေ ရင်ထဲမှာ တစ်မျိုးလေး ခံစားနေ

၏။

အသချိုမှာ သူ ကြိုက်နေတဲ့ကောင်လေးတစ် ယောက် ရှိနေသည်တဲ့... ။ တိတိကျကျ သမီးရည်းစား မဖြစ်သေး ပေမဲ့ ဖြစ်ဖို့က နီးစပ်နေသည်ဟု ချိုမြက အမှန်အတိုင်း သတင်း ပေးနေသည်။

လဝန်းကုငွေ... စိတ်လေးသွား၏။

"ကျွန်တော် အသချို့ကို လွှတ်လိုက်ရမလား ဆရာ"

"မလွှတ်ပါနဲ့ကွာ... နေပါစေတော့... "

စိတ်ညစ်ညစ်နဲ့မို့... ဘယ်သူ့ကိုမှ မတွေ့ချင်တော့

လဝန်းကုငွေ တစ်ယောက်တည်း အခန်းထဲမှာ တွေနေမိသည်။

မိန်းကလေးတွေ ဒီလိုပဲလား...

ကိုယ့်ချစ်သူကိုပဲ တန်ဖိုးထားကြတာပါလား...



ငါ... မြူးစစ်မိုးကိုပဲ လက်ထပ်ရတော့မှာပေါ့...

မဖြစ်နိုင်ဘူး...

မြူးစစ်မိုးဆိုတဲ့ ကောင်မလေးကို ငါ လုံးဝမချစ် ဘူး...

ငါ... ခရီးထွက်ရမယ်...

ငါ့စိတ်တွေ... လေချင်သလို ဖြစ်နေပြီ...

ဖေဖေနဲ့မေမေ... မတရားဘူး...

သားကို ... ချုပ်ချယ်လွန်းတယ်...

မြူးစစ်မိုးကို လက်မထပ်ဘူး...

အသချို...

ငါ့ရင်ထဲမှာ မင်း ရှိနေပြီလား...

တီ... တီ...

တီ... တီ...

ဆယ်လူလာဖုန်းသံက မြည်လာသဖြင့်၊ ကောင် း:ထောင်လိုက်ရသည်။

"အမ်ဒီ... "

"မင်း... မင်း ဘယ်သူလဲ... အသချိုလား... "

"ဟုတ်ပါတယ်... အမ်ဒီ... အသချိုပါ... "

"ပြောကွာ... ဘာကိစ္စလဲ... "

အသေချာ်တဲ့...

ချစ်သူရှိနေတဲ့ ကောင်မလေး... ။

လဝန်းကုငွေ မနာလိုဖြစ်နေမိ၏။

အလိုလိုစိတ်တိုနေမိ၏။

"အမ်ဒီ... ဒီမနက် ဘာဖြစ်နေတာလဲ... "

"ဘာဖြစ်လို့လဲ... "

"အမ်ဒီ့အသံတွေ တစ်မျိုးဖြစ်နေတယ်... "

"ဟုတ်တယ်... ငါ့စိတ်တိုနေတယ်... "

"အသေချာ်ကြောင့်လားဟင်... "

အသေချာ်အသံလေးက အားငယ်သံလေးနှင့် တိုး ဝင်သွားခဲ့၏။

"မဟုတ်ပါဘူး... "

"မညာပါနဲ့ အမ်ဒီရယ်... အသေချာ် သိပါတယ်... "

"မဟုတ်ဘူးကွ... "

လဝန်းကုငွေ အသံကို မြှင့်ပြီး တမင်အော်လိုက် မိ၏။

"မဟုတ်ဘူးဆိုတာ အမ်ဒီ ညာတာ... ဟုတ်တယ်...



အသေချာ်အကြောင်းတွေ... ဦးချိုမြကြီး ဝင်ပြောတာ... အသေချာ် အကုန်သိတယ်... တံခါးဖွင့်ပါ... အသေချာ်... အမ်ဒီ့ဆီ လာခဲ့မယ်... "

"မလာပါနဲ့ကွာ... "

"မလာလို့ ဖြစ်မလား... အသချော်ကြောင့်... အမ်ဒီ စိတ် မကောင်းဖြစ်နေရတယ်ဆိုရင်... အသေချာ်မှာ တာဝန်ရှိ တာပေါ့... အသေချာ် အမ်ဒီနဲ့ မျက်နှာချင်းဆိုင်တွေ့ချင် တယ်... တံခါးဖွင့်နော်... "

အသချော့်အသံက တောင်းပန်နေတဲ့ အသံလေး...

"ကဲ... လာခဲ့ကွာ... "

ချထားတဲ့တံခါးလော့ကို ပြန်ဖွင့်ပေးလိုက်မိသည်။

အသချော် ဝင်လာသည်။

"အမ်ဒီ... ဘာဖြစ်စေချင်သလဲ... "

အသချော့်အသံက တိုးတိုးလေး... ။

"ကိုယ် ဘာတတ်နိုင်မှာလဲ အသေချာ်... "

အသချော့်နှုတ်ခမ်းလေးတွေ အနည်းငယ် ပြုံးသွား

"အမ်ဒီ့ကို ဦးချိုမြ ပြောလိုက်တယ်မို့လား... "

"ကိုယ် မကြားချင်ဘူး အသချော်... အဲလို စကားမျိုးတွေ ကြားရလိမ့်မယ်လို့ ကိုယ် မျှော်လင့်မထားခဲ့ဘူး... "

"အမ်ဒီ... ဘာဖြစ်နေတာလဲ... "

"အဲ့ဒီအဖြေကို ကိုယ်အသိချင်ဆုံးပဲ... "

လဝန်းကုဋ္ဌေ မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်သည်။

"အမ်ဒီ မကြိုက်ရင်... အသချော် ဆင်ခြင်လိုက်ပါ့မယ်... လွန်တာရှိရင် ဝန္ဒာမိပါ အမ်ဒီ... အသချော် တောင်းပန်ပါတယ်... "

"မလိုပါဘူးကွာ... "

ခေါင်းကို ဘယ်ညာခါ ငြင်းပြလိုက်မိသည်။

"အမ်ဒီ စိတ်ညစ်နေရင်... အသချော်လည်း စိတ်ညစ်တယ်... အမ်ဒီပျော်နေရင် အသချော်လည်း ပျော်တယ်"

"ကိုယ် ခရီးထွက်ချင်တယ်... "

"အသချော့်ဘက်က အဆင်သင့်ပါပဲ အမ်ဒီ... "

"ဘယ်ကိုသွားရင် ကောင်းမလဲ... "

"ကုမ္ပဏီအလုပ်ကိစ္စနဲ့ ပတ်သက်တဲ့ ခရီးစဉ်ဖြစ်ဖို့... အသချော့်ဘက်က တင်ပြဖို့ မလိုအပ်ဘူးထင်တယ် ...



အမ်ဒီ... အမ်ဒီ စဉ်းစားပေါ့... အမ်ဒီ ဆုံးဖြတ်ပေါ့... ပြီးတော့... အသချော်အတွက် မိန်းကလေးအဖော်... "

နိုင်မာတိကျတဲ့ အသချော်မျက်နှာလေးပေါ်မှာ ရင့်ကျက်တည်ငြိမ်တဲ့ ဆုံးဖြတ်ချက်များ လွှမ်းနေခဲ့၏။

ကုမ္ပဏီကိစ္စနဲ့ ပတ်သက်တဲ့ ခရီးစဉ်ဖြစ်ဖို့ လိုတယ်တဲ့... ။

မိန်းကလေးအဖော် လိုတယ်တဲ့... ။

ရိုးသားဖြူစင်မှုတွေနဲ့အတူ... မာနကြီးလွန်းတဲ့ အသချော်... ။

"အသချော်... "

"ရှင်... "

"မင်းကို ကိုယ်လေးစားပါတယ်... "

အသချော် ခေါင်းကလေးငုံ့သွားသည်။

"ကိုယ် နားလည်နိုင်အောင် ကြိုးစားနေတယ်... "

"ဘာကိုလဲဟင်... အမ်ဒီ... "

"မင်းအကြောင်းတွေကို... "

"အသချော် သွားတော့မယ်... "

လဝန်းကုဋ္ဌေ အသချော်ကို မတားလိုက်မိ... ။

"ဟား... "

ရင်ထဲမှာ... ခံစားချက်တို့ ပိုလာနေပြီ... ။

ကုလားထိုင် ကျောမှီပေါ် တစ်ကိုယ်လုံးလှဲချလိုက်ရင်း... ။ စိတ်ကို လျှော့ချလိုက်သည်။

တကယ်တော့...

အသချော်သည် ဘဝအတွက် ရိုးသားစွာ တည်ဆောက်နေရသူလေး... ။

မျက်နှာငယ်လေးနှင့်... အကြီးအကဲ တစ်ယောက်၏ အငြိုအငြင်ကို မခံရအောင် တောင်းပန်သွားခဲ့သည်။

သည်အခွင့်အရေးကို ပိုမယူသင့်ဟု လဝန်းကုမ္မေ ဆုံးဖြတ်လိုက်၏။

"ဆရာ... "

ချိုမြ စပ်ဖြဖြ ဝင်လာသည်။

"ဘာလဲကွ... "

"အသချော်ကို ဆရာ ပြောလိုက်ပြီလား... "

"အေး... "

"ဟာ... ဆရာရယ်... ဘာလို့ ချက်ချင်းကြီး ပြောလိုက်ရတာလဲ... ဟိုမှာ အသချော် မှိုင်နေတယ်... ထမင်းလည်း



မစားတော့ဘူးတဲ့... "

"တို့နှစ်ယောက် ရင်ထဲမှာ... တစ်ခုခုတော့ ဖြစ်နေကြပြီထင်တယ် ချိုမြ... ဒါပေမဲ့... အသချော်က စည်းကမ်းရှိပါတယ်... ပြီးတော့... ငါတို့ ထင်မထားတဲ့ မာနမျိုးတွေလည်း အသချော်မှာ ရှိနေတယ်... "

လဝန်းကုမ္မေ ချိုမြကို ရှင်းပြနေမိသည်။

"ဆရာ့ကို... တစ်ခုတော့ ပြောရဦးမယ်... "

"ဘာလဲ... "

"ဆရာ့မေမေ စောစောက... ကျွန်တော့်ဆီကို ဖုန်းဆက်တယ်... "

"ဟင်... "

လဝန်းကုမ္မေ အံ့သြသွား၏။

"အသချော်ကိစ္စ... "

"ဘာ... "

"ရုံးမှာ... မလိုတဲ့လူရှိနေပြီ ဆရာ... ဆရာ့မေမေကို သေသေချာချာ... အတို့အထောင် လုပ်ထားတဲ့ပုံပဲ... "

"မေမေ... ဘာလှမ်းပြောတာလဲ... "

"သူ့သားနားမှာ ကပ်နေတဲ့ အသချော်ဆိုတဲ့ ကောင်မလေး

ကို တခြားကဆက်ရှင် ပြောင်းလို့ရရင် ပြောင်းလိုက်ပါ တဲ့… နီးစပ်သွားမှာ ကြောက်တယ်တဲ့… သူများတွေက… သတိပေးနေကြတယ်တဲ့… ”

“တောက်… ”

လဝန်းကုဋေ တောက်ခေါက်လိုက်မိသည်။

မလိုတဲ့လူတွေ… ။

လဝန်းကုဋေနဲ့ နီးစပ်သွားမှာ ကြောက်ပြီး… မေမေ့ဆီ လှမ်းသတင်းပို့ကြတာပေါ့… ။

အသချော်သိရင် ဘယ်လောက် ဝမ်းနည်းကြေကွဲ လိုက်လေမလဲ… ။

“ဒီကိစ္စတွေ… အသချော်သိလို့ မဖြစ်ဘူးနော်… ”

“စိတ်ချပါ ဆရာ… ”

“နောက်တစ်ရက် နှစ်ရက်အတွင်း ငါ ခရီးထွက်မယ်… ”

“ဟင်… ဆရာက ဘယ်ကိုသွားမှာလဲ… ”

“ကလော အောင်ပန်း… ”

ချိုမြကို အသိပေးထားလိုက်သည်။

သူသွားလျှင် ချိုမြ လိုက်နေကျ… ။

ဟိုင်းဝေးကားမောင်းတာ ချိုမြက စိတ်ချရသည်။



“ဘယ်သူတွေပါမှာလဲ… ”

“အသချော်နဲ့ တခြားမိန်းကလေးတစ်ယောက်… ”

“ဟာ… ဒါဆိုအတော်ပဲ… ကျွန်တော့်ကောင်မလေးကို ခေါ်ခဲ့မယ်… ”

ချိုမြ ဝမ်းသာသွားသည်။

ပြီးတော့မှ… တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

“ဖြစ်ပါ့မလား ဆရာ… ဆရာအိမ်က ဒီကိစ္စကို သိသွားရင် ပြဿနာတွေ တောက်လျှောက်တက်ကုန်မယ်… ”

အသချော်ကို ရည်ရွယ်ပြီး ပြောလိုက်မှန်း လဝန်း ကုဋေ တန်းသိသည်။

“ဖြစ်ချင်တာ ဖြစ်ပစေကွာ… နောက်မှ ရှင်းမယ်… ခု လောလောဆယ်… ငါ အရမ်းစိတ်ညစ်နေတယ်… ကုမ္ပဏီ ကိစ္စနဲ့ သွားတာပဲ… စိတ်ပြေလက်ပျောက်ပေါ့… ”

“ကျွန်တော် အစီအစဉ်ဆွဲထားလိုက်တော့မယ် ဆရာ… ”

“ကောင်းပြီ… ချိုမြ… တစ်ခုတော့ရှိတယ်… ဘယ်သူတွေ လိုက်မယ်ဆိုတာ မပြောနဲ့… ထိပ်တန်းလျှို့ဝှက်ချက်… ကြားလား… ”

“သဘောပေါက်ပါတယ် ဆရာ… ”

သူ့ကောင်မလေးနဲ့သွားရမှာမို့ ချိုမြ ပျော်ပြီး ပြန်ထွက်သွားသည်။ သူတို့ကိစ္စက မိဘတွေပါ သိပြီးသား သဘောတူထားပြီးသား... ။

သူတို့က လွတ်လပ်သည်။

ဘာအနှောင်အဖွဲ့မှ မရှိ... ။

ပျော်ပျော်ကြီး လိုက်လာလို့ရသည်။

လဝန်းကုဋ္ဌေနဲ့ အသချေသာ... အတူတွဲထွက်ရုံက ခက်နေသည်။ ရုံးမှာက မျက်လုံးတွေ အများကြီး... ရှိနေကြသည် မဟုတ်ပါလား။

"တီ... တီ... "

ဟော... ဖုန်းသံက မြည်လာပြန်ပြီ... ။

"ဟလို... "

"အခုပြောနေတာ မောင်လဝန်းကုဋ္ဌေလား... "

"ဟုတ်ပါတယ် ခင်ဗျာ... "

"ကြီးစောလေ... ကြီးစော... "

"ဗျာ... "

ကြီးစော... တဲ့... ။

"ပြောလေ ကြီးစော... ကျွန်တော် နားထောင်နေပါတယ်"



"ကြီးစောတို့ အထက်မြန်မာပြည်ကို ဘုရားဖူးထွက်ကြမလို့ကွဲ... အဲဒါ... မောင်လဝန်းကုဋ္ဌေများ လိုက်မလားလို့... "

"ဟာ... မအားသေးပါဘူး ကြီးစော်ရေ... ကုမ္ပဏီကို နိုင်ငံခြားသား ဧည့်သည်တွေ လာမယ်ဆိုလို့... စောင့်နေတာ... ကြီးစောတို့ပဲ လွတ်လွတ်လပ်လပ် သွားဖူးကြပါ... "

"ကြီးစောက... မောင်လဝန်းကုဋ္ဌေကို လိုက်စေချင်တာ"

"ကျွန်တော် တကယ်မအားလို့ပါ... "

"ဒါဆိုရင်လည်း ပြီးရော... "

ခွပ်ခနဲ ဖုန်းချသွားပြီ... ။

ကြီးစောက လိုရင်းတိုရှင်းသမား... ။

စကားကို သိပ်မပြော... ။

တော်ပါသေးရဲ့...

သူ ငြင်းလိုက်တာ အေးအေးဆေးဆေး လက်ခံများလို့... မိဘတွေနဲ့ပေါင်းပြီး အတင်းအကျပ် လိုက်ရမယ်ဆိုသွားပြီ... ။

သူ တွေးရင်းနဲ့ တစ်စုံတစ်ခုကို သတိရသွားသည်။

ဖုန်းကောက်လှည့်လိုက်၏။

"အသချော်... "

အသချော်ကို တိုးတိုးလေး ခေါ်လိုက်သည်။

"အမ်ဒီလား... ဘာလိုလဲဟင်... "

"မင်း ထမင်းမစားရသေးဘူးမို့လား... "

တစ်ဘက်က ပြန်ပြောသံ ချက်ချင်းမကြားရ။

နံရံတစ်ချပ်ခြားသော အခန်းထဲမှာ အသချော်ရှိနေမှန်း သိနေပေမဲ့ အဝေးကြီးမှာလို ခံစားနေရသည်။

"အမ်ဒီရော... စားပြီးပြီလား... "

"မစားရသေးဘူး... "

"အပြင်မှာ ထွက်စားမလား အမ်ဒီ... အသချော် လိုက်ခဲ့ပေးမယ်လေ... "

"ကောင်းပြီ... အသချော် အောက်အရင်ဆင်းနှင့်... ကိုယ်လိုက်ခဲ့မယ်... "

အသချော်နှင့်အတူ ထွက်ရပြန်ပြီ... ။

"ဘယ်သွားမလဲဟင်... "

ကားပေါ်ရောက်ရောက်ချင်း အသချော်က မေးသည်။

"အေးချမ်းတိတ်ဆိတ်နေတဲ့ နေရာလေးတစ်ခုခုကိုပေါ့"



ကားကြီးက နောက်ဆုံးပေါ်ကား... ။

ကက်ဆက်သံတိုးတိုးလေးကို အသချော် ကြားနေသည်။

"အသချော်... "

"ရှင်... "

"မင်း**ပြောတဲ့** ကောင်လေးကို မင်း ဘာလို့ ချစ်တာလဲဟင်... "

အသချော်ဆီက အဖြေစကားကို မကြားရ... ။

ငြိမ်ပြီး စဉ်းစားနေသည်။

"ကိုယ် မေးတာ ဖြေလေ... "

"အသချော် အဲဒီမေးခွန်းကို မဖြေပါရစေနဲ့... "

အသချော် ယတိပြတ်ငြင်းလိုက်သည်။

"ဘာဖြစ်လို့လဲ... "

"အမ်ဒီ စိတ်မကောင်းဖြစ်မှာစိုးလို့... "

အသချော် အဖြေက ရှင်းနေသည်။

"ကိုယ် စိတ်မကောင်းဖြစ်အောင် အသချော် ဘာမှမလုပ်ဘူးဆိုတဲ့ သဘောပေါ့... ဟုတ်လား... ကိုယ့်ကို စိတ်ချမ်းသာစေချင်တယ်ဆိုတဲ့ သဘောပေါ့... "

"အမ်ဒီ့မှာ ကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့ စိတ်ညစ်နေတာ... အသင်္ချေ သိပါတယ်... ဘာမဟုတ်တဲ့ အသင်္ချေ့ကိစ္စကြောင့် ထပ်ပြီး စိတ်ညစ်ရတာမျိုး... မဖြစ်စေချင်တော့လို့ပါ... "

အသင်္ချေက လှလှပပလေးအဖြေပေးလိုက်သည်။

"ကောင်းပြီ... အသင်္ချေ... ဒါဆို အသင်္ချေ့ကို ကိုယ် တစ်ခုထပ်မေးမယ်... "

"မေးပါ... ပြန်ဖြေရမဲ့ မေးခွန်းဆိုရင်... အမ်ဒီ သဘောပေါက် နားလည်တဲ့အထိ... အသင်္ချေ ကြိုးစားဖြေပါ့မယ်"

"အဲဒီ့ကောင်လေးနဲ့ ကိစ္စကို... အသင်္ချေ ဘာဆက်လုပ်မလဲ... "

အသင်္ချေ့မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးတွေ ရုတ်တရက် ဖြတ်ပြေးသွားသည်။

"အသင်္ချေ မနက်ကပဲ... အမ်ဒီ့ကို မေးပြီးပြီလေ... အမ်ဒီ ဘာဖြစ်စေချင်သလဲလို့... "

"ကိုယ် ဖြစ်စေချင်တာ ပြောရင်... ကိုယ့်ရဲ့အတ္တတွေပါလာမယ်... ကိုယ့်ရဲ့ဝန်တိုမှုတွေ ပါလာမယ်... ကိုယ်... အဲဒါတွေနဲ့ မငြိစွန်းချင်ဘူး... ကိုယ် သိချင်တာ... အသင်္ချေ



ရင်ထဲက ဆန္ဒ... အသင်္ချေ... အဲ့ဒီကောင်လေးကို ဘာဆက်လုပ်မလဲ... "

"အမ်ဒီ သိချင်တယ်ပေါ့... "

ကားမောင်းနေရင်း ခေါင်းကလေးကို အသာငြိမ့်ပြလိုက်သည်။ အသင်္ချေက နဖူးပေါ်ဝဲကျနေတဲ့ ဆံပင်လေးတွေကို ဆတ်ခနဲ ခါတင်လိုက်ရင်း...

"အဲ့ဒီကောင်လေးကို... အသင်္ချေ့ရင်ထဲကနေ... တစ်သက်လုံး ချစ်နေမယ်... "

"ခက်တယ်... မင်း သိပ်တော်တယ် အသင်္ချေ... မင်း ပေးတဲ့အဖြေကို ကိုယ် သိပ်သဘောကျသွားပြီ... "

"ဟား... ဟား... ဟား... "

အရူးတစ်ယောက်လို လဝန်းကုဋေ အော်ရယ်ပစ်လိုက်သည်။

"အမ်ဒီ စဉ်းစားကြည့်လေ... အသင်္ချေ ဆယ်တန်းမအောင်ခင်ကတည်းက... အသင်္ချေ့နဲ့ အနီးဆုံးမှာ... သူ အမြဲရှိနေတာ... အသင်္ချေ့ကို ကြည့်နေတဲ့ သူ့မျက်လုံးတွေက အမြဲပဲ... ရီဝေနေတယ်... အသင်္ချေ တက္ကသိုလ်တက်တဲ့ အချိန်မှာလည်း... သူ... အသင်္ချေ့နားမှာ... ဒါပေမဲ့...

အမ်ဒီ... ခုထိ... သူနဲ့အသချော် စကားမပြောဖြစ်ကြဘူး
မပြောတာမှ... ဘာတစ်လုံးမှကို မပြောတာ... အဲ
ပြီးခဲ့တဲ့အပတ်က မိုးရွာထဲမှာပဲ ခဏလေးပြောဖြစ်သွား
တာ... "

"မင်းကို ချစ်တယ်လို့ သူ တစ်ခါမှ မပြောဘူးလား... "

"မပြောဘူး... "

"ဒါဆို သူ ချစ်နေတာ... မင်း ဘယ်လိုလုပ်သိလဲ... "

"သူ့မျက်လုံးတွေ... "

အသချော် ဆက်မပြောနိုင်ပါ။

ကားပြတင်းမှတစ်ဆင့် မြင်နေရသော ရွှေခ
ဆီမှာ... ။ အသချော် အကြည့်လေးတွေ ရောက်နေသည်။

"သူ့မျက်လုံးတွေ... ဟုတ်လား အသချော်... "

"နှုတ်က ဖွင့်မပြောဘဲ... ရင်ထဲကနေ ချစ်နေတဲ့လူ
ယောက်ရဲ့ မျိုသိပ်ထားတဲ့ စကားတွေကို အလွယ်
ဘာသာပြန်နိုင်တာ... မျက်လုံးတွေပဲ ရှိပါတယ် အ

"ဒါဆို... ကိုယ့်မျက်လုံးတွေကျတော့ရော... အ
ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုမလဲ... "

အသချော့်ဆီက ရယ်သံတိုးတိုးလေးတစ်ခု



လိုက်ရသည်။

"အမ်ဒီ အရမ်းနောက်တာပဲ... "

ရယ်ရင်းနှင့် အသချော် ပြောနေသည်။

"ကိုယ်နောက်နေတာ မဟုတ်ဘူး အသချော်... ကိုယ်... တကယ်သိချင်လို့ မင်းကို မေးနေတာ... "

"အသချော် ပြောရမလား... "

"ဖြေလေ... ကိုယ် နားထောင်ကြည့်မယ်... "

"အမ်ဒီ့ ရင်ထဲမှာ... ကြေကွဲနေတယ်... တစ်ခုခုကို ဖောက်ခွဲပစ်ဖို့... အမ်ဒီ အဆင်သင့်ဖြစ်နေတယ်... ဒါပေမဲ့... ဂုဏ်သိက္ခာ... အမ်ဒီ့ဂုဏ်သိက္ခာကို အတတ်နိုင်ဆုံး... စောင့်ထိန်းဖို့လည်း... အမ်ဒီ... သွေးရူးသွေးတန်း ကြိုးစားနေတယ်... "

"မင်း မဆိုးဘူး အသချော်... တစ်ထပ်တည်း မဟုတ်တာတောင်မှ... ထပ်တူနီးပါး ဖြစ်တဲ့အထိ... မင်း ဖော်ထုတ်နိုင်တယ်... မင်းကို... ကိုယ် လေးစားပါတယ်... "

နှစ်ယောက်ပြိုင်တူ ခပ်တိုးတိုးလေး ရယ်လိုက်မိကြသည်။

မကြာခင်...

အေးချမ်းတိတ်ဆိတ်တဲ့ ထမင်းဆိုင်ကလေး တစ်[illegible]
ကို ရောက်ခဲ့ကြ၏။

မြန်မာဆိုင်ကလေး...

"အသေချာ ကြိုက်တာမှာနော်... "

"အမ်ဒီ မှာပါ... "

ထမင်းစားနေရပေမဲ့... စိတ်က ထမင်းတွေ ဟင်း
တွေထဲမှာမရှိ... ။ လဝန်းကုငွေ ရင်ထဲမှာ... တစ်ခုခုလိုနေသည်
ခံစားနေရသည်။

"အမ်ဒီ... "

"ဟင်... "

"ခရီးထွက်ရင်... အသင်္ချေ ဘာတွေပြင်ဆင်လာခဲ့ရမလဲ...
ဟင်... ကုမ္ပဏီအတွက် လိုအပ်တဲ့ စာရွက်စာတမ်းတွေ"

"ဒဗလျူဆဲဗင်းနဲ့ ပီဖိုး... ဖိုင်နှစ်ခုပဲ ယူခဲ့ပေါ့... ကျန်တာ
တွေက ရပါတယ်... တချို့ဟာက အခုမှ... စပြီး ဆွေးနွေး
ရင် ဆွေးနွေးရမဲ့ ကိစ္စတွေလေ... သိပ်တော့ အရေးမကြီး
ပါဘူး... "

"ဦးချိုကြီးက... သူ့ကောင်မလေး ခေါ်ခဲ့မယ်တဲ့... ပျော်
စရာကြီးနော်... "



"သူတို့က... မကြာခင် လက်ထပ်ကြတော့မှာ... "

ချိုမြအတွက် လိုအပ်တာ စီစဉ်ပေးဖို့... လဝန်း
ကုငွေ တာဝန်ယူထားသည်။

"ဟင်... "

မထင်မှတ်သော မြင်ကွင်း... ။

ဆိုင်ကလေးထဲသို့ ဝင်လာသူသုံးယောက်...

ကြီးစောနဲ့ မြူးဇစ်မိုးနဲ့ ဆံပင်ရှည်ရှည် မျက်နှာနီနီ
ကောင်လေးတစ်ယောက်။

"ဩော်... "

ကြီးစော မျက်လုံးပြူးသွားသည်။

မြူးဇစ်မိုးက မျက်နှာကို ချာခနဲလှည့်ပစ်လိုက်၏။

"မောင်... မောင်လဝန်းကုငွေ... "

ကြီးစောက အသင်္ချေကိုတစ်လှည့်... ၊ လဝန်း
ကုငွေကိုတစ်လှည့် ပြူးပြူးပျာပျာ ကြည့်ရင်း...

"ဒါ... ဒါ... "

"ထိုင်လေ... ကြီးစော... မြူးဇစ်မိုးတို့ကိုလည်း ခေါ်လိုက်
လေ... "

"မထိုင်တော့ပါဘူးကွယ်... မြူးဇစ်မိုးလေ... ဒီဆိုင်က...

ထမင်းနဲ့ဟင်းကို စားချင်တယ်ဆိုလို့ လိုက်ပို့တာ... စားကြပါ... ကြီးစောတို့ကြောင့် အနှောင့်အယှက်ဖြစ်နေပါဦးမယ်ကွယ်... "

ကြီးစော ပြောလည်းပြော... ၊ အသချော်ကိုလည်း စူးခနဲ တစ်ချက်ကြည့်လိုက်သေး၏။

မြူးဇစ်မိုးကတော့ ခပ်တင်းတင်းပင်... ။

တခြားစားပွဲမှာ ပါလာတဲ့ကောင်လေးတစ်ယောက်နဲ့ သွားထိုင်နေပြီ။

"ကြီးစော... ဒါ... ကျွန်တော့်ကုမ္ပဏီက ကျွန်တော့်ရဲ့ အတွင်းရေးမှူးမလေးပါ... အသချော်တဲ့... "

"တွေ့ရတာ ဝမ်းသာပါတယ်ကွယ်... "

"ဟုတ်ကဲ့ရှင့်... "

ကြီးစောက ပြုံးနေပေမယ့် အသက်မပါ... ။

အသချော်က ခေါင်းကလေးကို ပြန်ငုံ့ထားပြီး ထမင်းတွေကို ဆက်စားနေသည်။

"သွားမယ်နော်... "

"ဟုတ်ကဲ့... ကြီးစော... "

တစ်ဘက်ဝိုင်းမှာ ကိုယ်နဲ့စေ့စပ်ထားတဲ့ ကောင်မလေး... ။ သည်မှာက ကိုယ် ရင်ခုန်နေရတဲ့သူ... ။



"အသချော်... "

"ရှင်... "

"ကိုယ်ပြောတဲ့ မြူးဇစ်မိုး ဆိုတာ သူပဲ... "

"အသချော် ရိပ်မိပါတယ် အမ်ဒီ... အမ်ဒီတို့ နှစ်ယောက်ကြားမှာ အသချော်ကြောင့် အဆင်မပြေတာတွေ ကြုံတွေ့လာရမှာ... အသချော် စိုးရိမ်ပါတယ်... "

"ကိစ္စမရှိပါဘူး အသချော်... ကိုယ်မှ လက်မထပ်နိုင်တာဘဲ... သူ သဘောပေါက်ရမှာပေါ့... ပြီးတော့... သူနဲ့ ကိုယ်နဲ့ကြားမှာ နားလည်မှု... "

"လူကြီးတွေကို ထည့်တွက်ပါဦး အမ်ဒီ... "

အသချော် သတိပေးနေသည်။

လဝန်းကုဋေ... ပြုံးရုံလေး ပြုံးလိုက်၏။

"အရွယ်ရောက်သူတိုင်းမှာ... ကိုယ့်ကြမ္မာကို ကိုယ် ဖန်တီးနိုင်ခွင့် ရှိကိုရှိသင့်တယ်... ကိုယ်ရအောင် ဖြတ်ကျော်မှာပါ... နောက်ဆုံး... ကိုယ့်ကိုသာ အဖြစ်က စွန့်လွှတ်မလား... ကိုယ် အဆင်သင့်ပဲ... "

"ပြန်ကြစို့ အမ်ဒီ... အသချော်တို့ ဒီနေရာမှာ ဆက်နေဖို့ မသင့်တော်ဘူး... "

ပြန်ဖို့ ပြင်ဆင်နေစဉ်မှာပင်... မထင်မှတ်သော အဖြစ်အပျက်တစ်ခုက စတင်ဖြစ်လာခဲ့သည်။

ထိုအဖြစ်အပျက်ကို စတင်လိုက်သူမှာ မြူးဇစ်မိုး။

သူတို့ဝိုင်းနားကို လျှင်မြန်သော ခြေလှမ်းများဖြင့် ရုတ်တရက် ရောက်လာခဲ့၏။

"ဟင်... "

လဝန်းကုဋေ ကြောင်သွားသည်။

"ထိုင်မယ်နော်... "

"အား... ထိုင်ပါ... ထိုင်ပါ... "

"မိတ်ဆက်ပေးပါဦး... "

မြူးဇစ်မိုးက အသချော်နဲ့ အတင်းပင် မိတ်ဆက်ခိုင်းနေပြီ... ။

"ဒါ... မြူးဇစ်မိုးတဲ့ အသချော်... မှတ်ထားနော်... "

"ဟုတ်ကဲ့... အမ်ဒီ... "

သွေးဆုပ်ဖြူရော်နေသော အပြုံးတစ်ခု မြူးဇစ်မိုး မျက်နှာမှာ ပေါ်လာသည်။

"ထပ်ပြောဦးလေ... ဦးလဝန်းကုဋေရဲ့... ကိုယ်နဲ့စေ့စပ်ထားတဲ့ မြူးဇစ်မိုးဆိုတာ... သူပဲလို့... "



"ရှင်... "

"အဲဒီစေ့စပ်တဲ့နေ့ရဲ့ နောက်တစ်နေ့မှာတောင်... စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း သတင်းက... ရှိသမျှသတင်းစာတွေထဲမှာ အကုန်ပါလာသေးတာပဲဟာ... "

"ကျွန်မ... "

"အသချော် အစော်ကားခံလိုက်ရပြီ... "

"မင်း... မင်း... ဘာပြောတာလဲ မြူးဇစ်မိုး... မင်းနဲ့ ကိုယ်နဲ့... အဲ့ဒီကိစ္စကို ဖျက်သိမ်းပစ်ဖို့ သဘောတူထားပြီးပြီပဲ... မင်းနဲ့ကိုယ်နဲ့ကြားမှာ အဲဒီကိစ္စ ကျေးမဝင်တော့ဘူး... ပြီးတော့... မင်းကိုယ်တိုင်လည်း တွဲချင်တဲ့သူနဲ့ တွဲနေတာပဲ... "

"ဟင်း... ဟင်း... ဒေါ်သမကြီးစမ်းပါနဲ့ ဦးလဝန်းကုဋေရယ်... မြူးဇစ်မိုးလို မိန်းမမျိုးကိုကျတော့... စေ့စပ်ထားတာကို မပျက်ပျက်အောင်... ကြိုးစားတယ်... ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကိုကျတော့... ရှင်... အထင်ကြီးလိုက်ရတာ... "

"မင်း... မင်း... တော်တော့ မြူးဇစ်မိုး... "

လူရှင်းသော ဆိုင်ကလေးဖြစ်၍သာ တော်သေးတော့၏။

"ဒီမှာ... ဦးလဝန်းကုဋ္ဋေ... မိန်းမဆိုတာ... မိန်းမစိတ်ပဲ ရှိတယ်... ရှင့်ကို နောက်ဆုံးပြောလိုက်မယ်... မြူးစစ်မိုး ဆိုတဲ့မိန်းမကို အဲဒီလိုပုံစံမျိုးနဲ့ ယှဉ်လာလို့ကတော့... ရှင့် ကို မရ‌ရအောင် လက်ထပ်မယ်... မြူးစစ်မိုးမှာ ရှိသမျှ စည်းစိမ်ချမ်းသာတွေနဲ့ ပုံပြီး လဲရလဲရ... ရှင့်ကို ကျွန်မ ရအောင်ယူမယ်... "

မြူစစ်မိုးအကြည့်တွေက အသင်္ချေ့ဘက်လှည့် သွားသည်။

"အသင်္ချေ... "

"ရှင်... "

"ကိုယ် ဒီနေ့ကစပြီး... မင်းနဲ့ပြိုင်မယ်... "

"ကျွန်မ... "

အသင်္ချေ့အသံလေးက တိမ်နစ်ဝင်သွားသည်။

နောက်ထပ် ဘာတစ်ခုမှ မပြောလိုက်နိုင်ခင်မှာ ပင်... မြူစစ်မိုးက ချာခနဲလှည့်ထွက်သွားပြီ။

အစကနဲ့ ချလိုက်သူက အသင်္ချေ... ။

"အသင်္ချေ... "

ကိုယ်ကလေး သိမ့်ခါနေအောင်... အသင်္ချေ ရှိုက် ငိုနေသည်။



"ကိုယ့်အပြစ်တွေပါ အသင်္ချေရယ်... ကိုယ့်ကြောင့်... အသင်္ချေ အစော်ကားခံလိုက်ရတာ... ကိုယ် စိတ်မကောင်း ပါဘူး... "

အဖြစ်အပျက်တွေက လွန်ခဲ့ပြီမို့... ဘာမှမတတ် တော့။

ကြီးစောနဲ့ မြူးစစ်မိုးတို့ဝိုင်းဆီမှ ရယ်မောသံတွေ လှောင်ပြောင်ဟားတိုက်နေသည့်အလား။

လဝန်းကုဋ္ဋေ... ရင်နင့်အောင် ခံစားနေမိသည်။

## အခန်း(၈)

"အသင်္ချေ... "

"ပြောပါ အမ်ဒီ... "

"ကိုယ် တောင်းပန်ပါတယ်ကွာ... "

ကန်တော်ကြီးစောင်းရှိ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်မှ ကားကိုထိုးရပ်လိုက်ရင်း အသင်္ချေ့ကို တောင်းပန်နေမိသည်။

"ကိစ္စမရှိပါဘူး အမ်ဒီ... မိန်းမတစ်ယောက်အနေနဲ့ သူနဲ့ လက်မထပ်ချင်လောက်အောင် ခါးခါးသီးသီးဖြစ်နေတဲ့ ယောက်ျားတစ်ယောက်ကို... အဲလောက်တော့... မိန်



ခေါ်သင့်တယ်... မြူးစစ်မိုးဘက်က အသင်္ချေ ထောက်ခံပါတယ်... "

"မဟုတ်ဘူးလေ... ကိုယ့်ကြောင့်... အသင်္ချေ... "

"အသင်္ချေ ခံနိုင်ရည်ရှိပါတယ်... "

တည်ငြိမ်စွာဖြင့်... လဝန်းကုဋေ ပြောသမျှကို အသင်္ချေက အေးအေးဆေးဆေး ပြန်ဖြေနေသည်။

"ဘယ်မိန်းမ,မဆို အဲဒီလိုကိစ္စမျိုးတွေမှာ မခံချင်ဖြစ်ကြမှာ သေချာတယ် အမ်ဒီ... ရွှေလင်ဗန်းနဲ့ အချင်းဆေးပြီး တစ်သက်လုံး ချမ်းချမ်းသာသာ နေလာခဲ့ရတဲ့ မိန်းမ တစ်ယောက်ကို ပစ်ပယ်ပြီး... သူပြောတဲ့ ဘာမဟုတ်တဲ့ မိန်းမ တစ်ယောက်ကိုမှ အမ်ဒီက အထင်ကြီးလေးစားနေတယ် ဆိုတော့... အမ်ဒီ စဉ်းစားကြည့်လေ... သူ့ရဲ့ ဆွေစဉ်မျိုးဆက် ချမ်းသာလာခဲ့တဲ့ ဂုဏ်သိက္ခာတွေ... မာနတွေကို... အသင်္ချေလို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကြောင့်... ဘယ်အပျက်ခံနိုင်ပါ့မလဲ အမ်ဒီ... ဒါကြောင့်... အမ်ဒီ့ကို... မခံချင်စိတ်နဲ့ စိမ်ခေါ်သွားသလို အသင်္ချေ့ကိုလည်း ပြိုင်ဘက်တစ်ယောက်အနေနဲ့ လုံးဝသတ်မှတ်သွားတာ ဖြစ်မှာပါ... "

"သူ... ကိုယ်နဲ့စေ့စပ်ပွဲဖျက်ဖို့ သဘောတူထားတာပဲ"

"မှန်ပါတယ် အမ်ဒီ... ဒါကလည်း... မိန်းမတစ်ယောက်ရဲ့ အတွင်းစိတ်ကို... လှုံ့ဆော်ပေးနိုင်တဲ့ အဖြစ်အပျက်မျိုး မပေါ်ပေါက်ခင်က သဘောတူထားခဲ့ကြတာပဲ... ခု... အမ်ဒီ့ဘေးမှာ အသချိုရှိနေတယ်လေ... တစ်လလုံး အလုပ်လုပ်တာတောင်မှ... သူ့ရဲ့ဖိနပ်တစ်ရံဖိုးရအောင် မရှာနိုင်တဲ့မိန်းမတစ်ယောက်ကို ကားသစ်တွေ ထည်လဲစီးပြီး... ငွေကို ရေလိုသုံးနေတဲ့ မိန်းတစ်ယောက်က... ဘယ်အရှုံးပေးချင်ပါ့မလဲ... အသချို သူ့ဘက်က ထောက်ခံတယ်... သူ့ရဲ့ခံစားချက်ကို မိန်းမတစ်ယောက်အနေနဲ့ ကိုယ်ချင်းစာတယ်... "

"အသချိုရယ်... မင်း... "

လဝန်းကုဋ္ဌေ ရင်ထဲမှာ အသချိုကိုပဲ နားမလည်နိုင်အောင် ဖြစ်လာခဲ့ရသည်။

"သူမှားသွားတာ... တစ်ချက်ပဲရှိတယ်... အမ်ဒီ... "

အသချို့မျက်လုံးတွေကို သူ အသေအချာစိုက်ကြည့်နေမိ၏။ တောက်ပသော ထက်မြက်မှုတစ်ခုနှင့်အတူ ပြတ်သားသော မာနရိပ်များက အသချို့မျက်လုံးထဲမှာ ထင်ရှားနေခဲ့သည်။



"အဲဒါ... အသချို့ကို လျှော့တွက်လိုက်တာပဲ... "

အသချို့နှုတ်ခမ်းလေးတွေက အပြုံးရိပ်ယှဲ့ယှဲ့လေးတွေ လှစ်ခနဲဖြတ်ပြေးသွားသည်။

"တကယ်တော့... ပိုက်ဆံမရှိလို့... မိဘကို ရိုးရိုးသားသားရှာဖွေကျွေးမွေးချင်လို့... အမ်ဒီ့ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့ရတာပါ... မိန်းမတစ်ယောက်နဲ့ စေ့စပ်ထားတဲ့ ယောက်ျားတစ်ယောက်ကို လုယူဖို့ဆိုတဲ့အတွေးအခေါ်... အသချို့ဘဝမှာ ဘယ်တော့မှရှိလာမှာ မဟုတ်ဘူး... အဲဒီအတွက် မြူးဇစ်မိုးရဲ့ အထင်သေးမှုကိုတော့... အသချို ကန့်ကွက်တယ် အမ်ဒီ... သူတို့လို ပိုက်ဆံမချမ်းသာပေမဲ့... မာနနဲ့စိတ်ဓာတ်အဆင့်အတန်းက... သူတို့ထက် ပိုချမ်းသာပါတယ်... "

"ကိုယ်... အသချို့ကို နားလည်တယ်... လေးစားတယ်... ပြီးတော့... တန်ဖိုးထားတယ်... "

"ကျေးဇူးတင်ပါတယ် အမ်ဒီ... "

"ဒီနေ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို နောက်ဆက်တွဲ လှိုင်းဂယက်တွေ... မကြာခင်... ရိုက်ခတ်လာတော့မယ် အသချို... ကိုယ်... မြူးဇစ်မိုးရဲ့မျက်လုံးတွေကို ကြောက်

နေတယ်... ဒီမိန်းမဟာ သဲကြီးမဲကြီး... ကိုယ့်ကို...
ပြိုင်တော့မဲ့မိန်းမ... ”

ရှုးရှုးရှဲရှဲကြည့်သွားတဲ့ မြူးဇစ်မိုးရဲ့ မျက်လုံးတွေ
အတွေးထဲမှာ ပြန်မြင်နေရသည်။

“ကိုယ် စိတ်ညစ်တယ် အသချော်ရယ်... ဒီညပဲ ခရီးစထွက်
တာ ကောင်းမယ်... ကိုယ် ရန်ကုန်မှာ မနေချင်တော့
ဘူး... ”

“ဘာပဲဖြစ်ဖြစ်... အသချော် အမ်ဒီနဲ့အတူ ရှိနေမှာပါ...
ဂုဏ်သိက္ခာရှိစွာ... လိပ်ပြာလုံစွာ... အမ်ဒီခေါ်တဲ့နောက်
ကို အသချော် လိုက်ခဲ့ပေးပါ့မယ်... ”

ပြတ်သားခိုင်မာသော အသချော်ရဲ့ ဆုံးဖြတ်ချက်

အသချော့်ကို လာခေါ်ဖို့ လဝန်းကုမ္မေလိပ်စာ
ထားလိုက်သည်။

“ဟာ... ဆရာရယ်... ဘယ်လိုဖြစ်တာလဲ... ချက်ချင်း
ကြီး... ”

ချိုမြ အံ့သြနေသည်။

“ဒီည ကိုးနာရီ... ရန်ကုန်က စ,ထွက်မယ်... ”

ပြင်ဆင်စရာရှိတာတွေအားလုံး ရုံးမှာပဲ



...သည်း ပြင်ဆင်လိုက်ကြသည်။ ဖိုင်တွေကို ချိုမြလက်ထဲ အပ်
...လိုက်၏။

“ကိုယ့်ခြံကို ရှစ်နာရီခွဲအရောက်လာ... မင်းကောင်မလေး
ကို သေသေချာချာ အပါခေါ်ခဲ့... ကြားလား... ”

“စိတ်ချ ဆရာ... ”

အားလုံးတက်ကြွနေကြသည်။

ကလော... အောင်ပန်း... တောင်ကြီး ခရီးစဉ်...

လဝန်းကုမ္မေ ခြံထဲပြန်ရောက်တော့... ညနေ
...ခြောက်နာရီ။

“သား... လဝန်း... ”

ဖေဖေ ဦးမိုးအာကာ... ။

ဧည့်ခန်းထဲမှာ ထိုင်စောင့်နေသည်။ သူ ဝင်လာ
...ကို မြင်တော့ လှမ်းခေါ်လိုက်၏။

“ဗျာ... ”

“ဖေဖေ... မင်းကို ပြောစရာရှိတယ်... ”

နေ့လယ်က အဖြစ်အပျက်ရဲ့ နောက်ဆက်တွဲ
...က်တစ်ခုက လဝန်းကုမ္မေကို စောင့်ကြိုနေခဲ့ပြီ။

“ထိုင်လေကွာ... ”

မတ်တတ်ရပ်နေသော လဝန်းကုငွေကို ဦးနှ
အာကာ ထိုင်ခိုင်းနေသည်။

"ဘာပြောစရာရှိလို့လဲ ဖေဖေ... "

"နောက်ထပ်ဆယ်ရက်အတွင်း မင်း လက်ထပ်ရလိ
မယ်... "

"ဗျာ... "

ရင်ထဲမှာ ပေါက်ကွဲသံတစ်ခု ကျယ်လောင်စွာ
မြည်ဟည်းတုန်ခါသွားသည်။

"ဆယ်... ဆယ်ရက်အတွင်း... ဟုတ်လား ဖေဖေ... "

"ဟုတ်တယ်... ဆီဒိုးနားဟိုတယ်မှာ... "

နေရာကိုပါ အတိအကျသတ်မှတ်ပြီး ဖြစ်နေပြီ

"ဘယ်လိုဖြစ်တာလဲ ဖေဖေရာ... သားဘက်မှာ... ဘာ
မပြင်ဆင်ရသေးဘူး... ပြီးတော့... အဲလောက်မြန်မြ
ကြီးလဲ... "

"မင်း ဆက်မပြောနဲ့ လဝန်းကုငွေ... "

ဖေဖေ့အသံက မာဆတ်ပြတ်တောင်းနေသည်။

ဖေဖေ့ပုံစံက တစ်ခုခုကို အခိုင်အမာ ဆုံးဖြတ်ထား
ပြီးသားဖြစ်နေသည့်ပုံစံ... ။ ပြီးတော့ ဒေါသ... ၊ ဖေဖေ့မျက်လုံး
ထဲမှာ ဒေါသရိပ်တစ်ခုကို လဝန်းကုငွေ ရှာတွေ့နေရသည်။



"မင်း... ငါ့ကို အရှက်မခွဲနဲ့... "

အော်သံဟစ်သံတွေကြောင့်... မေမေဒေါ်ချမ်းမြေ့
စပယ်ပါ ဧည့်ခန်းထဲကို အပြေးအလွှား ရောက်လာသည်။

"သား... လဝန်းလေး... ဖေဖေ့စကားကို နားထောင်စမ်း
ပါကွယ်... ဖေဖေက သားကို ကောင်းစေချင်လွန်းလို့ ပြော
နေတာပါ... "

မေမေက ကြားဝင်သည်။

"ဒီမှာ လဝန်း... "

"ပြောပါ ဖေဖေ... သား နားထောင်နေပါတယ်... "

"မိုးငယ်လေး... ငါ့ဆီလာသွားတယ်... သူတို့ဘက်က
သဘောထားတွေအားလုံး ငါ့ကို ထုတ်ပြောသွားတယ်...
သူတို့လက်ရှိလုပ်နေတဲ့ လုပ်ငန်းတွေ... ပိုင်ဆိုင်မှုတွေ
အားလုံး လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးတဲ့နေ့မှာ...
မင်းနာမည်နဲ့ အကုန်လွှဲပြောင်းပေးမယ်တဲ့... "

"ဗျာ... "

ရှိသမျှစည်းစိမ်တွေနဲ့ မြူးဇစ်မိုး ပုံလဲချလိုက်ပြီ။
လဝန်းကုငွေရဲ့အရှိက်ကို အလှပဆုံးနဲ့ အရက်စက်ဆုံး ရိုက်ချ
လိုက်ပြီ... ။

"ဦးကြယ်စင်ခကိုယ်တိုင်လည်း သူတို့ဘက်က သဘောထားတွေကို ဖုန်းဆက်ပြောတယ်… အချိန်ဆွဲနေလို့ မဖြစ်တော့ဘူးတဲ့… "

ဦးမိုးအာကာအသံက ပြတ်သားနေသည်။

"မင်းတို့ နေရမဲ့တိုက်ကိုလည်း ဆောက်ပြီးကာစ… အသစ်ကျပ်ချွတ်… သူပိုင်တဲ့တိုက်ကိုပဲ လက်ဖွဲ့လိုက်တော့မယ်တဲ့… တို့ဆီက တိုက်ကို အချိန်ကုန်ခံပြီး ပြင်မနေနဲ့တော့တဲ့… ကဲ… သူတို့ဘက်က ဘယ်လောက်ရှင်းလဲ… သူတို့ကို ဘယ်လောက်အားနာဖို့ ကောင်းနေပြီလဲ… မင်း စဉ်းစားကြည့်စမ်း… "

"ဟုတ်ပါတယ် သားရယ်… သူတို့ဘက်က လုပ်ပေးကိုင်ပေးတာတွေအားလုံးဟာ… အားနာစရာကောင်းလောက်အောင်… မျက်နှာပူစရာကောင်းလောက်အောင် ဖြစ်နေပြီ သား… ဒီတော့… ဆီဒိုးနားဟိုတယ်က ရမ့်ရက်ကိုပဲ မေမေတို့ စောင့်နေတော့မယ်… "

မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက် ရှိသမျှစည်းစိမ်တွေနဲ့ လောင်းကြေးထပ်လဲတဲ့ပွဲ… ။

ဆီဒိုးနားဟိုတယ်မှာ ကျင်းပမယ်တဲ့… ။



"ကောင်းပြီလေ… မေမေတို့ သဘောအတိုင်းပဲပေါ့… သားမှာ ပြောပိုင်ခွင့်… ဆိုပိုင်ခွင့်… ဘာတစ်ခုမှ မရှိတဲ့ဘဝကို ရောက်နေပြီပဲ… "

"သား… လဝန်းလေး… "

လဝန်းကုဋေ ချာခနဲလှည့်ထွက်ခဲ့သည်။

သတိရလိုက်မိတာ ဦးလေးချစ်… ။

"ဦးလေးချစ်… "

"ဟင်… "

လဝန်းကုဋေကို မြင်လိုက်ကတည်းက ပြဿနာတစ်ခုခုဖြစ်လာပြီကို ဦးလေးချစ် တန်းသိနေသည်။

"ထိုင်လေကွာ… "

"ကျွန်တော် အရမ်းစိတ်ညစ်သွားပြီ ဦးလေးချစ်ရာ… "

"ငါ သိတယ်… လဝန်းလေးရေ… ငါ သိတယ်ကွ… "

"ဟင်… ဦးလေးချစ် သိတယ်… "

"ကဲပါကွာ… ရှည်ရှည်ဝေးဝေးတွေ လျှောက်ပြောမနေနဲ့… မင်း ဘာလုပ်ချင်သလဲဆိုတာကိုပဲ ငါ့ကိုပြော… ငါ မင်းဘက်မှာရှိတယ်… မင်း ခံစားချက်ကို ငါ အပြည့်အဝ နားလည်တယ်… မိုးအာကာနဲ့ ချမ်းမြေ့စံပယ် မတရားဘူး… "

ဦးလေးချစ်က မဟုတ်ရင်မခံ... ။

ဘယ်တော့မှလည်း မမှန်တာမလုပ်... ။

"ပြောလေကွာ... လဝန်းလေး... မင်း ဘာလုပ်ချင်တာလဲ... မင်းကို ဦးလေးချစ် ကူညီမယ်... "

ဦးလေးချစ်က တက်တက်ကြွကြွ အားပေးနေသည်။

"ကျွန်တော် ဒီညပဲ ခရီးထွက်မယ်... "

"ဘယ်ကိုလဲ... ဘယ်သူနဲ့လဲ... "

"ကျွန်တော့်အတွင်းရေးမှူးမလေးနဲ့... တခြားအဖော်တွေလည်း ပါတယ်... ရှမ်းပြည်နယ်တောင်ကြီးဘက်ကို... "

ဦးလေးချစ် ပြုံးသွားသည်။

"ဦးလေးချစ် ဒီလောက်ဆိုသိပြီ... သဘောပေါက်ပြီ... ကိုယ်မှန်တယ်ထင်လို့ လုပ်တဲ့ကိစ္စတစ်ခုကို... ဘယ်တော့မှ နောက်မဆုတ်နဲ့... ဖြစ်လာသမျှကို ကြံ့ကြံ့ခံရင်ဆိုင်... ကြုံတွေ့လာရမဲ့ အခက်အခဲတွေအားလုံးကို ဖြတ်ကျော်... "

ဦးလေးချစ်အသံက အားမာန်အပြည့်ဖြင့် တက်ကြွနေသည်။

"သူတို့ကတော့ မင်္ဂလာပွဲကိစ္စကို အရေးတကြီး စီစဉ်နေကြပြီ ဦးလေးချစ်... "



"ငါ သိပါတယ်ကွ... "

"ကျွန်တော့်ကို ဖေဖေ ဘယ်လိုအရေးယူမယ်လို့ ဦးလေးချစ် ထင်လဲ... "

ဦးလေးချစ် မျက်နှာပေါ်မှာ နောက်ထပ်အပြုံးတစ်ခု ထပ်ပေါ်လာသည်။

"ထုံးစံအတိုင်း... အမွေပြတ်ပဲ ဖြစ်မှာပေါ့... လွယ်လွယ်လေးပဲ... မင်း ခံနိုင်တယ် မဟုတ်လား... ယောကျ်ားပဲကွာ... လုပ်ရဲရင် ခံရဲရမှာပဲ... မင်း အရွယ်လည်းရောက်ပြီ... ကလေးလည်း မဟုတ်တော့ဘူး... "

"ကျေးဇူးတင်ပါတယ် ဦးလေးချစ်ရာ... ဦးလေးချစ်ကို ကျွန်တော် ကန်တော့ပါတယ်... "

လဝန်းကုဋ္ဌေ ဦးလေးချစ်ကိုကန်တော့လိုက်သည်။

နာရီကိုကြည့်လိုက်တော့...

ည ခုနစ်နာရီ ထိုးတော့မည်... ။

ချိန်မြဲ လာတော့မည်... ။

တီ... တီ...

တီ... တီ...

ခါးမှာချိတ်ထားတဲ့ ဆယ်လူလာဖုန်းက အသံမြည်လာသည်။

ထင်တဲ့အတိုင်း... ချိုမြဆီက ဖုန်း... ။

"အပြင်မှာ ကျွန်တော်တို့ ရောက်နေပြီ ဆရာ... "

ချိုမြ စိတ်ချရသည်။ ချိန်းထားတဲ့အတိုင်း ကွက်တိ။

"လာပြီ... ချိုမြ... ကိုယ် အခုပဲ ထွက်လာပြီ... "

ဖုန်းကို ပြန်ပိတ်လိုက်သည်။

ဦးလေးချစ်ကို နှုတ်ဆက်သည်။

အိမ်ကြီးပေါ်ကို ခပ်သွက်သွက် တက်ခဲ့၏။

အခန်းတံခါးကိုဖွင့်ပြီး လိုအပ်တာတွေ ချက်ချင်း ကောက်ထည့်လိုက်သည်။

စုစုပေါင်း ဆယ်မိနစ်... ။

အောက်မှာ ဘယ်သူမှမရှိ... ။

ဖေဖေရော မေမေပါ ဘုရားခန်း ရောက်နေကြပြီ။

သူ... အမြန်ဆုံးထွက်လာခဲ့တော့၏။

"အားလုံးအေးအေးချမ်းချမ်းပဲလား ဆရာ... "

ချိုမြ စိတ်ပူပြီး မေးနေသည်။

"အခြေအနေ သိပ်မကောင်းဘူး ချိုမြ... အခုကစပြီး... ပွဲကြမ်းတော့မှာ သေချာတယ်... "

ချိုမြကောင်မလေးက ကားနောက်ခန်းမှာ...



အသချေ့ဆီကိုရောက်တော့ ရှစ်နာရီခွဲနေပြီ။

အသချေ အဆင်သင့်စောင့်နေပါသည်။

"ကဲ... ချိုမြရေ... အခုကစပြီး... မင်းပဲ မောင်းလိုက်တော့... "

ဒရိုင်ဘာနေရာမှာ လဝန်းကုငွေနဲ့ချိုမြ လူချင်းလဲလိုက်ကြသည်။

"စိတ်ချ ဆရာ... ဆရာသာ အေးအေးဆေးဆေး လိုက်ခဲ့ပါ... "

လဝန်းကုငွေက ရှေ့ခန်းမှာပဲ ထိုင်လိုက်သည်။

နောက်ခန်းမှာ အသချေနဲ့ ခင်ခင်ကြူ... ။

စုစုပေါင်းလေးယောက်... ။

ကားကလေးက ရန်ကုန်–မန္တလေး လမ်းဘက်သို့ ဦးတည်လိုက်ပြီ... ။

## အခန်း(၉)

"ဟာ… မိုးရာ… နင့်ဟာက အမိပွာယ်မရှိလိုက်တာ… စေ့စပ်ထားပြီးမှ… ဘယ်ကနောက်တစ်ယောက် ပေါ်လာရတာလဲ… "

သူငယ်ချင်းတွေအားလုံး မကျေမနပ်ဖြစ်နေကြသည်။

"အဲဒါမျိုးတော့ အကြောမခံနဲ့ မြူးဇစ်မိုး… "

"သိက္ခာကျတယ်… "

"ဘာလဲကွာ… ရေရေလည်လည် အောက်ပဲ… "



အားလုံးအထက်တန်းလွှာအသိုင်းအဝိုင်းတွေချည်း မို့ မြူးဇစ်မိုးကို တစ်ယောက်တစ်ပေါက် မြှောက်ပေးနေကြသည်။

"လက်ထပ်ခါနီးမှ… အဲဒီ့ဟာမလေးနဲ့ ခရီးထွက်သွားတယ်ဆိုတော့… ဒါ… သက်သက်မဲ့ အရှက်ခွဲတာ… "

"မကျေနပ်ဘူးကွာ… "

သူငယ်ချင်းတွေ ပြန်သွားတော့… မြူးဇစ်မိုး ဒေါသတွေနဲ့ ကျန်ခဲ့ရသည်။

ကြိုက်တဲ့ယောကျ်ား တစ်ယောက်ကို အချက် ရောလောက် ခေါင်းခေါက်ယူနိုင်ပါလျက်နဲ့… လဝန်းကငွေ တဲ့လူနဲ့ကျမှ သိက္ခာကျအရှက်ကွဲရသည်။

"ကြီးစော… "

"ကြီးစော… "

မြူးဇစ်မိုး ဒေါသူပုန်ထ နေသည်။ ကြီးစောကိုပဲ ခေါ်နေမိသည်။

ကြီးစောလည်း ခေါင်းပူနေပြီ။

တစ်အိမ်လုံးလည်း အရှက်တွေကွဲ ဗျာများနေရပြီ။

"မြူးဇစ်မိုး… "

"မိုးရေ... "

"ကြီးစော လာပြီ... ကြီးစော လာပြီ... "

ကြီးစော အပြေးအလွှား ရောက်လာသည်။

"မိုးငယ်လေး... ဘာဖြစ်တာလဲဟင်... "

"မိုး ရှက်တယ်... ကြီးစောရာ... မိုး အရမ်းရှက်တာပဲ"

ဖေဖေနဲ့မေမေက လူကြီးချင်းစကားပြောရအောင် လဝန်းကုငွေ့တို့အိမ်ကို ထွက်သွားကြပြီ။

"သူတို့ကုမ္ပဏီကိစ္စနဲ့သွားတာလို့... သူတို့ရုံးက မန်နေဂျာ ဦးမြတ်ထွန်းက ပြောတာပဲကွယ်... တခြားကိစ္စတွေတော့ ဟုတ်မယ် မထင်ပါဘူး... "

အခန်းထဲမှာလည်း ပစ္စည်းတွေကို ပစ်ပေါက်ထား တာ ပွစာကြဲနေပြီ။

"မဟုတ်ဘူး ကြီးစော... သူတို့ကို စိမ်ခေါ်လိုက်လို့ မိုး သူတို့ ပြန်စိမ်ခေါ်တာ... မိုး မကျေနပ်ဘူး... သူတို့နော က်ကို မိုး လိုက်မယ်... အသချေဆိုတဲ့မိန်းမကို လက်စားချေ ရမှ ... မိုး ကျေနပ်မယ်... "

"သူတို့ဖေဖေ... မေမေရဲ့ သဘောထားကို စောင့်ပါဦး ကွယ်... စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့... ကြီးစော



တောင်းပန်ပါတယ်... "

"ဘာအဆင့်အတန်းမှမရှိတဲ့ မိန်းမတစ်ယောက်ကို မိုး အရှုံးမပေးနိုင်ဘူး ကြီးစော... အဲဒီမိန်းမဟာ... ဘယ် လောက်အစွမ်းထက်လို့လဲ... မိုးထက် ဘယ်လောက်မြင့် လို့လဲ... မိုး အခံရခက်တယ် ကြီးစောရာ... "

မြူးဇစ်မိုး ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။

တနုံ့နုံ့ ခံစားနေရသည်။

လူကြီးတွေလည်း မျက်နှာချင်းဆိုင်တွေ့ပြီး တိုင် ပင်နေကြ၏။

"ဘာပဲပြောပြော... သူတို့နောက်ကို လိုက်တာအကောင်း ဆုံးပဲ... မိုးအာကာ... အခြေအနေတွေ လွန်ကုန်ရင်... မကောင်းဘူး... အချိန်ရှိပါသေးတယ်... "

ဦးမိုးအာကာနဲ့ ဦးကြယ်စင်ခတို့က မိတ်ရင်းဆွေ ရင်းတွေ... ။

ညှိနှိုင်းတိုင်ပင်ကြသည်။

အချိန်မီ လိုက်ဖို့ ဆွေးနွေးကြသည်။

"ကျွန်တော့်ဘက်က ကတိမပျက်စေရပါဘူးဗျာ... ကျွန် တော့်သားကို ကျွန်တော် ရအောင် ပြန်ခေါ်လာပေးပါ့

မယ်… မင်္ဂလာရက် အတိအကျကိုတော့ ကျွန်တော် ပြန်
ရောက်မှပဲ ရွေးကြတာပေါ့… ”

ဦးမိုးအာကာ မျက်နှာပူနေမိသည်။

မျက်နှာမထားတတ်အောင်လည်း ဖြစ်နေမိ၏။

မြူးဇစ်မိုး သိတော့ သူပါလိုက်ဖို့ ဆုံးဖြတ်ကြ
သည်။

“ချစ်လို့လိုက်တာ မဟုတ်ဘူး ကြီးဇော… မချစ်ဘူး… အဲ့ဒီလူကို မိုး တစ်သက်လုံး မချစ်ဘူး… မခံချင်လို့… သူ များလက်ထဲကနေ မျက်နှာပြောင်တိုက် ဝင်လုတဲ့မိန်းမ တစ်ယောက်ကို လက်စားချေချင်လို့… ”

ပွဲကြမ်းတော့မည်။

အတ္တတွေ မာနတွေနဲ့ ပြိုင်ကြတော့မည်။

မြူးဇစ်မိုး…

ရွှေလင်ဗန်းနဲ့အချင်းဆေး… ၊ မာနသွေးက မိုးထိ
အောင်မြင့်မားနေသူ… ။ သူနဲ့တူတဲ့လူ ဇမ္ဗူမှာ မရှိဘူးဟု မာန
အလံလွှင့်ထူထားတဲ့သူ… ။

အသချော်…

ရိုးသားတဲ့မာနတစ်ခုနဲ့ ဘဝကို တည်ဆောက်
ဖြတ်ကျော်နေရတဲ့ မိန်းကလေး… ။



သူတို့နှစ်ယောက်ရဲ့ မာနပြိုင်ပွဲ… ။

နောက်ဆုံးပေါ် နက်ပြာရောင် ပါဂျဲရိုးကားသစ်
ကြီးက ကလောအတက်လမ်းဘေးမှာ…

ချိုမြကားကို သတိထား မောင်းနေသည်။

တောင်ကုန်းအတက် အဆင်းတွေက များလှ၏။

ရှေ့မှာ မကွေ့ရွာ… ။

ကလောအတက်လမ်း တစ်နေရာက ရွာကလေး။

“ဆရာ… ”

“ဟင်… ”

“ရှေ့မှာ မကွေ့ရွာကို ရောက်ပြီ ဆရာ… တစ်ခုခုစားရင်း ခဏနားတာကောင်းမယ်… အဲဒီမှာ… မြန်မာကြက်ကြော် နဲ့ ထမင်းဆီဆမ်းစားလို့ အရမ်းကောင်းတယ်… ”

ချိုမြက နေရာဒေသတွေကို ကျွမ်းကျင်သည်။

ကုမ္ပဏီကိစ္စတွေနဲ့ သူ အမြဲသွားနေကျလမ်း… ။

တောင်အတက်လမ်းမို့ လေက အေးစိမ့်အောင်
[…]က်နေ၏။ ထူထပ်သော သစ်ပင်အမြင့်ကြီးများကို တောင်
[…]ာင်းများဆီမှာ ညှို့နေအောင် တွေ့နေရသည်။

“အသချော်… ”

“ရှင်… ”

“အရမ်းပင်ပန်းနေပြီလား ဟင်… ”

“ရပါတယ် အမ်ဒီ… တစ်လမ်းလုံး ဇိမ်နဲ့အိပ်လိုက်လာတာပဲဟာ… မပင်ပန်းပါဘူး… ”

ကားသစ်ကြီးက မကွေ့ရှာ ညာဘက်ခြမ်းက… ဆိုင်ကလေးတစ်ခုရှေ့မှာ ထိုးရပ်သွားသည်။

“မျက်နှာသစ်မယ်… တစ်ခုခု စားမယ်… ”

ချိုမြက အရင်ဆင်းသည်။

ကျန်လူတွေက နောက်က လိုက်ဆင်းကြ၏။

အသင်္ချေနဲ့ခင်ခင်ကြူက လက်ချင်းတွဲထားကြသည်။

သူတို့နှစ်ယောက်လည်း လမ်းမှာတင် ခင်မင်ရင်းနှီးနေကြပြီ။

မျက်နှာသစ်ကြသည်။ အလှပြင်ကြသည်။

ပြီးတော့…

ကြက်ကြော်ပူပူရှူရှူလေးကို ထမင်းဆီဆမ်းနဲ့ စားကြသည်။

“ဘယ်လိုနေလဲ အမ်ဒီ… ခရီးထွက်လာရတာ စိတ်ကြည်လင် လန်းဆန်းရဲ့လား… စိတ်မောလူမော ဖြစ်နေတာ



လေးတွေ လျော့သွားမယ်ထင်တယ်… ”

“သေချာတာပေါ့ အသင်္ချေ… ဖြစ်နိုင်ရင် ဒီလိုတောတောင်ထဲမှာ သစ်သားအိမ်ကလေးတစ်လုံးဆောက်ပြီး တစ်သက်လုံး နေလိုက်ချင်တယ်… ”

“ဟုတ်တယ်နော် အမ်ဒီ… ”

တောတောင်တွေကိုကြည့်ပြီး အသင်္ချေသဘောကျနေသည်။ အေးချမ်းတိတ်ဆိတ်လွန်းတဲ့ ရွာကလေး… ။

နံနက်စောစောမို့ မိုးမြူတွေက အုံ့ဆိုင်းနေသည်။

“ကြူကြူ စားလေ… ”

ချိုမြ သူ့ကောင်မလေးကို မျက်နှာလုပ်နေသည်။

“ကိုချိုလည်း စားလေ… ”

အပြန်အလှန် ကြင်နာနေကြသည်။

မကြာခင် စိတ်တူသဘောတူ လက်ထပ်ကြတော့မည့် သူတို့စုံတွဲကိုကြည့်ပြီး လဝန်းကုဋေ ပျော်ရွှင်နေမိသည်။

အသင်္ချေကတော့ သူတို့ဝိုင်းကလေးထဲမှာ ခေါင်းကလေးငုံ့လို့ပါ။

“ကဲ… ခရီးဆက်ကြစို့… ”

ကားပေါ် ပြန်တက်ကြသည်။

ချို့မြကပင် ဦးဆောင်ပြီး ကားကိုဆက်မောင်းသည်။

"ကလောခြံထဲကို တန်းမောင်းတော့ ချို့မြရေ... "

ကလောမြို့ထွက်အစွန် တောင်ကုန်းပေါ်က ခြံကလေး...

ဖေဖေဝယ်ထားတာ အနှစ်သုံးဆယ်ကျော်ပြီ။

ပန်းဥယျာဉ်ကလေးကြားထဲမှာ တစ်ထပ်တိုက်ကလေး၊ ရောင်စုံပန်းတွေနဲ့ ဝေဆာနေသည်။ မြက်ခင်းစိမ်းစိမ်းကလေးတွေက အဝင်လမ်းတစ်လျှောက်မှာ စီတန်းနေသည်။

"လှလိုက်တာ... အမ်ဒီရယ်... "

အသေချို ခြံကလေးကို ငေးမောကြည့်နေမိသည်။

ထင်းရှူးပင်မြင့်မြင့်ကြီးတွေက ခြံကလေးရဲ့ ပတ်လည်တောင်စောင်းတွေမှာ အုပ်မိုးနေသည်။

ကားကိုမြင်သည်နှင့် ခြံစောင့်ကြီးကအပြေးအလွှားတံခါးလာဖွင့်ပေး၏။

အဝင်လမ်းကလေးက တောင်ကုန်းအတက်လမ်းကလေး။

တစ်ထပ်တိုက်ပု အနီရောင်လေးက သူတို့ကို ရွှင်လန်းဝမ်းမြောက်စွာ ဆီးကြိုနေသည်။



"ရောက်ပြီ အသချေ... "

ဆင်ဝင်လေးအောက်မှ ကားကိုထိုးရပ်လိုက်သည်။

"မနန်းစံ... "

ပါးလေးတွေရဲနေသည့် အသက်သုံးဆယ်ကျော်ခန့်ရှိမည့် အမျိုးသမီးတစ်ယောက်က လဝန်းကုဋေကို အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်နေသည်။

"နေကောင်းတယ်နော်... "

"ကောင်းပါတယ်ရှင့်... "

စကားသံဝဲဝဲလေး...

"ဆရာကြီးတို့ မပါလာဘူးလား... "

"မပါဘူး မနန်းစံ... ဒီမှာ အားလုံး အေးအေးချမ်းချမ်းပဲနော်... "

"အေးချမ်းပါတယ်ရှင့်... "

"ကျွန်တော်တို့အတွက် စားစရာ သောက်စရာ... စီစဉ်ထားပေးဗျာ... "

သွက်လက်သောမနန်းစံသည် ခဏလေးနဲ့ စားစရာသောက်စရာတွေကို စီစဉ်ပြီးသွား၏။

"ဒီဘန်ဂလိုလေးက... နွေရာသီရောက်တိုင်း ကိုယ်တို့မိသားစု အမြဲလာအနားယူတဲ့ ဘန်ဂလိုလေးလေ... ဒီနား

တစ်ပိုက်မှာ ရှုခင်းတွေ အရမ်းလှတယ်… ဟိုးအောက် … ဘက်မှာလည်း စမ်းချောင်းလေးတစ်ခု ရှိတယ်… ထမင်းစားပြီး နေ့လယ်လောက်မှ လမ်းလျှောက်ရင်း စကားပြောကြတာပေါ့… ”

“ကောင်းတာပေါ့ အမ်ဒီ… သဘာဝရဲ့ရှုခင်းတွေဟာ… လူတစ်ယောက်ရဲ့စိတ်ကို ပြောင်းလွဲပစ်နိုင်စွမ်း ရှိကြပါတယ်… ”

မနန်းစံ ပြင်ဆင်ချက်ပြုတ်ကျွေးသော နံနက်စာကို ဆာဆာနဲ့ စားလိုက်ကြသည်။

လမ်းလျှောက်တော့ နှစ်ဖွဲ့ကွဲသွား၏။

ချိုမြနဲ့ ခင်ခင်ကြူက တစ်ဖွဲ့… ။

သူနဲ့ အသချော်က တစ်ဖွဲ့… ။

အရှေ့ဘက်က… တောလမ်းကလေး… ။

“အခုလောက်ဆိုရင် ရန်ကုန်မှာပြဿနာတက်နေလောက်ပြီ အသချော်… ကိုယ် ခုလိုထွက်လာတဲ့အတွက် ဖေဖေတို့အားလုံး… ဒေါသဖြစ်နေကြမှာ သေချာတယ်… ”

“အသချော် နားလည်ပါတယ်… အဲဒီအသိုင်းအဝိုင်းတွေကြားထဲမှာ… အသချော် ဘယ်လောက်နာမည်ပျက်လိုက်မလဲ… ကိုယ့်ဟာကိုယ် တွေးမိပြီး စိတ်မကောင်းဘူး…



အမ်ဒီ… ကိုယ့်လိပ်ပြာ ကိုယ်လုံလို့… ကိုယ့်နှလုံးသားကို ကိုယ်လုံလို့… အမ်ဒီ ခေါ်တဲ့နောက်ကို… တာဝန်အရ အသချော် လိုက်ခဲ့တာပါ… တခြားရည်ရွယ်ချက် ဘာမှမရှိပါဘူး… ”

အသချော် စိတ်ကရှင်းနေသည်။

ကြည်လင်ဝင်းပနေတဲ့ အသချော်မျက်နှာလေးကို ကြည့်လိုက်ရုံနှင့် အသချော် အတွင်းစိတ်ဖြူစင်နေတာကို လဝန်းကာငွေတွေ့နေရသည်။

“အသချော့်ကို ကိုယ် အမြဲကျေးဇူးတင်နေမှာပါ… ”

“အသချော်ကလည်း အမ်ဒီ့ကို အမြဲကျေးဇူးတင်နေတာပါ… အမ်ဒီရယ်… အမ်ဒီကယ်လို့ မေမေ့ကို ဆေးကုနိုင်တာပါ… ”

“အသချော့်ကို ကိုယ်တစ်ခု မေးချင်တယ်… ”

“မေးပါ အမ်ဒီ… ”

“ကိုယ်နဲ့အတူ… ဒီခရီးစဉ်ကို လိုက်ခဲ့ရတဲ့အတွက်… အသချော့်ကို ထိခိုက်လာမယ်ဆိုရင်… ကိုယ့်ကို အသချော် ဘယ်လိုသဘောထားမလဲဟင်… ”

“ဘယ်လိုထိခိုက်မှုမျိုးလဲ အမ်ဒီ… ”

"ဥပမာ... အသင်္ချေရဲ့ အရှက်နဲ့ဂုဏ်သိက္ခာတစ်ခုခုကိုပေါ့"

"အမ်ဒီကိုယ်တိုင်က အသင်္ချေရဲ့ အရှက်နဲ့ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ပေးဖို့ပဲ လိုတာပါ... တခြားလူတွေက တိုက်ခိုက်လာတာမျိုး... ဥပမာ... မြူးဇစ်မိုး... အဲလိုပေါ့လေ... သူတို့က အသင်္ချေ့ကို ထိပါးလာမယ်ဆိုရင်... အသင်္ချေ လုံးဝတုန်လှုပ်မှာ မဟုတ်ဘူး... အဲဒီမာန အသင်္ချေမှာ ရှိပါတယ်... "

"သူတို့အားလုံး... ကိုယ်တို့နောက်ကို လိုက်လာနိုင်တယ်"

"အဲဒါ... သွေးထွက်အောင် မှန်နိုင်တယ် အမ်ဒီ... မြူးဇစ်မိုးရဲ့မျက်လုံးတွေက အညွှန်းအတေားကြီးတဲ့ မိန်းမ တစ်ယောက်ရဲ့မျက်လုံးမျိုးတွေ... သူ လိုက်လာမှာ သေချာပါတယ်... "

အသင်္ချေကိုယ်တိုင် ကြိုတွက်ထားပြီးသားပါ။

ငွေကို ရေလိုသုံးနေတဲ့ မိန်းမတစ်ယောက်ပဲဟာ၊ ရန်ကုန်နဲ့တောင်ကြီး ဘာဝေးတာမှတ်လို့... ။

စီးတော်ယာဉ်တွေကို ကြိမ်စကြာ တို့လိုက်တာနဲ့ ချက်ချင်းရောက်လာမှာ... ။

"ဘာပဲပြောပြော... ဒီကိုထွက်လာခဲ့ရတဲ့အတွက်... ကိုယ်ပျော်ပါတယ်... ဒီမှာ တစ်ညအိပ်နားပြီးတာနဲ့ တောင်ကြီး



ကို ခရီးဆက်မယ်... ဟိုမှာလည်း ခြံကျယ်ကြီးတစ်ခုရှိသေးတယ်လေ... တောင်ကြီးလေဆိပ်နားမှာ ဟိုရောက်ရင် အသင်္ချေ ပျော်မှာပါ... "

"အသင်္ချေ့ထက် အမ်ဒီ့ရဲ့ပျော်ရွှင်ချမ်းမြေ့မှုက ပိုအရေးကြီးပါတယ် အမ်ဒီ... အမ်ဒီသာ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေပါ... အဲဒီ့အတွက် အမ်ဒီ့ကို အသင်္ချေ ဂရုစိုက်နေပါတယ်... "

"ဟော... ဟိုမှာ ချိုမြတို့စုံတွဲ... "

ညဘက်တောင်ကုန်းလေးပေါ်က သူတို့ဆင်းလာကြသည်။

စမ်းချောင်းလေးမှာ သူတို့လေးယောက် ပြန်ဆုံမိသွားကြ၏။

ငါးကလေးတွေ ကူးခတ်နေတာကို စမ်းချောင်းရေ ကြည်ကြည်စိမ်းစိမ်းလေးထဲမှာ တွေ့နေရသည်။

"လာ... အသင်္ချေ... ဟို... သစ်လုံးအိမ်ကလေးပေါ်မှာ ခဏထိုင်ကြမယ်... "

စမ်းချောင်းကလေးအစပ်မှာ ရေနံချေးသုတ်ထားသော သစ်လုံးအိမ်ကလေးကို တွေ့ရ၏။

ခြေတံရှည်မြင့်မြင့်လေးမှ တောင့်တောင့်တင်းတင်း လေးဖြစ်နေသည်။ အပေါ်မှာ... ပျဉ်းကတိုးပြားတွေ အစီအရီ ခင်းထားသည်။

ထူးခြားတာက ကြိမ်ကုလားထိုင်လေးတွေကို တွေ့ ရခြင်းပါပဲ... ။

"ဒါ... ဖေဖေ လာရင်... စာအမြဲလာဖတ်တဲ့ နေရာလေ... လျှပ်စစ်မီးလည်း ရှိတယ်... တစ်ခါတလေ ဒီမှာတောင် အိပ်တယ်... စားစရာ သောက်စရာတွေ ဒီကိုပို့ပေးရတယ်... "

"အမ်ဒီရယ်... အသချော် ဒီနေရာလေးကို အရမ်းသဘောကျတာပဲ... သဘာဝရဲ့ အေးချမ်းတိတ်ဆိတ်မှု... တောတောင်ရှုခင်းတွေရဲ့ စိမ်းစိုလှပမှု... သန့်ရှင်းလတ်ဆတ်တဲ့ လေကို လွတ်လွတ်လပ်လပ် ရှူရှိုက်ခံစားရတဲ့... ကြည်လင်လန်းဆန်းမှု... အားလုံးကို ဒီနေရာလေးမှာ တစ်ခါတည်း ရနိုင်တယ်နော်... "

အသချော် ကျေနပ်မဆုံး ဖြစ်နေသည်။

"လူ့ဘဝဆိုတာ ဒီလိုနေရာမျိုးမှာ... အသက်ရှိနေသမျှ... နေသင့်တာ... လောဘမရှိဘူး... မာန်မာန မရှိဘူး... ဂုဏ်တုဂုဏ်ပြိုင် မရှိဘူး... ဘယ်လောက်ပျော်ဖို့ကောင်းလဲ... "



စိတ်ညစ်ညူးဖွယ်ရာ အဖြစ်အပျက်တွေအားလုံးကို သူတို့မေ့နေကြသည်။ ထိုအထဲမှာမှ အသချော် သတိရနေတာ တစ်ခုပဲရှိသည်။

သူ...

ရုံးတက်ရုံးဆင်းချိန်တိုင်း မိုးရွာထဲမှ သူတစ်ယောက်တည်း။ အသချော်ကို စောင့်မျှော်နေမှာ သေချာသည်။

အသချော် ခရီးထွက်လာတာ... သူ မသိနိုင်ဘူး မဟုတ်လား။

"အသချော်... "

"ရှင်... "

"ဘာတွေ တွေးနေတာလဲဟင်... အသချော် အကြာကြီး ငိုင်ပြီးရပ်နေတယ်... ကိုယ် အသချော်ကို ကြည့်နေတာ ကြာပြီ... "

"ဒီလိုပဲပေါ့ အမ်ဒီ... လူတစ်ယောက်ရဲ့ဘဝမှာ... အဲဒီလူကို လွှမ်းမိုးထားတဲ့ အကြောင်းအရာတစ်ခုခုက ရှိကြစမြဲပဲလေ... အဲဒီအကြောင်းအရာတစ်ခုကို အသချော် သတိရ

လိုက်မိလို့ပါ… ဒါကလည်း ခဏလေးပါ အမ်ဒီ… အမ်ဒီ ဘာပြောချင်လို့လဲ… ပြောလေ… အသချို နားထောင်နေပါတယ်… ”

လဝန်းကုမ္ဗေ နွမ်းနွမ်းယဲ့ယဲ့လေးပြုံးလိုက်မိသည်။

“ကိုယ် နားလည်ပါတယ် အသချို… အသချို့ကို လွှမ်းမိုးထားတဲ့ အကြောင်းအရာဟာ… ကိုယ် မဖြစ်နိုင်ဘူး… ကိုယ်ဖြစ်ခွင့် မရှိဘူး… ကိုယ်နဲ့ဆန့်ကျင်ဘက် အကြောင်းအရာတစ်ခုခုလို့ ကိုယ် အတတ်ပြောရင်… အသချို ကိုယ်ပြောချင်တာကို သိမှာပါ… ”

“ထားလိုက်ပါတော့… ”

အသချို ခေါင်းညိတ်ပြရင်းနဲ့ ခေါင်းငုံ့ပြီးသားဖြစ်သွားသည်။ ခေါင်းငုံ့တယ်ဆိုတာ အသံတိတ်ဝန်ခံခြင်းပါ အမ်ဒီ၊ သူနဲ့ပတ်သက်နေသမျှ အရာအားလုံးဟာ အသချို့အသည်းနှလုံးတွေကို ဦးညွှတ်ဝန်ခံနေစေမဲ့ အကြောင်းအရာတွေပါပဲ အမ်ဒီရယ်… ။

သူ့အတွက်ဆိုရင်… ဘာတစ်ခုကိုမှ အသချိုငြင်းပယ်မှာ မဟုတ်လို့ပါဘဲ။

“အသချို… ”



“ရှင်… ”

“တောင်ကြီးရောက်ရင် ကိုယ် အသချို့ကို စကားတစ်ခွန်းပြောမယ်… ”

“အမ်ဒီရယ်… အသချို့ကို စကားတစ်ခွန်းပြောဖို့များ တောင်ကြီးရောက်တဲ့အထိ စောင့်နေဖို့… လိုအပ်နေလို့လား… အသချို အချိန်အခါ နေရာဒေသမရွေး… အမ်ဒီ့စကားကို နားထောင်နေတယ်လေ… ”

“ကျေးဇူးတင်ပါတယ် အသချို… ကိုယ် မင်းကို လေးစားပါတယ်… လေးစားတဲ့အတွက်လည်း တောင်ကြီးရောက်မှ ပြောဖို့ ကိုယ်ဆုံးဖြတ်လိုက်တာပါ… ”

“အင်းလေ… အမ်ဒီ သဘောပါပဲ… အသချိုကတော့… အမ်ဒီပြောသမျှ နားထောင်ပေးရမဲ့ တာဝန်ကရှိနေတော့”

အသချို သုံးနှုန်းလိုက်တဲ့ စကားလုံးလေးတွေကြောင့် လဝန်းကုမ္ဗေ ခြောက်ကပ်ကပ်လေး ပြုံးလိုက်မိသည်။

နားထောင်ပေးရမဲ့တာဝန်တဲ့… ။

“ဆရာ… ”

ချိုမြတို့စုံတွဲ အနားကို ရောက်လာသည်။

“ချောင်းထဲမှာ ငါးကြီးတွေ ရှိတယ် ဆရာ… မျှားလို့ရရင်

သိပ်ကောင်းမှာပဲ… ”

“ငါးမျှားချိတ်ရှိမှ ဖြစ်မှာပေါ့ကွ… ”

“အင်းနော်… ရေထဲက ငါးတစ်ကောင်ကို ဖမ်းမိဖို့အတွက် ငါးမျှားချိတ်လိုတယ်… ငါးမျှားချိတ်… ငါးမျှားချိတ်… ”

ချို့မြ အသံကျယ်ကျယ်နဲ့အော်ပြီး… စမ်းချောင်းလေးအောက်ဘက်ကို ဆက်လျှောက်သွားကြသည်။

“အမ်ဒီ… ”

“ပြောပါ… အသေချို ကိုယ် နားထောင်နေပါတယ်… ”

“ရေထဲက ငါးတစ်ကောက်ကို ဖမ်းမိဖို့… ငါးမျှားချိတ်လိုတယ်တဲ့… ”

“အင်းလေ… အဲဒါ ဘာဖြစ်လဲ… ”

“အစာမစားဘဲ အစာအငတ်ခံဆန္ဒပြနေတဲ့ ငါးတစ်ကောင်ကို… ငါးမျှားချိတ်တစ်ချောင်းက ဘယ်လိုမှ စိတ်ဝင်စားအောင် ဖွဲ့ဆောင်နိုင်မှာ မဟုတ်ဘူးလေ… ”

“အသချော်ရယ်… မင်းလောက် ကိုယ် စကားမတတ်ပါဘူး ကိုယ့်ကို အနိုင်မယူချင်ပါနဲ့ကွာ… ”

ပြောပြီးကာမှ အသချော် မှားမှန်းသိသွားသည်။

“တောင်းပန်ပါတယ် အမ်ဒီ… အမ်ဒီကို အနိုင်ယူလိုတဲ့



ရည်ရွယ်ချက်… အသချော့်မှာ မရှိပါဘူး ယုံပါ… ဦးချို့မြ ပြောလိုက်တာကို ရုတ်တရက် တွေးလိုက်မိလို့ပါ… ”

အပြန်တစ်လမ်းလုံး လဝန်းကုဋေ နှုတ်ဆိတ်နေမိသည်။ ဘန်ဂလိုလေးကို ပြန်ရောက်ချိန်တွင် သတင်းတစ်ခုကြားလိုက်ရ၏။

“ရန်ကုန်က ဆရာကြီးဖုန်းဆက်တယ်… သူတို့ လိုက်လာနေပြီတဲ့… ”

“ဘာ… ”

မနန်းစံ စကားက ရင်ထိတ်စရာ… ။

“ဘယ်မှ ဆက်မသွားပါနဲ့တဲ့… ကလောကပဲ စောင့်နေပါတဲ့… သေသေချာချာ အထပ်ထပ်အခါခါ မှာသွားတယ်”

ခေါင်းထဲမှာပင် နောက်ကျိမှုံဝေသွားသည်။

လိုက်လာပြီဆိုတော့…

ဘယ်သူတွေ လိုက်လာတာလဲ… ။ ဘာအတွက်ကြောင့် အသည်းအသန်လိုက်လာရတာလဲ။

အသချော်ကြောင့်လား… ။

မြူးဇစ်မိုးကြောင့်လား… ။

“နောက်… ဘာတွေ ပြောသွားသေးလဲ… ”

"ဘာမှမပြောဘူး... အဲဒါပဲ ပြောပြီး... ဖုန်းချသွားတယ်"

နာရီကိုကြည့်လိုက်တော့ ညနေလေးနာရီ... ။

"ဘယ်အချိန်က ဆက်တာလဲ... "

"လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်က ဆက်တာပါ... "

ဒါဆို...

သူတို့ရန်ကုန်ကနေ ညပိုင်းလောက်မှ ထွက်လာကြမှာ... ။ နောက်တစ်နေ့ မနက်ဆို ကလောကိုရောက်ပြီ။

"စိတ်ညစ်တယ်ကွာ... "

ချိုမြ လဝန်းကုဋေကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေမိသည်။

"ဘယ်လိုလုပ်မလဲ ဆရာ... "

"ငါ... ဘယ်သူနဲ့မှ မတွေ့ချင်ဘူးကွာ... "

ဧည့်ခန်းထဲမှာ ခြေပစ်လက်ပစ် ငိုင်နေမိကြသည်။

ထိုအချိန်မှာပင် ဖုန်းခေါ်သံက ထပ်မြည်လာသည်။

"မနန်းစံ... "

"မနန်းစံ... "

လဝန်းကုဋေ အော်သံကြောင့် မနန်းစံ ဧည့်ခန်းထဲကို ပြေးဝင်လာသည်။



"ဖုန်းကိုင်လိုက်စမ်း... ကျွန်တော့်ကိုမေးရင်...ပြန်မရောက်သေးဘူးလို့ပြော... ကြားလား... "

"ဟုတ်ကဲ့... ကြားပါတယ်ရှင့်... "

ဖုန်းခွက်ကလေးကို မနန်းစံကပဲယူပြီး နားထောင်

က်သည်။

"ကလောက ပြောနေပါတယ်ရှင့်... "

လဝန်းကုဋေတို့အားလုံး ရင်ခုန်နေကြသည်။ ဘယ်

လဲ၊ ဘယ်ကဆက်တာလဲ၊ ရန်ကုန်က ဆက်နေတာပဲ ဖြစ်ရ

ည်။

"ရှင်... အသင်္ချေ... ဟုတ်လား... "

တစ်ဖက်က ဘာပြောလိုက်သည်မသိ။

မနန်းစံက ဖုန်းစကားပြောခွက်ကို လက်တစ်ဖက်

ိတ်ရင်း သူတို့ဘက်ကို မျက်နှာလှည့်လာသည်။

"အသင်္ချေ... အသင်္ချေနဲ့ တွေ့ချင်လို့တဲ့... "

"ရှင်... "

အသင်္ချေ မျက်လုံးကလေးတွေ ပြူးဝိုင်းနေရပြီ။

သင်္ချေ လက်ချောင်းကလေးတွေ အေးစက်သွားရပြီ။

"ဘယ်သူလဲဟင်... အသင်္ချေနဲ့တွေ့ချင်တာ ဘယ်သူလဲ"

အသံတုန်တုန်ကလေးနဲ့ အသင်္ချေ မေးမိသည်။

မနန်းစံက တစ်ဖက်ကို ပြန်မေးလိုက်ပြီး၊ သူ့ဘက်ကို ပြန်လှည့်လာသည်။

"မြူးစစ်မိုး… တဲ့… "

"ရှင်… "

လဝန်းကုဋေ တစ်ကိုယ်လုံး ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းအေးစက်သွားခဲ့သည်။

"မင်း… မပြောနဲ့… အသခ်ျေ… "

ဖုန်းခွက်ကို လှမ်းယူတော့မည့် အသခ်ျေ လက်ချောင်းကလေးတွေ ဖျတ်ခနဲ ရပ်တန့်သွားရသည်။

"ကိစ္စမရှိပါဘူး အမ်ဒီ… သူပြောချင်နေတာ အသခ်ျေ ပြောချင်နေတာပဲ… အသခ်ျေ… သတ္တိရှိရှိ နားထောင်မှာပေါ့… သူနဲ့စကားမပြောရဲစရာအကြောင်း အသခ်ျေမှာ ဘာမှမရှိဘူး… ပေးပါ… အသခ်ျေ ပြောလိုက်ပါ့မယ်"

မနန်းစံဆီက ဖုန်းခွက်ကို သတ္တိရှိရှိ နားထောင်လိုက်သူက အသခ်ျေ… ။

"ဟုတ်ကဲ့… အသခ်ျေပါ… "

မာဆတ်ပြတ်တောင်းသော အသံတစ်သံက ဖုန်းခွက်ထဲကို ချက်ချင်းဝင်လာသည်။



"နင် ဘာဖြစ်လို့… ငါတို့ကိစ္စထဲမှာ ဝင်ရှုပ်နေတာလဲ… အသခ်ျေ… နင်တို့ အမ်ဒီဟာ ငါနဲ့မကြာခင် လက်ထပ်တော့မယ်ဆိုတာ… နင်သိရဲ့သားနဲ့… နင့်မှာ အရှက်မရှိဘူးလား… "

"ရှင်… "

"နင်… ငွေဘယ်လောက်လိုသလဲပြော…နင်လိုသလောက် ငါ ထုတ်ပေးမယ်… ငါတို့ကြားထဲကို နင် ဝင်မရှုပ်ပါနဲ့… ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ လုပ်ထားတဲ့ အလုပ်တစ်ခုကို ညည်းလို မိန်းမတစ်ယောက်ကြောင့် အပျက်မခံနိုင်ဘူး… "

နားထောင်ရင်းနှင့် ဖုန်းခွက်ကို ကိုင်ထားသော အသခ်ျေ့လက်ချောင်းကလေးတွေ တဆတ်ဆတ်တုန်လာသည်။ ဖြူရောင်မဲ့သွားသော နှုတ်ခမ်းလေးတွေ တဖျပ်ဖျပ် လှုပ်လာသည်။

"ငါ ပြောတာ… ညည်းကြားရဲ့လား အသခ်ျေ… ပြန်ပြောလေ… ကြားတယ်လို့… ငါ့ကို ပြန်ပြောလေ… "

"ဟုတ်ကဲ့… ကြားပါတယ်… "

"ငါပြောတာ… နင် သဘောပေါက်သွားပြီမို့လား… အေး

ငါ အခုညပဲ... ရန်ကုန်က ထွက်လာခဲ့မယ်... နင်တို့
တခြားနေရာကို ထွက်ပြေးဖို့ မကြိုးစားနဲ့... ”

“မြူးဇစ်မိုး... ”

“ဘာလဲဟဲ့... ”

တစ်ဖက်က ဆောင့်ဆောင့်အောင့်အောင့် ပြန်ထ
သံကြားလိုက်ရသည်။ ရှင်ပြောပြီးရင် ကျုပ်အလှည့်ပဲ...’ ။ မား
ဆိုတာ လူတိုင်းမှာ ရှိကြတာပဲဥစ္စာ... ။

“ရှင့်ရဲ့ထင်မြင်ယူဆချက်တွေအားလုံး... အခြေအမြစ်မဲ့
ဘဲ... လုံးဝမှားယွင်းနေတယ် မြူးဇစ်မိုး... ”

“ဘာ... ”

အသံသည်... ဖုန်းလိုင်းတွေ ပြတ်တောက်သွား
မတတ်... ၊ မြည်ဟည်းလိုက်တုန်သွား၏။

“ကျွန်မ ပြောမယ်... ”

“ပြောစမ်း... ”

“ကျွန်မနာမည် အသချော်ပါ... လဝန်းကုဋ္ဌေကုမ္ပဏီရဲ့
တာဝန်ဝတ္တရားတွေကို ထမ်းဆောင်နေတဲ့... အတွင်း
ရေးမှူးမလေး အသချော်ပါ... ”

“နင် မပြောနဲ့... အဲဒါတွေ... ငါ အားလုံးသိတယ်... ”



“ချမ်းသာတဲ့ယောကျ်ားကို... လက်ထပ်ချင်လို့... မြူဆွယ်
ဖြားယောင်းချင်လို့... အရှက်မရှိ အောက်တန်းကျတဲ့စိတ်
တွေနဲ့... ကုမ္ပဏီကို ကျွန်မ ဝင်ခဲ့တာ မဟုတ်ဘူး... ”

“ကြီးကျယ်[illegible]ဘာ... ”

“အဲဒီလိုယောကျ်ားတစ်ယောက်ကို ကျွန်မဘဝမှာ ဘယ်
တော့မှ စာမဖွဲ့ဘူး... အဲဒီလိုယောကျ်ားမျိုးကို သဲကြီး
မဲကြီး ဝိုင်းလုနေတဲ့ အတန်းအစားတွေထဲမှာလည်း ကျွန်မ
ဘယ်တော့မှ မပါဘူး... ”

“နင်... နင်... ”

“ရှင် မှတ်ထားလိုက်စမ်းပါ... အသချော်ဆိုတဲ့မိန်းမဟာ...
ရှင့်ရဲ့ဖိနပ်တစ်ရံစာဖိုးတောင် မရှိတဲ့... ကိုယ့်ရဲ့ချွေးနဲ့စာ
လခကလွဲရင်... တခြား ဘာကိုမှ မမက်ဘူး... တခြား
ဘာကိုမှ တန်ဖိုးမထားဘူး... ကျွန်မ မက်တာ... ကျွန်မ
ရဲ့ ဂုဏ်သိက္ခာ... ကျွန်မ တန်ဖိုးထားတာ... ကျွန်မရဲ့
နှလုံးသား... အဲဒါပါပဲ... ”

“ခွပ်... ”

အသချော် ဖုန်းချပစ်လိုက်ပြီ... ။

လဝန်းကုဋ္ဌေ... ငေးနေသည်။ အသက်မဲ့နေသူ
တစ်ယောက်လို ငြိမ်သက်နေသည်။

မာနကြီးသော မိန်းမနှစ်ယောက်ရဲ့ အားပြိုင်ပွဲ၊ မာနပြိုင်ပွဲ... ။

"အသချော်... "

"အသချော်... "

အခန်းကလေးထဲသို့ အသေချာ် ပြေးဝင်သွားသည်။

ခဏနေတော့...

အခန်းကလေးထဲမှာ ငိုရှိုက်သံသဲ့သဲ့လေးကို ကြားလိုက်ရ၏။

လဝန်းကုဋေ... တက်ခေါက်နေသည်။

ချိုမြက အံကို တင်းတင်းစေ့ထား၏။

အသချော်ကိုယ်စား အားလုံးခံစားနေကြရသည်။

❀



# အခန်း(၁၀)

"အမ်ဒီ... "

"ဟင်... "

"အသချော်ကို အမ်ဒီကုမ္ပဏီကနေ နုတ်ထွက်ခွင့်ပေးပါ... အသချော် ထွက်စာတင်ပါတယ်... "

လဝန်းကုဋေ တစ်ကိုယ်လုံး ဆတ်ခနဲတုန်ခါသွား၏။

"ဘာ... ဘာပြောတယ်... အသချော် ကုမ္ပဏီကနေ အလုပ်ထွက်မယ်... "

မယုံ... ။

လဝန်းကုဋေ ဘယ်လိုမှမယုံ... ။

လုံးဝထင်မှတ်မထားသော အဖြစ်အပျက်... ။

အသချော်က သူ့အဝတ်အစားအိတ်ကလေးကို ကြမ်းပြင်ပေါ် ချလိုက်ပြီး... ၊ စာရွက်တစ်ရွက်ကို လဝန်းကုဋ္ဋေ လက်ထဲကမ်းပေးနေသည်။

"အမ်ဒီကုမ္ပဏီရဲ့တာဝန်တွေကို အသချော် ထမ်းဆောင်ဖို့ဆိုတာ... ဘယ်လိုနည်းနဲ့မှ... မဖြစ်နိုင်တော့လို့ပါ... အမ်ဒီ... "

တည်ငြိမ် ရင့်ကျက်စွာ အသချော် တစ်လုံးချင်း ပြောနေခြင်းဖြစ်သည်။

"မနက်ဖြန် မနက်ဆိုရင်... သူတို့အားလုံး ကလောကို ရောက်လာကြတော့မယ်လေ... သူတို့နဲ့ရင်ဆိုင်ဖို့ဆိုတာ အသချော့်အတွက် ခက်ပါတယ် အမ်ဒီ... ဒီညထွက်မဲ့ ကားနဲ့ပဲ... အသချော်ကို ရန်ကုန်ပြန်ခွင့်ပြုပါ... "

ချိုမြနဲ့ ခင်ခင်ကြူ နှစ်ယောက်စလုံး ခေါင်းငိုက်စိုက်ကျနေသည်။ ခပ်လှမ်းလှမ်းတစ်နေရာမှ စိတ်ထိခိုက်နေသော မျက်လုံးများဖြင့် စောင့်ကြည့်နေ၏။

"မနန်းစံ... "

"ရှင်... မမလေး... "



"ကျွန်မကို ကူညီတဲ့အနေနဲ့... မြင်းလှည်းတစ်စီးလောက် ငှားပြီး... ကလောကားဂိတ်ကို လိုက်ပို့ပေးပါလား... "

မနန်းစံ ဘာလုပ်ရမှန်းမသိ... ။

လဝန်းကုဋ္ဋေ မျက်နှာကို လိုက်ကြည့်နေသည်။

"အသချော်... "

"ရှင်... "

"ကိုယ်နဲ့ ခြံထဲကို ခဏလောက်လိုက်ခဲ့ပါ... "

ထင်းရှူးပင်ကြီးအောက်မှာ...

လဝန်းကုဋ္ဋေနဲ့အသချော်... နှစ်ယောက်တည်း။

လေက အေးစိမ့်နေသည်။ ဂန္ဓမာပန်းခင်းများဆီမှ ပန်းနံ့တချို့ကို ရှူရှိုက်ခံစားနေရသည်။

"ကိုယ် စိတ်ထိခိုက်ရပါတယ် အသချော်... ကိုယ့်ကြောင့်ဖြစ်ရတဲ့ပြဿနာမို့... အသချော့်ကို ကိုယ် တောင်းပန်ပါတယ်... ကိုယ့်ဆီက... အလုပ်ထွက်မှာကို ကိုယ်မလိုလားဘူး... အသချော် ဘယ်ကိုမှထွက်သွားဖို့လည်း မကြိုးစားပါနဲ့... ကိုယ် မင်းကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ... ခွင့်မပြုနိုင်ဘူး... "

အသချော် သူ့ကို ကျောခိုင်းရပ်နေမိသည်။

တုန်လှုပ်ကြေကွဲနေသော သူ့အသံကို နားထောင်နေဆဲမှာပင် ရင်ထဲက နာကျင်လာသည်။

"ဒီကလောမြို့လေးမှာ အမ်ဒီနဲ့အတူတူ အသချော်ဆက်ရှိနေသင့်သေးတယ်လို့... အမ်ဒီ ယုံကြည်နေသေးလို့လားဟင်... အသချော်ရဲ့ဂုဏ်သိက္ခာ... "

အသချော်ရဲ့စကားကို ဆက်မပြောနိုင်... ။

ရင်ထဲမှာ ဆို့နင့်နေသည်။ တုန်လှုပ်ရမှုတွေနဲ့ မွန်းကျပ်ပိတ်လှောင်နေသည်။

"ကိုယ်နားလည်ပါတယ် အသချော်... ဒါပေမဲ့... အသချော်နဲ့... ကိုယ်နဲ့က... သူတို့ထင်ထားသလို... "

"သေချာတာပေါ့ အမ်ဒီ... အဲဒီအမှန်တရားဟာ... အမ်ဒီနဲ့ အသချော် နှစ်ယောက်တည်း သိနေတဲ့ အမှန်တရားပဲ... ဒါပေမဲ့ အချိန်အခါနဲ့ နေရာဒေသ... "

အသချော်မျက်နှာလေး ငုံ့ကျသွားသည်။

"အသချော် ဒီမှာ ဆက်မနေသင့်တော့ဘူး... အမ်ဒီ့အနားမှာ... အသချော်ဆက်ရှိနေတာကို... ကမ္ဘာတစ်လောကလုံး ဘယ်သူမှ... အသချော်တာဝန်ကို နားလည်ပေးကြမှာ မဟုတ်ဘူး... အသချော် ပြန်ပါရစေ အမ်ဒီရယ်... မြို့ဇစ်



မိုးရောက်လာလို့... အသချော် ဂုဏ်သိက္ခာကို မျက်နှာချင်းဆိုင် ထိပါးစော်ကားလာမယ်ဆိုရင်... လူကြီးတွေရှေ့မှာ... အသချော် တုံ့ပြန်ရခက်နေပါမယ်... ပိုက်ဆံ မရှိလို့... အမ်ဒီ့ဆီမှာ... အသချော်အလုပ်ဝင်ခဲ့တာပါ... အမ်ဒီ... ပိုက်ဆံမက်လို့... အမ်ဒီ့ဆီမှာ... အလုပ်ဝင်ခဲ့တာ မဟုတ်ပါဘူး... "

"ကိုယ် ပြောမယ် အသချော်... ကိုယ့်စကားကို မင်း နားထောင်စမ်း... "

လဝန်းကုဋေအသံက အနည်းငယ်ကျယ်လောင်သွားသည်။

"ကိုယ့်ဘဝမှာ... ကိုယ် မင်းကို တန်ဖိုးအထားဆုံးပဲ... အဲဒါ မင်း သိလား အသချော်... မင်းကြောင့်... ကိုယ် ရင်ခုန်တတ်ခဲ့တာကိုရော... မင်း နားလည်ရဲ့လားဟင်... မိန်းမတစ်ယောက်နဲ့ စေ့စပ်ပြီးမှ... မင်းကို ကိုယ်တွေ့ခဲ့ရတာလေ... "

အသချော်နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် သူပြောင်းရပ်လိုက်ပြီ... ။

"ကိုယ့်မျက်လုံးတွေကို မင်း ကြည့်စမ်းပါ အသချော်... မင်း

ကိုယ့်ကို တစ်ခါက… စကားတစ်ခွန်း ပြောခဲ့ဖူးတယ်… နှုတ်က ဖွင့်မပြောဘဲ ရင်ထဲကနေ ချစ်နေတဲ့ လူတစ်ယောက်ရဲ့ မျိုသိပ်ထားတဲ့ စကားတွေကို… အလွယ်တကူ ဘာသာပြန်နိုင်တာ… မျက်လုံးတွေပဲ ရှိပါတယ်ဆို… အဲဒါ ဟုတ်လား အသင်္ချေ… ဒါဆို… ကိုယ့်မျက်လုံးတွေကို အသင်္ချေ ကြည့်စမ်းပါ… ”

အသင်္ချေ မကြည့်ပါ။

ခေါင်းကလေးကို ငုံ့ထားဆဲပင် ဖြစ်သည်။

“အသင်္ချေ… ”

အသင်္ချေ ငြိမ်နေသည်။

“ကိုယ့်ကို ကြည့်ပါဦး အသင်္ချေရယ်… ကိုယ့်မျက်လုံးထဲက စကားတွေကို ဘာသာပြန်ပေးပါဦး… ”

အသင်္ချေမျက်နှာလေး ခုမှပြန်မော့လာသည်။

သူ့ကို စိုက်ကြည့်လိုက်မိ၏။

“အမ်ဒီ… ”

“ဟင်… ”

“အသင်္ချေ ပြောမယ်နော်… ”

“ကိုယ် နားထောင်နေပါတယ်… ”



“အသင်္ချေ့ကို တွေ့တွေ့ချင်း… အမ်ဒီ ဘာလို့အလုပ်တန်း ခန့်လိုက်တာလဲ… ”

“ကိုယ် ရင်ခုန်သွားလို့… ”

လွတ်လပ်ပွင့်လင်းသော အဖြေတစ်ခု… ။

“ကျေးဇူးပါတယ် အမ်ဒီ… အမ်ဒီပေးတဲ့ အဖြေကို… အသင်္ချေ… နားလည်စွာ ခံစားပေးပါတယ်… ဒါဆို… အမ်ဒီပြောချင်တာ… ရင်ခုန်တာ ချစ်လို့ဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့… ”

“သေချာတယ် အသင်္ချေ… ကိုယ့်ရင်ထဲမှာ မင်းကို တွေ့တွေ့ချင်း တစ်ခုခုက ပေါက်ဖွားရှင်သန်လာတာ… ကိုယ် အံ့ဩတယ်… ကိုယ် တုန်လှုပ်သွားတယ်… ပြီးတော့… ကိုယ် စိတ်ဓာတ်ကျသွားတယ်… အားငယ်သွားတယ်… ဘာကြောင့်လဲ… အသင်္ချေ သိလား… ”

“ပြောပါ အမ်ဒီ… ”

“ကိုယ့်ရင်ထဲမှာ ပေါက်ဖွားရှင်သန်လာခဲ့ရတဲ့ အရာဟာ ကိုယ့်ကို တုန်လှုပ်ချောက်ချား အားငယ်သွားအောင် ပြုစားလိုက်တဲ့ အချစ်ဆိုတဲ့အရာ ဖြစ်နေလို့ပါပဲ… ”

အသင်္ချေ့မျက်တောင်လေးတွေ ဖျတ်ခနဲ ကွေးညွတ်သွားသည်။ ပြီးတော့… ခေါင်းကလေးပါ ငုံ့ကျသွား၏။

"အသချေ... "

"... ... ... "

အသချေ ငြိမ်သက်နေသည်။

တစ်ခုခုကို အလေးအနက်တွေးနေသည်။

"ကိုယ် အသချေ့ကို ချစ်တယ်... "

"... ... ... "

"ကိုယ် အသချေ့ကို ချစ်တယ်... "

"... ... ... "

"ကိုယ် အသချေ့ကိုပဲ လက်ထပ်ပါရစေ... "

ငုံ့ထားသောခေါင်းကလေးကို အသချေ ဆတ်ခနဲ ပြန်မော့လိုက်သည်။

"အမ်ဒီ ပြောချင်တာ ဒါ အကုန်ပဲမို့လား... ဒါဆို... အသချေ အမ်ဒီ့အလုပ်က နုတ်ထွက်ဖို့ ပိုသေချာသွားပြီ ပေါ့... လိပ်ပြာလုံစွာနဲ့ ဂုဏ်သိက္ခာရှိစွာ နုတ်ထွက်လို့ ရသွားပြီပေါ့... "

"ဘာ... ဘာဖြစ်လို့လဲ... အသချေ... "

"အရမ်းချမ်းသာတဲ့လူတစ်ယောက်ရဲ့ အချစ်ကို... အရမ်း ဆင်းရဲတဲ့ ကောင်မလေးတစ်ယောက်က မလိုချင်လို့... "



"အသချေ... မင်း... "

"ဝမ်းနည်းပါတယ် အမ်ဒီ... နောက်ဆုတ်လိုက်ပါ... အသချေ့ရှေ့ကို ခြေတစ်လှမ်းထပ်တိုးဖို့ မကြိုးစားပါနဲ့"

တင်းမာနေသော အသချေ့မျက်နှာထားကို ကြည့်ပြီး လဝန်းကုဋေ ငေးငိုင်မှင်သက်မိသွားသည်။

အသချေက လဝန်းကုဋေရဲ့အဝေးဆုံးရောက်အောင် ခြေလှမ်းတွေကို နောက်ဆုတ်လိုက်ပြီး...

"အသချေ... "

လဝန်းကုဋေရဲ့မျက်လုံးတွေက ရီဝေနေသည်။

အင်အားမဲ့စွာဖြင့် အသချေ့မျက်လုံးတွေကို စိုက်ကြည့်နေသည်။

"မနန်းစံ... "

"မနန်းစံ... "

မနန်းစံကို အသချေ ခေါ်နေသည်။

"ရှင်... မမလေး... "

အသချေ့နောက်မှာ မနန်းစံလာရပ်နေသည်။

"မြင်းလှည်းတစ်စီး ခေါ်လိုက်တော့လေ... ကျွန်မ သွားတော့မယ်... ရန်ကုန်ကို ကျွန်မ ပြန်တော့မယ်... "

"မင်း မသွားရဘူး အသင်္ချေ... ကိုယ်နဲ့အတူ မင်းနေရမယ်... ကိုယ့်အနားမှာ မင်း ရှိနေရမယ်... မင်း... "

"ဦးလဝန်းကုဋေ... "

ပတ်ဝန်းကျင်တစ်ခုလုံး ဖျတ်ခနဲငြိမ်သက်သွားသည်။ အသင်္ချေ့နှုတ်ခမ်းလေးတွေ တဆတ်ဆတ်လှုပ်နေပေမယ့် အသံက ဆက်ထွက်မလာ၊ မျက်လုံးထဲမှာ မျက်ရည်တွေသာ ပြည့်လာသည်။

မျက်ရည်ပေါက်ကြီးတွေသာ ပြွတ်ကျလာသည်။

မေးဖျားကလေးထိပ်မှာ မျက်ရည်ဥကြီးတွေ ဆုံသွားပြီ... ။

"ဦးလဝန်းကုဋေရဲ့ ကုမ္ဗဏ်ကနေ... ကျွန်မ နုတ်ထွက်လိုက်ပြီမို့ ဦးလဝန်းကုဋေဟာ ကျွန်မရဲ့ အမ်ဒီ မဟုတ်တော့ဘူး... ဦးလဝန်းကုဋေနဲ့ အသင်္ချေဆိုတဲ့ မိန်းမ... ဘယ်လိုမှ... မပတ်သက်တော့ဘူး... ဝမ်းနည်းပါတယ်... ကျွန်မ စိတ်မကောင်းပါဘူး... "

"ကိုယ်... "

အသင်္ချေ သူ့ရှေ့ကနေ ချာခနဲ လှည့်ထွက်ခဲ့ပြီ...။

မေးဖျားထိပ်ဆီမှ မျက်ရည်ဥကြီးများ ချာခနဲ လှည့်ထွက်လိုက်စဉ်မှာပင် လွင့်ကျသွားသည်။



"ချိုမြ... "

"ဗျာ... ဆရာ... "

"ကလောကားဂိတ်ကို လိုက်ပို့ပေးလိုက်ပါ... "

လဝန်းကုဋေ သူမကို မတားသာတော့... ။

အတင်းအကျပ်တားလိုက်မယ်ဆိုရင် သူ့ရဲ့ဂုဏ်သိက္ခ သူ့ရဲ့အကျင့်တရား။ အားလုံးကိုအထင်သေးစွာဖြင့် အသင်္ချေ နာကြည်းမုန်းတီးသွားတော့မည်။

ကားပေါ်ကို အဝတ်အစား အိတ်တွေ တင်နေသည်။

အသင်္ချေက ကားနောက်ခန်းမှာ ဝင်ထိုင်သည်။

"ဆရာ... "

"ဟင်... "

"ကျွန်တော့်ကောင်မလေးကိုပါ အဖော်အဖြစ် ထည့်ပေးလိုက်တော့မယ် ဆရာ... အသင်္ချေ လမ်းမှာ တစ်ယောက်တည်းဖြစ်နေမှာစိုးလို့... "

"မင်းတို့ ကြိုက်သလိုပဲ စီစဉ်ကြပါတော့ကွာ... "

လဝန်းကုဋေ အားငယ်နေရပြီ... ။

စိတ်ဓာတ်ကျနေပြီ... ။

ကားစက်နှိုးသံကြားလိုက်ရသည်။

အထွက်လမ်းတစ်နေရာဆီကနေ လဝန်းကုဋေ ရပ်စောင့်နေလိုက်သည်။

"အသချေ… "

ချိုမြက အလိုက်သိစွာ ကားကို ခဏရပ်ပေးသည်။

"ကိုယ့်ကြောင့်… မင်းဂုဏ်သိက္ခာထိခိုက်ခဲ့ရတာကို ကိုယ် တောင်းပန်ပါတယ်… "

ကားတံခါးဘောင်ကို လက်ကကိုင်ပြီး သူအသချေကို တောင်းပန်နေမိသည်။

"မင်းနဲ့ကိုယ်နဲ့ ရန်ကုန်မှာ ပြန်ဆုံကြမယ် အသချေ… ကိုယ်ရုံးကို မင်းမလာတော့ပေမဲ့… မင်းရှိနေတဲ့ မင်းရှိနေမဲ့ နေရာတွေကို ကိုယ်အရောက်လာခဲ့မယ်… မင်းနဲ့လက်ထပ်ခွင့်ကို ကိုယ်အမြဲတောင်းဆိုနေမယ်… မင်းနဲ့ လက်ထပ်ခွင့်ရအောင် ကိုယ်အမြဲ ကြိုးစားနေမယ်… မင်းကလွဲရင် ဘယ်သူ့ကိုမှကိုယ်လက်မထပ်ဘူး… ဘာကြောင့်ပဲဖြစ်ဖြစ်… မျိုးဇစ်မိုးကို ကိုယ်ဘယ်တော့မှ လက်မထပ်ဘူး… ဘာဖြစ်လို့လဲ အသချေ သိလား… "

အသချေမျက်လွှာချပြီး ငြိမ်နေသည်။



လဝန်းကုဋေ လေးလေးနက်နက် ထပ်ပြောပြီး အသချေ နဖူးကလေးကိုပါ လက်နဲ့ဖွဖွလေး လှမ်းပုတ်လိုက်သည်။

"ကိုယ်ချစ်တာ… မင်း… "

အသချေမျက်နှာပေါ်မှာ နွမ်းယှဲ့ယှဲ့အပြုံးလေးတွေ ရိပ်ခနဲ ဖြတ်ပြေးသွားသည်။

"ကျေးဇူးတင်ပါတယ် ဦးလဝန်းကုဋေ… "

"ကိုယ်ကတော့… ဖေဖေတို့ရောက်လာတာနဲ့ မျိုးဇစ်မိုးကိစ္စကို အပြတ်ရှင်းပြီး စိတ်ပြေလက်ပျောက်… မြန်မာပြည်အနှံ့လျှောက်လေလွင့်နေဦးမယ်လေ… ကိုယ်ဘယ်ကိုပဲရောက်ရောက်… ကိုယ့်အနားမှာ မင်းရှိနေတယ်လို့ပဲ သဘောထားပါ့မယ်… ကိုယ်မင်းကို အချိန်တိုင်းမှာ သတိရနေပါ့မယ် အသချေရယ်… "

သူကားနောက်ကို ခွာရပ်လိုက်သည်။

ကားကလေးက တောင်ကုန်းအဆင်းလမ်းဘက်ဆီသို့ ဖြည်းဖြည်းလေး လိမ့်ကာ မောင်းထွက်သွားပြီ… ။

မိုးမခပင်ကြီးအောက်မှာ တစ်ယောက်တည်း ရပ်ကျန်ရစ်ခဲ့သူက လဝန်းကုဋေ… ။

## အခန်း(၁၁)

အသချေ တစ်ယောက်တည်း... ။

ဆူးလေဘုရားလမ်းပေါ်မှတစ်ဆင့် အနော်ရထာလမ်းကို ဖြတ်ကူးပြီး သုံးဆယ့်လေးလမ်းထဲသို့ ကွေ့ချိုးဝင်လိုက်သည်။

"ဒီနေ့ ဘာစာအုပ်တွေ ထွက်လဲဟင်... "

မမချိုက စာအုပ်ပုံတွေကြားမှ အသချေ့ကို မြင်ကြည့်ကာ...

"ထွက်တာတွေကတော့ အများကြီးပဲ ညီမလေးရေ... ညီမလေးလာရင် အဆင်သင့်ပေးရအောင်လို့ မမချို အကုန်တွေပါ ချုပ်ပေးထားလိုက်တယ်... "



ရပ်ကွက်ထဲမှာ စာအုပ်အငှားဆိုင်ကလေးဖွင့်ထားတဲ့ အသချေ... ။ တနင်္လာနေ့တိုင်း မမချို စာအုပ်အရောင်းဆိုင်ကလေးရှိတဲ့ သုံးဆယ့်တစ်လမ်းကို လာနေကြပါ။

"မမချို... အသချေ ဘယ်လောက်ပေးရမလဲဟင်... "

မမချိုက အသချေ့နာမည်နဲ့ ဖွင့်ထားသော ဘောင်ချာစာရွက်ကလေးကို တစ်ချက်လှမ်းကြည့်သည်။

"စုစုပေါင်း သုံးထောင့်ရှစ်ရာကျတယ် ညီမလေး... "

ကျသင့်ငွေကို အသချေ ထုတ်ရှင်းပေးလိုက်သည်။

"သွားတော့မယ်နော် မမချို... "

"ကျေးဇူးပဲ ညီမလေးရေ... "

မမချိုကို နှုတ်ဆက်ပြီး သုံးဆယ့်တစ်လမ်းထဲက အသချေ ပြန်ထွက်လာခဲ့သည်။

"ပွမ်... "

"အမလေး... "

ကံကောင်းလို့...

နောက်ဆုံးပေါ် ကားကြီးတစ်စီးက အသချေ့ကို တိုက်မိတော့မလို့... ။

"အို... "

အသချို နှလုံးသွေးရပ်မတတ် ခံစားလိုက်ရပြီ...။

နက်ပြာရောင် ကားကြီးပေါ်မှာ...

ဦးလဝန်းကုဋ္ဌေ...

သူကလည်း အသချို့ကိုမြင်ပြီး အံ့သြမှင်သက်နေသည်။

"အသချို... "

လဝန်းကုဋ္ဌေ နှုတ်က နာမည်လေးတစ်ခု ခပ်တိုးတိုး ဖွဖွလေး လွင့်စင်ထွက်ကျလာသည်။

အသချိုကိုယ်ကလေးကို ချာခနဲ ပြန်လှည့်လိုက်၏။

ပြီးတော့... အနော်ရထာလမ်းကို ခပ်သွက်သွက်လေး ဖြတ်ကူးလိုက်သည်။

"တီ... "

"တီ... "

"ပွမ်... "

"ကျွီ... "

ဟွန်းတီးသံတွေ ကားဘရိတ်အုပ်သံတွေ ဆူညံသွားသည်။



"ဟာ... ဒီကောင်မလေး ဘယ်လိုဖြစ်တာလဲ... "

ကားသမားတွေက အသချိုကိုကြည့်ပြီး နားမလည်နိုင်သလို ဗိုင်းအော်ကြသည်။ အသချိုကတော့ သူတို့ဗိုင်းအော်နေတာတွေအားလုံး ဘာကိုမှ မကြားတော့... ။

ဆူးလေဘုရားလမ်းပေါ်ကိုပြန်ရောက်တော့အသချိုမောနေပြီ... ။

"ဘာဖြစ်လို့ ထွက်ပြေးတာလဲဟင်... "

"ရှင်... "

အသံရှင်ကို မော့ကြည့်လိုက်မိတော့ ရုတ်တရက်လန့်ပြီး လက်ထဲက စာအုပ်တွေ လမ်းမပေါ်ပြုတ်ကျသွားတော့သည်။

"ကိုယ် မင်းကိုလိုက်ရှာနေတာကြာပြီ အသချို... "

သူရောယောင်ပြီး အသချိုနှင့်အတူ စာအုပ်တွေကို ပြန်လိုက်ကောက်ပေးနေသည်။

"ရပါတယ်... ကိစ္စမရှိပါဘူး... "

"အသချို ပိန်သွားသလိုပဲ... "

သူ အသချိုကို အကြင်နာဆုံး စိုက်ကြည့်နေသည်။

သူ့ကိုယ်ကြီးနဲ့ အုပ်မိုးပြီး အသချို သွားမဲ့လမ်းရှေ့ကနေ ပိတ်ကာရပ်ထားသည်။

"ဘဝဆိုတာ ဒီလိုပဲပေါ့ ဦးလဝန်းကုငွေ… မာနကြီးတဲ့ မိန်းမတွေဟာ… မာနမကြီးတဲ့ မိန်းမတွေထက်တော့ ပိုပြီး ဘဝကို ရုန်းကန်ရတာပေါ့… "

ပြောပြီး ဆက်လျှောက်သွားဖို့ အသချော်ကြိုးစားလိုက်သည်။

"နေပါဦး အသချော်… "

သူ အသချော်ကို သွားခွင့်မပေးပါ။

"သူ အသချော်နဲ့ ပြောစရာစကားတွေ အများကြီးရှိတယ်… အဲဒီစကားတွေ ပြောခွင့်ရဖို့အတွက် အသချော်ကို ကိုယ် လိုက်ရှာနေတာ ကြာပါပြီ အသချော်ရယ်… အရင်နေတဲ့ ရပ်ကွက်မှာ စုံစမ်းကြည့်တော့လည်း ပြောင်းသွားပြီတဲ့… ဘယ်ကို ပြောင်းသွားမှန်း မသိကြဘူးတဲ့… "

"အသချော်ကို ညှာတာပေးပါ ဦးလဝန်းကုငွေ… တော်ကြာ ဦးလဝန်းကုငွေတို့ရဲ့ အထက်တန်းစား အသိုင်းအဝိုင်းတွေ တွေ့သွားရင်… အသချော်ကို… "

"ကိုယ် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး အသချော်… အသချော် ဟာ ကိုယ်လက်ထပ်ခွင့် တောင်းထားတဲ့ မိန်းကလေးတစ် ယောက်… အဲဒီမိန်းကလေး ဘယ်ကိုပဲရောက်နေရောက် နေ… ကမ္ဘာကုန်ကျယ်သရွေ့… သံသရာလည်သရွေ့



လိုက်ရှာရမဲ့ တာဝန်က ကိုယ်ရဲ့တာဝန်ပဲ… "

လဝန်းကုငွေရဲ့ အပြတ်သားဆုံးစကား… ။

"အဲဒီတော့… ကိုယ် အသချော်နဲ့ စကားပြောချင်တယ်… အေးအေးဆေးဆေး ပြောလို့ရတဲ့နေရာ တစ်နေရာကို သွားမယ်… "

အသချော် မငြင်းသာတော့… ။

"တစ်ခုတော့ရှိတယ် ဦးလဝန်းကုငွေ… အသချော့်ဂုဏ် သိက္ခာမထိခိုက်တဲ့နေရာတစ်ခုကိုတော့ ရွေးရလိမ့်မယ်…"

"ဒါဆို… အသချော်ပဲ ရွေးလေ… ကိုယ်လိုက်ခဲ့မယ်… "

"လမ်းပေါ်ကတက္ကစီတစ်စီးကိုပဲ အသချော်စီးမယ်…သဘော တူရင် လိုက်ခဲ့… "

"အိုကေ… ဘယ်ကိုလိုက်ရမလဲ… ပြော… "

"ဒဂုံမြောက်ပိုင်း လေးဆယ့်ခြောက်… "

နက်ပြာရောင်ကားကြီးကို သုံးဆယ့်တစ်လမ်းထဲမှာ လဝန်းကုငွေ ပစ်ထားခဲ့လိုက်သည်။

တက္ကစီတစ်စီး ငှားလိုက်၏။

ဒဂုံမြောက်ပိုင်းလေးဆယ့်ခြောက်… ။

ဝန်ထမ်းရပ်ကွက်လေး… ။

"ရုပ်ရှင်ကားဆရာကြီး... ရှေ့နားလေးမှာပဲရပ်လိုက်တော့..."

ငှားလာသော တက္ကစီကားလေး ဒဂုံမြောက်ပိုင်း လမ်းဘေးတစ်နေရာမှာ ထိုးရပ်သွားသည်။

ကျသင့်ငွေကို လဝန်းကုဋေပဲ ထုတ်ရှင်းပေးလိုက်၏။

"ဦးလဝန်းကုဋေ... "

"ဟင်... "

"အသချေ... ဒီရပ်ကွက်ကို ပြောင်းလာတာ... "

"သြော်... "

ရပ်ကွက်ကလေးကို လဝန်းကုဋေ ငေးကြည့်မိသည်။

မြေနီလမ်းကလေး... ။

လမ်းဘေးဝဲယာမှာ စိန်ပန်းပင်တချို့ အနီရောင်ပွင့်ကြွေများ လမ်းပေါ်ထိ ကြွေကျနေကြသည်။

ရပ်ကွက်အဆုံးမှာ...

လွတ်လပ်ကျယ်ဝန်းသော ကွင်းပြင်ကျယ်ကြီးတစ်ခု... ။

"ဒီမှာ စပ်စုမဲ့သူ မရှိဘူး... အထင်သေး ရှုတ်ချတတ်တဲ့



မျက်လုံးတွေနဲ့ ကြည့်မဲ့သူမရှိဘူး... ဘယ်လောက်ပျော်ဖို့ကောင်းလဲ... "

"ဟုတ်တယ်နော်... "

လဝန်းကုဋေ ပျော်ရွှင်နေမိသည်။

"လာ... ရှေ့မှာ ရောက်ပြီ... "

ထောင့်ခြံကလေး... ။

ခြံထဲမှာ သစ်သားအိမ်ကလေးတစ်လုံး ခနော်ခနဲ့ ဆောက်ထားသည်။

လူမရှိ... ။

တိတ်ဆိတ်နေသည်။

"ဒါ... ဘာလဲဟင်... အသချေနေတဲ့ အိမ်လား... "

"မဟုတ်ဘူး... "

စားပွဲဝိုင်းကလေးသုံးလုံး ချထားသည်။

အမိုးလေးတစ်ခု မိုးထားသည်။

ဓနိမိုးကလေး...

"ဒါ... လက်ဖက်ရည်ဆိုင်... "

"ဟင်... "

လဝန်းကုဋေ အံ့သြနေသည်။

လက်ဖက်ရည်ဆိုင်ပဲ... ။

ဖျော်မဲ့သူလည်းမရှိ... ။ ရောင်းမဲ့သူလည်း မရှိ...။ စားပွဲထိုးလည်း မရှိ။ လာသောက်မဲ့သူလည်း မရှိ။

ဘယ်လိုဖြစ်တာလဲ... ။

လဝန်းကုဋေ နားမလည်နိုင်အောင် ဖြစ်နေသည်။

"လက်ဖက်ရည်ဆိုင် ပြောလို့... ဦးလဝန်းကုဋေ စိတ်ရှုပ်သွားပြီထင်တယ်... "

"မယုံတာ... "

"သေချာပါတယ်... ဒါ... ဘုရားစူး မိုးကြိုးပစ် လက်ဖက်ရည်ဆိုင်... "

စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

"ကဲ... ဦးလဝန်းကုဋေ... ဘာသောက်ချင်လဲ... ကော်ဖီလား... လက်ဖက်ရည်လား... ကြိုက်တာပြော... "

"ကော်ဖီတစ်ခွက်... "

အသချေကိုယ်တိုင် ဝင်ဖျော်လိုက်သည်။

နှစ်ယောက်ဆိုတော့ ကော်ဖီနှစ်ခွက်... ။ ပြီးတော့ အကြွမ်းအိုးတစ်အိုး၊ ပန်းကန်လုံးသေးသေးနှစ်လုံး၊ ပြီးတော့... ပေါင်မုန့်မီးကင်နှစ်ချပ်... ။



"အဆင်ပြေပါတယ် ဦးလဝန်းကုဋေ... လက်ဖက်ရည်ဆိုင်ကလေးရဲ့နာမည်ကိုက YOU AND I တဲ့... ဘယ်လောက် ချစ်ဖို့ကောင်းလဲ... "

လဝန်းကုဋေ တစ်ချက်ပြုံးလိုက်မိသည်။

"ကိုယ်တိုင်ဖျော်... ကိုယ်တိုင်သောက်... ကျသလောက်ကို ဟောဟိုစားပွဲလေးပေါ်က ပိုက်ဆံခွက်ထဲ ထည့်ထားခဲ့လိုက်ရုံပဲ... "

"ကိုယ် အရမ်းအံ့ဩတယ် အသချေ... ကိုယ့်တစ်သက်နဲ့တစ်ကိုယ်... ဒီလို လက်ဖက်ရည်ဆိုင်မျိုးကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်... "

"ကဲ... ခုချိန်ကစပြီး... ဦးလဝန်းကုဋေ ပြောချင်တာတွေအားလုံး လွတ်လွတ်လပ်လပ် ပြောလို့ရပြီ... ဦးလဝန်းကုဋေ ပြောသမျှကို တာဝန်အရမဟုတ်တော့ဘဲ... ပုဂ္ဂိုလ်ရေးအရ အသချေ နားထောင်မယ်... ပြော... "

ကော်ဖီပူပူလေးကို အသချေ တစ်ကျိုက်မော့သောက်လိုက်သည်။

"ကိုယ် အသချေကို လက်ထပ်ပါရစေ... "

"ဝမ်းနည်းပါတယ်... အဲဒီကိစ္စ... လုံးဝမဖြစ်နိုင်ဘူး... သူ

ကလွဲရင်... အသချော် ဘယ်သူ့ကိုမှ မချစ်ဘူး... ”

“သူ... ”

“ဦးလဝန်းကုဋေ သိပါတယ်... အသချော် တစ်ခါတုန်းက ပြောဖူးတယ်လေ... ”

လဝန်းကုဋေ မှတ်မိသွားသည်။

“ကိုယ် သိပါပြီ... ”

“အသချော် စိတ်မကောင်းပါဘူး ဦးလဝန်းကုဋေ... အဲဒီအတွက် အသချော် တောင်းပန်ပါတယ်... ”

“ဒါဆို... မင်းတို့နှစ်ယောက်... ပွင့်ပွင့်လင်းလင်း... ဆွေးနွေးပြီးပြီဆိုတဲ့ သဘောပေါ့... ”

သည်မေးခွန်းကို ခြောက်သွေ့သွေ့ အရယ်တစ်ခု ဖြင့်သာ အသချော် တုံ့ပြန်လိုက်နိုင်သည်။

“မင်း ဘာလုပ်တာလဲ... ”

“ကိုယ့်အကြောင်း ကိုယ်တွေးမိသွားလို့... ”

လဝန်းကုဋေ ခပ်ငိုင်ငိုင်လေးသာ အသချော့်ကိုငေး ကြည့်နေမိတော့၏။

“သူနဲ့ အသချော် နှစ်ယောက်ကြားထဲမှာ ဘာတစ်ခုမှ... အပြောင်းအလဲ မရှိသေးပါဘူး... သူ တစ်ခါတလေ...



အသချော်တို့ရပ်ကွက်ထဲကို လိုက်လာတယ်... အသချော်တို့ လမ်းထိပ်က အုတ်ခုံလေးမှာ ဂစ်တာထိုင်တီးတယ်... စိတ်လိုရင် အသချော်တို့အိမ်ရှေ့အထိ လာတယ်... တစ်ပတ်မှာ အနည်းဆုံးသုံးရက်ပေါ့... အသချော်နဲ့ လမ်းမှာ မတော်တဆ ဆုံရင်လည်း စကားလုံးဝမပြောဘူး... အသချော်နဲ့ မျက်လုံးချင်းမဆုံမိအောင် သူ အမြဲရှောင်တယ်၊ အသချော့်ကို တွေ့ရင် ခေါင်းငုံ့ထားတယ်... အဲဒီအတွက် သူ့ကို အသချော် သိပ်ချစ်တယ်... အချစ်ဆိုတာ တကယ်တော့... စိုက်ပျိုးထားစရာမလိုဘဲ သူ့အလိုလို ပွင့်လာတဲ့ ပန်းတစ်ပွင့်ပါပဲ... ဦးလဝန်းကုဋေရယ်... ”

အသချော့်စကားသံလေးက လဝန်းကုဋေရဲ့ရင်ထဲ ထိတိုင် တိုးဝင်စူးနင့်စွာ ဝင်ရောက်သွားခဲ့၏။

“ဒါဆို... အသချော့်ကို ကိုယ် ဘယ်တော့မှ မျှော်လင့်ခွင့် မရှိတော့ဘူးပေါ့... အသချော် ရင်ထဲကအချစ်တွေ... ကိုယ် ဘယ်တော့မှ ပိုင်ဆိုင်ခွင့်မရှိတော့ဘူးပေါ့... ”

“ဖြစ်နိုင်ပါတယ်... ”

“အသချော်ရယ်... ”

လဝန်းကုဋေ စိတ်ဓာတ်ကျနေမိသည်။

"ကိုယ်ကတော့... နောက်ဆုံးတစ်နေ့အထိ မျှော်လင့်နေမှာပဲ... အသချော်ရှိနေမဲ့ နေရာကို ကိုယ် အမြဲလာမယ်... အသချော်နဲ့ တွေ့ခွင့်တွေထပ်ရဖို့ ကိုယ် အမြဲကြိုးစားနေမယ်... "

"အကောင်းဆုံးက မြူးဇစ်မိုးနဲ့ပဲ လက်ထပ်လိုက်ပါ... "

အသချော် သူ့ကို အကြံပေးမိသည်။

"ကိုယ်မှ မချစ်တာဘဲ... အသချော်... ခုထိလည်း သူ ဇွဲမလျှော့သေးတာဘဲ... ကိုယ့်နောက်ကို အမြဲလိုက်ပြီး စုံစမ်းတယ်... ကိုယ် ဘယ်သွားလဲ... ဘာလုပ်လဲ... ဘယ်သူနဲ့ ဆက်သွယ်နေသလဲ... သူ အမြဲစောင့်ကြည့်နေတယ်... ပြီးတော့... မြူးဇစ်မိုးကိုယ်တိုင် အသချော့်ကို လိုက်ရှာနေတယ်... "

"ဘာလုပ်မလို့လဲ... "

အသချော့်အသံက နည်းနည်းတော့ မာသွား၏။

"အသချော့်ကြောင့် ကိုယ် သူ့ကို ငြင်းနေတယ်ဆိုပြီး... မခံချင်ဖြစ်နေတယ်လေ... "

"ဟာသပဲ နော်... သူ့ကိုမြင်ရင် အသချော် ဟားတိုက်ပြီး ရယ်လိုက်မိမှ သေချာတယ်... မတွေ့ပါစေနဲ့လို့ဆုတောင်း



ပါမှာပဲ... ကလောမှာ ဦးလဝန်းကုဋေနဲ့ မတွေ့ကြဘူးလား... "

"တွေ့တာပေါ့... "

"ဘာတွေဖြစ်ကြလဲ... "

"အကြီးအကျယ် ပြဿနာတက်ကြတယ်... အသချော့်ကို မတွေ့လိုက်ရတဲ့အတွက် သူ့ကိုရှောင်ပြေးသွားတယ်ဆိုပြီး... ဒေါပွသွားတယ်လေ... အသချော့်ကို ပြန်တွေ့မှ... ကိုယ့်ကိုလက်ထပ်ဖို့ စဉ်းစားမယ်ဆိုပြီး... စိတ်ပြောင်းသွားလို့... ကိုယ့်ကို လက်ထပ်ဖို့ စဉ်းစားမယ်ဆိုပြီး... စိတ်ပြောင်းသွားလို့... ကိုယ် သက်သာနေတာ... "

"အသချော့်ကို ပြန်တွေ့မှ လက်ထပ်ဖို့စဉ်းစားမယ်... "

အသချော် နားမလည်နိုင်အောင်ဖြစ်သွားသည်။

"ဟုတ်တယ်လေ... သူက... ကိုယ် အသချော့်လက်ထဲရောက်နေမှ ပြန်လုချင်တာ... အသချော့်ကို မနာလိုစိတ်နဲ့ စိမ်ခေါ်ချင်တာ... အထူးသဖြင့်... အသချော့်ကြောင့်... သူ အငြင်းခံရတယ်ဆိုပြီး အသချော့်ကို လက်စားချေချင်နေတာပါ... "

"သြော်... "

အသချော့ကလေးကို တင်းတင်းလေး ကျိတ်လိုက်မိ၏။

"သူက... အသချော်အပေါ်မှာ ဒီလောက်တောင် အငြိုးကြီးနေတာကိုး... "

အသချော် ဘာလုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်လိုက်မိပြီ... ။

လဝန်းကုငွေ

အသချော်နဲ့ မြူးဇစ်မိုး... ။

ကံမကုန်လို့ ပြန်ဆုံကြတာလား ဦးလဝန်းကုငွေရယ်... တမင်မေ့ထားခဲ့တဲ့အကြောင်းတွေမို့ အသချော် ဘာကိုမှ ပြန်မတွေးချင်တော့တာလည်း အမှန်ပါပဲ... ။

ဒါပေမဲ့...

မာနရှိတဲ့ မိန်းမတစ်ယောက်အနေနဲ့ မြူးဇစ်မိုးကို မျက်နှာချင်းဆိုင် ပြန်ဆုံလိုက်ချင်တယ်... ။

အင်းလေ...

ဘာပဲပြောပြော ဟနေ့နေ့မှာတော့ ပြန်ဆုံကြမယ်ဆိုတာ အသချော် တွေးထားပြီးသားပါ... ။

"အသချော်... "



"ဟင်... "

"ကိုယ် အသချော်ဆီကို နေ့တိုင်းလာမယ်နော်... "

အသချော် မတားမိ... ။

"အခု... ဒီစာအုပ်တွေက ဘာလုပ်တာလဲဟင်... အသချော် ဖတ်တာလား... "

"စာအုပ်အငှားဆိုင်လေးဖွင့်ထားတာပါ... "

"ဟာ... ဒါဆိုအတော်ပဲ... အသချော်နဲ့အတူတူ ကိုယ်ပါ ဝိုင်းလုပ်ပေးမယ်... ကိုယ်ပါ အလုပ်ရသွားတာပေါ့... ကိုယ့်ကို အသချော်ရဲ့ အတွင်းရေးမှူးအဖြစ် တစ်ခါတည်း ခန့်လိုက်နော်... "

ခပ်တိုးတိုး ရယ်လိုက်မိကြသည်။

ဟောကြည့်...

နောက်နေ့တွေမှာ နက်ပြာရောင်ကားကြီးနဲ့ တကယ့်ကိုပဲ ဦးလဝန်းကုငွေ ရောက်လာပြန်ပြီ... ။

"ဒုက္ခပါပဲ... "

အသချော် မေမေ့ကို ဘယ်လိုပြောရမှန်းမသိ။

"ရော့ အသချော်... ကိုယ် ဈေးထဲဝင်ပြီး ဟင်းချက်စရာတွေ ဝယ်လာခဲ့တယ်... ကိုယ် အလကားမစားပါဘူး... ဒီလို

အလုပ်သမားမျိုး ဘယ်မှာသွားရှာမလဲ... ”

မေမေ့ကို ပြောပြတော့ မေမေက တစ်ချက်ပြုံးသွားသည်။

“သူ သံယောဇဉ်တကယ်ရှိလို့... ဒီအထိလိုက်လာတာပဲ နေမှာပေါ့သမီးရယ်... ကောင်းကောင်းမွန်မွန် ဧည့်ခံလိုက်ပါ... သူ့ကြည့်ရတာ ရိုးရိုးသားသားလေးပါပဲ... ”

မေမေက သူ့ကို နားလည်မှု အပြည့်ပေးသည်။

စိတ်ညစ်နေတာက အသချော်...

သူရောက်လာလို့ နောက်ဆုံးပေါ်ကားသစ်ကြီး အိမ်ရှေ့မှာ ရပ်ထားတာ မြင်တွေ့သွားခဲ့လျှင်...

“ဦးလဝန်းကုငွေ... ”

“ဘာခိုင်းမလို့လဲ အမ်ဒီ... ”

သူက ပျော်နေပေမဲ့... အသချော်က စိတ်ညစ်နေသည်။

“နောက်နေ့ကစပြီး မလာနဲ့တော့... ”

“ဟာဗျာ... ကျွန်တော် အလုပ်ထွက်စာမတင်ပါဘူး... ဒီကုမ္ပဏီမှာ သေတပန် သက်တစ်ဆုံး အလုပ်လုပ်ဖို့ ဆုံးဖြတ်ထားပြီးသား... ”



နောက်ဖေးမီးဖိုချောင်ထဲအထိဝင်ပြီး ကြက်သွန်တွေ ဝိုင်းခွာပေးနေသည်။ ချဉ်ပေါင်ရွက်တွေ ဝိုင်းခြွေပေးနေသည်။

“အသချော့်ကို သူများတွေက ဘယ်လိုပြောကြမလဲ... ဘယ်လိုထင်ကြမလဲ... တစ်သက်လုံး မာနနဲ့နေလာတဲ့ မိန်းမ... ရှင်နဲ့ကြမှ ဒုက္ခရောက်ရတော့မယ်... ”

“ဂရုစိုက်လို့ အသချော်ရယ်... ဘယ်သူက မေးမေး ကျွန်မကို အရမ်းကြိုက်လို့ နေ့တိုင်းလာနေတာလို့... ကျွန်မနဲ့ မကြာခင် လက်ထပ်တော့မှာလို့ ပြောလိုက်ပေါ့... ”

“အမလေး... ကျေးဇူးရှင်ရယ်... ကိုယ့်ဟာကိုယ် စိတ်ချမ်းချမ်းသာသာ ဆားနဲ့ပဲ စားပါ့မယ်... မလုပ်ပါနဲ့... ”

တစ်နေကုန် နေသည်။

ဘယ်သူမှ လှမ်းခေါ်လို့ မရအောင် ဆဲလူလာဖုန်းကို ဝိတ်ထားသည်။ စာအုပ်တွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်စီပေးသည်။ ဖုန်တွေ အမှိုက်တွေကို လှဲကျင်းပေးသည်။

ဘယ်လိုလုပ်မလဲ... ။

မောင်းထုတ်လို့လည်းမရ... ပြန်ခိုင်းလို့လဲမရ... ရပ်ကွက်ထဲက ကလေးတွေနဲ့ စာအုပ်ဆိုင်ထဲမှာ တဝါးဝါးတဟားဟား ပွဲကျနေလိုက်သေး... ။

ကြာတော့…

တစ်ရပ်ကွက်လုံးနဲ့တောင် သူက သိနေပြီ။

ဒီမှာတော့…

သူပြန်သွားလို့မှ မကြာခင် စာအုပ်အငှားဆိုင်ကလေးထဲမှာ အသချော်တစ်ယောက်တည်း ထိုင်နေတုန်း… ။

"အသချော်… "

"ရှင်… "

ခေါင်းငုံ့ပြီး စာရင်းတွေမှတ်နေရာမှ ခေါင်းမော့ပြီး ဖျတ်ခနဲ လှမ်းအကြည့်…

"မြူးစစ်မိုး… "

အသချော် အသက်ရှူရပ်သွားမတတ် ခံစားလိုက်ရပြီ။ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားပြီး လေထဲလွင့်ပါသွားသလို သိမ့်ခနဲ ငြိမ့်ခနဲ မြောက်တက်သွားခဲ့ရတော့၏။



## အခန်း(၁၂)

"မင်း… ကိုယ့်ကို မှတ်မိတယ်နော်… "

ဖျတ်ခနဲ မှုန်ဝါးသွားသော မျက်လုံးတွေက တစစပြန်လည်ကြည်လင်လာသည်။ ရှေ့မှာရောက်နေသော အရိပ်သဏ္ဌာန်တစ်ခုသည် မြူးစစ်မိုးဟု သဲကွဲလာခဲ့သောအချိန်တွင် လှုပ်ရှားသွားသော စိတ်ကို တည်ငြိမ်နိုင်ဖို့ ကြိုးစားလိုက်ရသည်။

"ကျွန်မ သိပါတယ်… "

"ကိုယ့်ကို ထိုင်ခွင့်ပေးပါလား… "

"ဪ… ဟုတ်ကဲ့… ထိုင်ပါ… ထိုင်လို့ရပါတယ်… "

"ကိုယ်… မင်းကို တွေ့ချင်လို့ ရှာလိုက်ရတာကွယ်… "

ကိုယ်ကလေးကို ခပ်နွဲ့နွဲ့လေး လှုပ်ယမ်းပြော လိုက်သဖြင့် တစ်ကိုယ်လုံးမှာ ဝတ်ထားသော ရတနာတွေက ပြိုးပြိုးပျက်ပျက် လက်သွားခဲ့သည်။

"မင်း... ဘာဖြစ်လို့ ကုမ္ပဏီက ထွက်လိုက်တာလဲဟင်..."

"စိတ်မဝင်စားတော့လို့ပါ... "

စာအုပ်တွေကို တစ်ခုချင်းပြန်စီတင်ရင်း မြူးဇစ်မိုး ကို စိတ်မပါသလိုပြန်ပြောနေမိသည်။

"ကိုယ် အရမ်းအံ့ဩသွားတယ်... သိလား... "

ရယ်သံလွင်လွင်လေးတစ်ခု လေထဲလွင့်ပါလာသည်။ ထိုရယ်သံသည် လျောင်ပြောင်သောရယ်သံတစ်ခု မဟုတ်ခဲ့ရင် တောင်မှ နာလိုခံခက်စွာ ရယ်လိုက်ရသော ရယ်သံတစ်ခု ဖြစ်နိုင် ပါသည်။

"ကုမ္ပဏီမှာ အလုပ်ဝင်လုပ်တဲ့ ဝန်ထမ်းတစ်ယောက်... အလုပ်ကနေ နုတ်ထွက်သွားတာ သိပ်တော့ အံ့ဩစရာ မရှိပါဘူး... ကျွန်မအတွက်... အဲဒါ အံ့ဩစရာမဟုတ်ဘူး သိပ်လည်း မထူးဆန်းဘူးလို့ ထင်တယ်လေ... "

"ကိုယ်က အဲဒီနေရာမှာ မင်းတစ်သက်လုံး တွယ်ကပ်နေ မယ် ထင်ခဲ့တာ... "



"ရှင်... "

အသချေ့ရင်ထဲမှာ စူးခနဲ တစ်ချက်အောင့်ဝင်သွား ၏။ စင်ပေါ်လှမ်းတင်လိုက်သော စာအုပ်တစ်အုပ် လက်ထဲကပင် ပြုတ်ကျသွားသည်။

"ကိုယ်... မင်းကို အဲဒီအတွက် အံ့ဩတာပါ အသချေ... သာမန်ဆိုရင်... မင်းကို ကိုယ်ဘယ်လိုလုပ်စိတ်ဝင်စားမှာ လဲ... ခုတော့... မင်းအတွက် အခွင့်အရေးတွေ... "

"အဲဒီ စကားလုံးကို ကျွန်မ ကန့်ကွက်တယ်... မြူးဇစ်မိုး အခွင့်အရေးဆိုတဲ့ စကားလုံးကို ကျွန်မ သဘောမတူ ဘူး... "

အသချေ့ နဖူးပြင်ထက်က ဆံပင်ကလေးတွေ ဘယ်ညာ လွင့်ခါသွားအောင်ပင် ခေါင်းတအား ခါယမ်းလိုက်မိ၏။

မြူးဇစ်မိုး ရယ်နေသည်။

ရယ်ရင်းနဲ့မှ နှုတ်ခမ်းလေးတွေ ခပ်မဲ့မဲ့လေးကွေး ညွတ်သွား၏။ ပြီးတော့... စားပွဲမျက်နှာပြင်ကို စိန်လက်စွပ်တွေ တန်းစီဝတ်ထားတဲ့ လက်ချောင်းလေးတစ်ခုဖြင့် ဆတ်ခနဲတစ်ချက် ခေါက်လိုက်သည်။

"ဒါဖြင့်ရင်... မင်း ဘာဖြစ်လို့ သူ့ကိုလက်ခံနေသလဲ... လူ

ရှေ့မှာ လက်ခံရင် သိက္ခာကျမှာစိုးလို့… ဒီနေရာမှာ လက်ခံထားတာလား… ဒါ… သူ့ဆီက အခွင့်အရေးတစ်ခုခု မင်းမှာ လိုအပ်နေလို့ သိက္ခာရှိရှိ… ထောက်ချောက်ဆင်နေတာပဲ… ”

“ကျွန်မ… ”

“မင်း မငြင်းနဲ့ အသချေ… ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မင်းကိုယ်တိုင် ငြင်းဖို့ မကြိုးစားနဲ့… ”

မြူးဇစ်မိုး အသံသည် သိသိသာသာ မာဆတ်ပြတ်တောင်းနေ၏။ တစ်ခုခုကို သေချာပေါက်ပြောနေသည့် လေယူလေသိမ်းမျိုး အထက်စီး… ပြောနေသည့် လေသံမျိုး။

သည်တစ်ခါ… ဟက်ဟက်ပက်ပက် ရယ်ချလိုက်မိသူမှာ အသချေ ဖြစ်နေ၏။ မြူးဇစ်မိုးက ရုတ်တရက် ထ,ရယ်နေသော အသချေကို အထူးအဆန်းတစ်ခုလို ငေးကြည့်နေသည်။

“မင်း… မင်း… ကိုယ့်ကို… ”

“သိပ်ရယ်ရတာပဲ မြူးဇစ်မိုးရယ်… ရှင် သိပ်ရယ်ရတာပဲ… ”

ပြောပြီး… ခပ်ခြောက်ခြောက်ကလေး ထပ်ရယ်နေပြန်သည်။



“ကျွန်မက… သိက္ခာရှိရှိ ထောင်ချောက်ဆင်တယ် ဟုတ်လား… ရှင် ပြောတဲ့အခွင့်အရေးတစ်ခုအတွက် ကျွန်မ သူ့ကို လက်ခံထားပါတယ်ဆိုတဲ့… ရှင့်ရဲ့ စွပ်စွဲချက်တွေကို ရှင်အခုချက်ချင်း ပြန်ရုပ်သိမ်းလိုက်စမ်းပါ မြူးဇစ်မိုး… ”

“ဘာ… ”

ဝုန်းခနဲ ထ,ရပ်လိုက်သော မြူးဇစ်မိုးကြောင့် စာအုပ်ဆိုင်ကလေးတစ်ခုလုံးပင် သိမ့်ခနဲ တုန်ခါသွားသည်။

“အဲဒီ စွပ်စွဲချက်ကို ရှင်မရုပ်သိမ်းဘူးဆိုရင်… ရှင်နဲ့ကျွန်မ ဒီညကစပြီး ပြိုင်ဘက်တွေ ဖြစ်သွားလိမ့်မယ်… ရှင့်ကို မခံချင်စိတ်နဲ့ အမှားတစ်ခုခုကို ကျွန်မ လုပ်မိလိမ့်မယ်… ”

“မင်း… မင်း ကိုယ့်ကိုပြိုင်မယ်… မင်းနဲ့ကိုယ်နဲ့ပြိုင်ဘက်တွေဖြစ်သွားလိမ့်မယ်… ဟုတ်လား အသချေ… မင်း ဘယ်လိုပြိုင်မှာလဲ… ကိုယ့်ရဲ့ပြိုင်ဘက်အဖြစ်… မင်း ဘာကို သတ်မှတ်မှာလဲ… ”

“ဦးလဝန်းကုဋေကို ကျွန်မ လက်ထပ်ရလိမ့်မယ်…ဦးလဝန်းကုဋေ တောင်းဆိုထားတဲ့ လက်ထပ်ခွင့်ကို… ကျွန်မ ခွင့်ပြုရတော့မယ်… အဲဒါ ရှင့်ကို ပြိုင်တာလေ… အညာအတာကင်းမဲ့လွန်းတဲ့ ရှင့်ရဲ့စွပ်စွဲချက်တွေ မရုပ်သိမ်းလို့… ရှင့်ကို ဒဏ်ခတ်တာလေ… ”

မြူးစစ်မိုး ကယောင်ချောက်ချားဖြစ်သွားရပြီ။

ရှင့်ရဲ့ စွပ်စွဲချက်တွေ မရပ်သိမ်းလို့ ဒဏ်ခတ်တာ တဲ့။ ရှင့်ကို ပြိုင်တာတဲ့... ။

အသချော်ဆိုတဲ့ မိန်းမ... ။

မီးဟုန်းဟုန်းတောက်နေတဲ့မျက်လုံးတွေနဲ့ ငါ့ကို တောင် ပြိုင်ကြည့်ရဲတဲ့ မိန်းမ... ။

"မင်း... မင်းပါးစပ်ကို ပိတ်လိုက်စမ်း အသချော်... မင်း ပြောနေတဲ့ စကားလုံးတွေက မင်းနဲ့တန်လို့လား... ကိုယ်နဲ့မတန်မရာတွေ မင်းမလုပ်ပါနဲ့... "

"ဒီမှာ... မြူးစစ်မိုး... "

အသချော် ရင်ထဲက မာနတွေ လှိုင်းတံပိုးတစ်ခုလို ကြွတက်လာသည်။ မြူးစစ်မိုးကို အပြတ်သားဆုံး ရင်ဆိုင်လိုက်မိပြီ။

"မနက်ဖြန်ဟာ ကျွန်မနဲ့ဦးလဝန်းကုဋ္ဌေ ရုံးမှာတက်ပြီး နှစ်ဦးသဘောတူ လက်မှတ်ထိုးမဲ့နေ့ပဲ... ရှင့်ဘက်က ရအောင်တားဆီးပါ... ရှင့်မှာရှိတဲ့ ဂုဏ်တွေ ငွေတွေ အသိုင်းအဝိုင်းတွေနဲ့ ပုံအောပြီး... ကျွန်မကို ရအောင်ပြိုင်ပါ... ကဲ... ရှင် ပြန်လို့ရပြီ... ကျွန်မ ဆိုင်ပိတ်တော့မယ်..."



အသချော် ယဉ်ယဉ်လေး သူ့ကို မောင်းထုတ်လိုက်သည်။

"ကောင်းပြီလေ... မင်းနဲ့ကိုယ် ထပ်တွေ့ကြသေးတာပေါ့... "

အသချော့်ကို ခပ်စူးစူးတစ်ချက် စိုက်ကြည့်လိုက်ပြီးမှ မြူးစစ်မိုး ချာခနဲ လှည့်ထွက်သွားသည်။

နောက်တစ်နေ့မနက် လဝန်းကုဋ္ဌေ ရောက်လာတော့ အသချော် ညကအဖြစ်အပျက်ကို ပြောပြလိုက်၏။

"ကိုယ်ကတော့... ဖြစ်ချင်တာဖြစ်... အမြန်ဆုံးလက်ထပ်လိုက်ချင်ပြီ... "

လဝန်းကုဋ္ဌေ အသချော်ကို တောင်းဆိုနေသည်။

ခက်နေတာက အသချော်ပင်... ။

မခံချင်စိတ်နဲ့သာ ပြောလိုက်ရပေမဲ့ တကယ်တမ်းကျ အသချော် လက်မထပ်ချင်ပါ။

"အသချော့်ကို မေ့လိုက်ပါ ဦးလဝန်းကုဋ္ဌေရယ်... အသချော် အားလုံးကို အရှုံးပေးပါတယ်... "

အသချော် မျက်လုံးထဲက မျက်ရည်ပေါက်တွေ စီးသိမ့်ကျလာသည်။ ဖြစ်နိုင်လျှင်... ဘယ်သူမှ လိုက်ရှာလို့မရတဲ့

အဝေးတစ်နေရာကို အသဇျော် ထွက်သွားချင်နေပြီ။

"မငိုပါနဲ့ အသဇျော်ရယ်... "

လဝန်းကုဋေ သည်မနက်ပဲ အိမ်ပေါ်က အပြီး အပိုင်ဆင်းလာသော အသဇျော် မသိသေးပါ။

ကားကိုလည်း ထားခဲ့သည်။

ညက... တစ်အိမ်လုံးနဲ့ လဝန်းကုဋေ အတိုက်အခံ လုပ်ခဲ့၏။ စကားတွေ အကြီးအကျယ်များကြသည်။

အဓိကတရားခံသည် မြူးဇစ်မိုး... ။

တရားရုံးတက်ပြီး ချက်ချင်းလက်မှတ်ထိုး လက်ထပ်ဖို့ ဖေဖေ့ကို ဖုန်းဆက်လှမ်းပြောရာမှ စ,ခဲ့သော ပြဿနာ ဖြစ်သည်။

"ကိုယ် ဒီနေ့အိမ်ပေါ်က အပြီးဆင်းလာတာပါ အသဇျော်... ကိုယ့်ကိုမှ အသဇျော် လက်မခံရင် ကိုယ်တစ်နေရာကို ထွက်သွားရတော့မယ်... "

"ဟင်... "

အသဇျော် အံ့ဩသွားသည်။

"တစ်ခါတစ်ခါ... ဘဝဆိုတာ... သချာနည်းနဲ့တွက်ပြီး သေချာပေါက် အဖြေထုတ်လို့မရဘူးဆိုတာ ကိုယ်နားလည်ပါ



ပြီ... ကိုယ်အသေဇျော့ကို ဘဝပေါင်းများစွာအတွက်... မျှော်လင့်ခဲ့တယ်... အသဇျော့ကြောင့် အချစ်ဆိုတာ ကိုယ့်ရင်ထဲမှာ ပေါက်ဖွားရှင်သန်လာခဲ့ရတာပါ... ဒါပေမယ့်... "

လဝန်းကုဋေ စကားကို မဆက်နိုင်... ။

ရင်ထဲမှာ ဆို့နင့်ကြေကွဲနေမိသည်။

"ကိုယ်က ဘယ်လောက်ချစ်ချစ်... ကိုယ်ချစ်တဲ့သူက... ကိုယ့်ကို လက်မခံတော့... တခြားနေရာကို ကိုယ်ထွက်သွားဖို့ ကိုယ်ဆုံးဖြတ်ထားခဲ့ပြီးပါပြီ အသဇျော်ရယ်... အခုလာတာလည်း နောက်ဆုံးအနေနဲ့ အသဇျော့အချစ်ကို ကိုယ်တောင်းမယ်... မရရင် ကိုယ်သွားတော့မှာပါ... "

အသဇျော့ ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာသည်။

မျက်ရည်များကြားမှ သူ့ကို ကြည့်နေရသဖြင့် သူ့ပုံစံလေးက မှုန်ဝါးနေခဲ့သည်။

"ကြာရင်... အသဇျော် ချစ်နေတဲ့ ကောင်လေးက အသဇျော့ကို အထင်လွဲတော့မယ်... ကိုယ့်ကြောင့် အသဇျော် ဂုဏ်သိက္ခာတွေလည်း ထိခိုက်ခဲ့ပေါင်းများပြီ... ကိုယ်တောင်းပန်ပါတယ် အသဇျော်ရယ်... "

အသဇျော် အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ကောင်းမလား။

အသချေ် လျှို့ဝှက်ထားခဲ့သည်။

ဂုဏ်သိက္ခာအတွက် အကြောင်းအရာတစ်ခုကို ဇာတ်လမ်းသဖွယ် ဖန်တီးထားခဲ့သည်။ ထိုလျှို့ဝှက်မှုသည် အသချေ့်ဘဝထဲမှာ အမှတ်တကယ် မရှိခဲ့သော ကောင်လေးတစ်ယောက်ကို ရှေ့မှာကာထားခဲ့ပြီး... အသချေ်ဟန်ဆောင်ပြောနေခဲ့ခြင်း ဖြစ်သည်။

"ပြောလေ အသေချာ... ကိုယ့်ကြောင့် အသချေ့်ကို သူ အထင်လွဲသွားပြီလားဟင်...အသချေ့်နောက်ကို သူမလိုက်တော့ဘူးလား... ကိုယ့်ကြောင့်ဖြစ်ရတာဆိုရင်... ကိုယ် ကိုယ်တိုင် အဲဒီကောင်လေးကို ရှင်းပြတောင်းပန်ပေးပါ့မယ် အသချေ်ရယ်... "

သူ့မျက်လုံးတွေကို အသေချာ မကြည့်ရဲပါ။

စ,တွေ့တဲ့နေ့ကတည်းက အသချေ် ချစ်ခဲ့ရတဲ့ မျက်လုံးတွေ... ။ ဘဝချင်းက မိုးနဲ့မြေ... အခြေအနေခြင်းက ကွာခြားလွန်းလှသည်။ ပြီးတော့... စေ့စပ်ထားပြီးသား ယောကျ်ားတစ်ယောက်... ။

အသချေ် နောက်ဆုတ်ပေးရမှာပေါ့... ။

ဒါကြောင့် ချစ်သူရှိနေသယောင် ဖန်တီးပြီး အသချေ်



ရှောင်ထွက်နိုင်အောင် အကြိမ်ကြိမ်အခါခါ ကြိုးစားခဲ့ရသည် မဟုတ်လား... ။

နောက်ဆုံး...

အလုပ်ကပါ ထွက်ခဲ့ရသည်။

မေ့နိုင်အောင် ဖြေသိမ့်ခဲ့သည်။ စာအုပ်အငှားဆိုင်ကလေးဖွင့်ပြီး ဘဝသစ်တစ်ခုကို စတင်ခဲ့သည်။

ဒါ...

ဆင်းရဲတဲ့ မိန်းမတစ်ယောက်ရဲ့ မာနလေ... ။

မျိုးဇစ်မိုးကြောင့် ထိုမာနတွေ အထွတ်အထိပ်ရောက်ခဲ့သည်။ ချမ်းသာလို့လက်ထပ်တာဆိုတဲ့စကားကို အသချေ် တစ်သက်လုံး အပြောမခံနိုင်။ ကိုယ်အရမ်းချစ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်မထပ်လိုက်ရလို့ ဘဝများစွာ ဝေးကွာသွားစမ်းပါစေ... အသည်းတွေ အကွဲခံပြီး မိန်းမတစ်ယောက်ရဲ့မာနကို ထိန်းသိမ်းကာကွယ်သွားသည်။

အသချေ် ထိုအတိုင်းဆုံးဖြတ်ထားခဲ့သည်။

ခုတော့...

အခြေအနေတွေအားလုံးက အရင်လိုမဟုတ်တော့။

သူ...

အိမ်ပေါ်က အပြီးအပိုင် ဆင်းလာပြီတဲ့… ။

အဝတ်တစ်ထည် ကိုယ်တစ်ခု… ။

သူဌေးမဟုတ်တော့… ။

ကုမ္ပဏီပိုင်ရှင် မဟုတ်တော့… ။

စီးစရာ ကားမရှိ၊ ဆက်စရာ ဆယ်လူလာဖုန်း မရှိ။

လဝန်းကုဋ္ဌေ အခြေအနေအားလုံးကို အသချေ နားလည်အောင် ရှင်းပြနေသည်။

"ခုတော့… ကိုယ်လည်း ဆင်းရဲသွားပါပြီ အသချေ… အသချေနဲ့လည်း ဘဝတူတွေဖြစ်သွားပါပြီ… "

အသချေ မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

သူ့ကို ပြုံးပြလိုက်၏။

"ဦးလဝန်းကုဋ္ဌေ… "

"ရှာ… "

သူ့ကို အသချေ သနားသည်။

သူ့ကို အသချေ ချစ်သည်။

"အသချေလေ… ဦးလဝန်းကုဋ္ဌေ ပေးလိုက်တဲ့လခလေး ထဲက ကျန်တဲ့ပိုက်ဆံလေးနဲ့ စာအုပ်အငှားဆိုင်ကလေး ဖွင့်ခဲ့တာပါ… အဲဒီက ရတဲ့အမြတ်ကလေးနဲ့… ဦးလဝန်း



ကုဋ္ဌေအတွက် လက်ဆောင်လေးတစ်ခု အသချေဝယ်ထားတယ်… "

"ဟာ… ဟုတ်လား… ပွတာပဲ… "

သူ့မျက်နှာလေး ဝင်းလက်သွားတာကို ကြည့်ပြီး အသချေ ပျော်သွားသည်။

အသချေ ထုတ်ပေးလိုက်သည်။

"ဟင်… "

လက်ဆောင်လေးကိုမြင်တော့ သူ အံ့ဩနေ၏။

ပုဆိုးလေး တစ်ထည်… ။

သူနဲ့အရမ်းလိုက်မဲ့ မရမ်းစေ့ရောင်အကွက်စိပ် ကလေး… ။

"ဒါ… ကိုယ့်အတွက် ဟုတ်လား အသချေ… ဒါ ကိုယ်ဝတ်ရမယ်… "

"အင်းလေ… တစ်နေ့နေ့မှာ အသချေ့ကြောင့် အိမ်ပေါ်က ဆင်းလာခဲ့ရင် ဝတ်လို့ရအောင် အဆင်သင့် ဝယ်သိမ်းထားတာလေ… "

လဝန်းကုဋ္ဌေ တစ်ခုခုကို တွေးမိသွားသည်။

အသချေ့ကို ပြန်မေးလိုက်မိ၏။

"တက လို့ အိမ်ပေါ်က မဆင်းလာဘူးဆိုရင်ကော… "

"လွယ်ပါတယ်… ဒီပုဆိုးလေးကို တစ်သက်လုံး သိမ်းထား လိုက်တော့မှာပေါ့… "

"ဟာ… "

လဝန်းကုဋ္ဌေလက်တွေက အသင်္ချေ ပခုံးသားလေးတွေကို အလိုလို ဆုပ်ဖက်မိလျက်သား ဖြစ်သွားသည်။

"အသင်္ချေရယ်… "

"မေမေရှိတယ်နော်… "

အဖြေလေ…

သူ့ကို အသင်္ချေ အဖြေပေးလိုက်မိပြီ… ။

သူ အရမ်းပျော်သွားသည်။ ကလေးတစ်ယောက်လို အူမြူးနေသည်။

"ကိုယ်အရမ်းဝမ်းသာတာပဲ အသင်္ချေရယ်… ဒီပုဆိုးလေးကို အခုတစ်ခါတည်းဝတ်ပြီး တရားရုံးကို သွားမယ်နော် အသင်္ချေ… "

အသင်္ချေ ခေါင်းကလေးကို အသာအယာ ညိတ်ပြလိုက်မိတော့သည်။

"ဟာ… မဟုတ်သေးပါဘူး… အသင်္ချေ့ကောင်လေးကို



ဘယ်လိုလုပ်မလဲဟင်… "

အသင်္ချေ သူနားလည်အောင် အစအဆုံး ရှင်းပြလိုက်သည်။

သူ… ထပ်ဆင့် ဝမ်းသာသွားသည်။

"အသင်္ချေရာ… အဲဒါများ စောစောကတည်းက ရှင်းပြလိုက်ပါလား… ကိုယ်က တကယ်မှတ်လို့… အဲဒီကောင်လေးကို သနားနေတာ… "

ရယ်သံလေးတွေ ဖုံးသွားသည်။

"အသင်္ချေ… "

"ဟင်… "

"ကိုယ့်ကို ချစ်တယ်နော်… "

"ဟုတ်ကဲ့ပါ အမ်ဒီ… "

"ဟာ… ကိုယ်အမ်ဒီ မဟုတ်တော့ဘူးလေ… ကိုယ့်မှာ ဘာမှမရှိတော့ဘူးလေ… "

"အမ်ဒီမှားနေပြီ… အမ်ဒီမှာ စာအုပ်အငှားဆိုင်ရှိတယ်လေ… ဒီနေ့ကစပြီး စာအုပ်အငှားဆိုင်မှာ အမ်ဒီအဖြစ် ခန့်လိုက်ပြီ… "

"ဟာ… "

အသင်္ချေကိုယ်လုံးလေး သူ့ရင်ခွင်ထဲမှာ မြုပ်ဝင်သွားသည်။ အနမ်းမိုးတွေကို ခပ်ကြမ်းကြမ်း ရွာချပစ်နေ၏။

အသင်္ချေ ရင်ခုန်နေရပြီ... ။



## အခန်း(၁၃)

"အသင်္ချေ... "

"ဟင်... "

"အသင်္ချေ ကိုယ့်ကို တကယ်ချစ်တာနော်... "

"ချစ်ပါတယ် အမ်ဒီရယ်... "

အရယ်ကလေးနှင့် အသင်္ချေ ဖြေမိသည်။

"အိပ်မက်တွေလို ကိုယ်ခံစားနေရတယ် အသင်္ချေရယ်... ကိုယ့်ကိုယ်ကိုတောင် မယုံဘူးဖြစ်နေတယ်... "

"အမ်ဒီ... "

"ပြောလေ အသင်္ချေ... "

"အမ်ဒီ အရမ်းချမ်းသာနေတုန်းက... အသေချာ အမ်ဒီ့နားက ထွက်ပြေးခဲ့တယ်နော်... "

"အင်းလေ... အဲဒါ ဘာဖြစ်လဲ... "

"ခု... အမ်ဒီက အိမ်ပေါ်က အပြီးအပိုင်ဆင်းလာပြီဆိုတော့... အမ်ဒီကို အသချေ လိပ်ပြာသန့်သန့်နဲ့လက်ထပ်ရဲပြီ... "

"အသချေရယ်... အသချေမာနနဲ့ စိတ်ဓာတ်ကို ကိုယ်နားလည်နေပါပြီကွာ... "

ချစ်သူရဲ့လက်ကလေးတွေကို အသချေ ဆုပ်ကိုင်ထားမိသည်။

"အသချေတို့ ရပ်ကွက်ထဲက လူတွေကိုဖိတ်ပြီး မင်္ဂလာဆွမ်းလေးပဲ ကျွေးလိုက်မယ်နော် အမ်ဒီ... "

"အသချေ့သဘောပဲလေ... "

"ပြီးတော့... နှစ်ဦးသဘောတူလက်ထပ်တာကိုလည်း... မြို့နယ်တရားရုံးတစ်ခုခုဆို လုံလောက်ပါတယ်... ကိုယ့်ရှိတဲ့ ငွေကလေးနဲ့ အကျဉ်းရုံးရမှာဆိုတော့ သိပ်ချဲ့လို့ မဖြစ်ဘူးလေ... "

တိုင်ပင်ကြသည်။

မေမေဆီက သဘောတူခွင့်ပြုချက်ကိုလည်း တောင်းခံရသေး၏။ မေမေက ခွင့်ပြုပါသည်။



"ကဲ... ကိုယ့်ကို မြို့ထဲခဏသွားခွင့်ပေးနော် အသချေ... ကိုယ် ချိုမြနဲ့တွေ့ပြီး အလုပ်တွေအားလုံး လွှဲဖို့စီစဉ်ရဦးမယ်လေ... "

လုပ်ငန်းတွေအားလုံးကို အပြတ်ဖြတ်လွှဲခဲ့ဖို့ လဝန်းကုဋေ စီစဉ်ရဦးမည် မဟုတ်လား။

သူထွက်သွားတော့ အသချေနဲ့မေမေ နှစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့သည်။

"ဒီအိမ်ဟာ အသချေတို့ အိမ်ပါလားခင်ဗျာ... "

လူစိမ်းဧည့်သည်နှစ်ယောက်...

အသချေ့နာမည်ကို မေးရင်းရောက်လာသည်။

"ဟုတ်ပါတယ်ရှင်... "

"ဩော်... ရှာလိုက်ရတာဗျာ... ဆရာလဝန်းကုဋေက လွှတ်လိုက်လို့ပါ... အရေးကြီးတဲ့ကိစ္စပေါ်လာလို့ သူ့ရုံးကို လိုက်ခဲ့ပါတဲ့... "

"ရှင်... "

အသချေ သူ့အတွက် စိတ်ပူသွားမိသည်။

မေမေ့ကို အကျိုးအကြောင်းပြောပြီး ချက်ချင်းလိုက်သွားခဲ့မိသည်။

"ဟင်... "

ကားလေးက မြို့ထဲဘက်ကို မသွားတော့ဘဲ တစ်နေရာရာကို ချိုးကွေ့ဝင်လိုက်သဖြင့် အသချော် အံ့သြသွားသည်။

"ဒါ... ဒါ... ဘယ်ကိုသွားနေတာလဲ... "

"စိတ်မဆိုးပါနဲ့ အသချော်... ဦးလဝန်းကုဋေရဲ့ မိသားစုတွေက အသချော့်ကို တွေ့ချင်တယ်ဆိုလို့... "

"ဘာ... "

အသချော် အညာခံလိုက်ရပြီဖြစ်ကြောင်း အခုမှ သဘောပေါက်သွားသည်။

သားနားသပ်ရပ်သော ခြံကြီးတစ်ခြံထဲရောက်မှ ကားကလေး ထိုးရပ်သွားသည်။

"ဆင်းပါ အသချော်... စကားပြောပြီးတာနဲ့ အသချော့်ကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးမှာပါ... "

ကားမောင်းလာသူက ရိုရိုသေသေ ဖိတ်ခေါ်နေသည်။

"ဝင်ပါခင်ဗျာ... အထဲမှာ အားလုံး အသချော့်ကို စောင့်နေကြပါတယ်... "

မထူးတော့ပြီမို့ ရဲရဲတင်းတင်းပင် အသချော် ဆင်းလိုက်၏။



ခေတ်မီခမ်းနားလှန်းတဲ့ ဧည့်ခန်းကြီးထဲမှာ လူတွေရောက်နေသည်။ အသချော် လှမ်းကြည့်လိုက်တော့ မြူးဇစ်မိုး။

"ဟင်... "

အံ့သြသွားသည်။

မြူးဇစ်မိုးသည် ဒေါသခိုးဝေနေသည့် မျက်လုံးများဖြင့် အသချော့်ကို စိုက်ကြည့်နေသည် မဟုတ်ပါလား။

"အသချော်... "

"မင်းနာမည် အသချော်နော်... "

တည်ငြိမ်ရင့်ကျက်သော မျက်နှာပိုင်ရှင် အသက်ငါးဆယ်ကျော်ခန့်ရှိမည့် လူတစ်ယောက်... ။

သူ့ဧည့်ခန်းအလယ်မှာ ထိုင်နေသည်။

သူ့ကို အသချော် မှတ်မိသွားသည်။ ရုံးကို တစ်ခါလာသွားသည့် အမ်ဒီဖခင် ဦးမိုးအာကာ... ။

သူက... အသချော့်ကို တွေ့တွေ့ချင်းမေးနေသည်။

"ဟုတ်ပါတယ် အန်ကယ်... ကျွန်မ အသချော်ပါ... "

"ထိုင်ပါကွယ်... မင်းနဲ့ ဆွေးနွေးစရာရှိလို့ အန်ကယ် အခေါ်ခိုင်းလိုက်တာပါ... "

စကားပြောပုံက ယဉ်ကျေးသိမ်မွေ့သည်။

အသချော့ကို ကြင်နာသော မျက်လုံးများဖြင့် ငေးကြည့်နေ၏။

"ဟုတ်ကဲ့... ဆွေးနွေးပါ အန်ကယ်... အသချော် နားထောင်နေပါတယ်... "

မျက်လုံးအကြည့်တွေအားလုံးက အသချော့ထံမှာ စုပြုံရောက်ရှိနေကြ၏။

"မင်းနဲ့လဝန်းကုငွေ ဘယ်အခြေအနေရောက်နေပြီလဲ..."

"ရှင်... "

အသချော် ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိ။

အကွက်အဝှက်မပါ... ၊ ပြောင်ကျကျ မေးလိုက်တဲ့မေးခွန်း... ။

အသချော်စိတ်ကို ထိန်းပြီး တစ်လုံးချင်း ပြန်ဖြေလိုက်၏။

"လက်ထပ်ဖို့ စီစဉ်နေပါတယ်... "

"ဘာ... "

ဦးမိုးအာကာ နှုတ်က တအံ့တသြဖြစ်သွားသံ တစ်ခု ခုန်ထွက်လာသည်။

"လက်ထပ်ဖို့တောင် စီစဉ်နေပြီဟုလား အသချော်... "



"ဟုတ်ပါတယ် အန်ကယ်...သူက အိမ်ပေါ်က အပြီးအပိုင် ဆင်းလာပြီဆိုလို့ပါ... "

"မင်း... မင်း... "

ဦးမိုးအာကာ စကားတွေ ထစ်ငေါ့တုန်ယင်နေသည်။

"မင်းက ဆင်းရဲတာပဲ အသချော်... မင်းနဲ့လက်ထပ်မဲ့ကိစ္စကို ငါတို့သဘောမတူဘူး... အဲဒီအစီအစဉ်ကို မင်းဘက်က ဖျက်သိမ်းပေးပါ... "

အသချော် တစ်ချက်ပြုံးလိုက်သည်။

"နှစ်ဦးသဘောတူလက်ထပ်တယ်ဆိုတာ တခြားသူတွေ သဘောတူဖို့ လိုအပ်သလား အန်ကယ်... "

"နင်... နင်... မရိုင်းနဲ့... "

မြူးဇစ်မိုး အသံ... ။

အသချော်နဲ့ ဦးမိုးအာကာ နှစ်ယောက်ကြားထဲကို ဖြတ်ဝင်အော်လိုက်ခြင်း ဖြစ်သည်။

အသချော် မြူးဇစ်မိုးကို ဂရုမစိုက်ပါ။ တစ်ချက်ကလေးမျှပင် လှည့်မကြည့်ပါ... ။ အန်ကယ်ဦးမိုးအာကာကိုပဲ ဆက်မေးလိုက်သည်။

"ကျွန်မ မေးတာကို ဖြေပေးပါ အန်ကယ်... ကျွန်မ မသိ လို့ မေးတာပါ... "

ဦးမိုးအာကာ မျက်နှာတစ်ချက်တော့ ကွက်ခနဲ ပျက်သွား၏။

"ကျွန်မ ဆင်းရဲပါတယ် အန်ကယ်... ဒါပေမဲ့... ဆင်းရဲ တာကို အထင်သေးစရာ နိုင်စရာ ဖြစ်တင်ရှုံ့ချစရာတစ်ခု လို သဘောထားလာမယ်ဆိုရင်... အဲဒီသဘောထားကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်နိုင်တဲ့ အခွင့်အရေး ကျွန်မမှာ ရှိသင့်တယ်... ဆင်းရဲလို့ သဘောမတူတာပါဆို တဲ့ အန်ကယ့်စကားကို ဂုဏ်သိက္ခာရှိရှိ... အန်ကယ် ပြန် ရုပ်သိမ်းပေးပါ... "

အသချော် ထိထိမိမိ ပြန်လည်ချေပနေမိသည်။

မြူးစစ်မိုး ဝင်ပါလာပြန်၏။

"ဒီမှာ အသချော်... "

အသချော် သူ့ကို လှည့်မကြည့်ပါ... ။

သူနဲ့ ယှဉ်ပြိုင်ပြောစရာလည်း အကြောင်းမရှိပါ။

"ရွှေမှုန်စားပြီး မွေးလာတဲ့ ယောကျ်ားတစ်ယောက်ကို နင့်လက်ထဲရောက်ရင် ဒုက္ခရောက်မှာစိုးလို့... လူကြီးတွေ



က သဘောမတူတာပေါ့ဟဲ့... ပြီးတော့... သူ့မှာ သူနဲ့ လိုက်ဖက်သင့်တော်မဲ့ ဇနီးလောင်းတစ်ယောက်ရှိနေတာ နင် သိရဲ့သားနဲ့... နင် ယုတ်မာပြီး တမင်ဝင်ဖျက်တာ..."

"သမီးမြူးစစ်မိုး... ဝင်မပြောနဲ့... အသာနေစမ်း... "

ဦးမိုးအာကာ အခြေအနေကို ဝင်ထိန်းနေသည်။

အသချော်ဆိုတဲ့ မိန်းကလေး...

သူမ ဘယ်သူ့ကိုမှ ဂရုစိုက်ပုံမရ... ။ အသည်းမာ သည်။ ယုံကြည်ချက်အတွက် မာနကြီးသည်။

ဦးမိုးအာကာ ချော့ရပြီ။

"သမီးရယ်... အန်ကယ့်ကို ညှာတာပါ... အန်ကယ်တို့ လူကြီးတွေ ညှိနှိုင်းစီစဉ်ထားပြီးသားကိစ္စကို ပျက်သွားမှာ အန်ကယ်တို့ အားလုံးစိုးရိမ်နေကြတယ်... သမီးကသာ နောက်ဆုတ်ပေးလိုက်မယ်ဆိုရင်... သမီးအတွက် မနစ် နာရအောင် အန်ကယ် စီစဉ်ပေးပါ့မယ်... "

"ကျွန်မ မနစ်နာအောင်... "

အသချော် နားမလည်နိုင်အောင် ဖြစ်သွားသည်။ ဦးမိုးအာကာ မျက်နှာကိုလည်း ဆတ်ခနဲ မော့ကြည့်လိုက်မိ၏။

"ကောင်းပါပြီ အန်ကယ်...ကျွန်မ မနစ်နာအောင် အန်ကယ်

ဘယ်လိုစီစဉ်ပေးမှာလဲ... ”

ဦးမိုးအာကာ မျက်နှာဝင်းခနဲ တစ်ချက်လက်သွားၡ၏။

“သမီးဘဝရှေ့ရေးအတွက် အန်ကယ့်ဘက်က ငွေသိန်း တစ်ရာတိတိ သမီးကို ချက်ချင်း ပေးလိုက်မှာပေါ့... ”

“ဘာ... ”

အသချေ်ရင်ထဲမှာ စူးတစ်ချောင်း စိုက်ဝင်သွားသလို ခံစားလိုက်ရပြီ။

“သိန်းတစ်ရာ ဟုတ်လား... အန်ကယ်... အဲဒါ သမီးရဲ့ နစ်နာကြေး... ”

“ဟိုလေ... သမီး နောက်ဆုတ်ပေးမယ်ဆိုရင် ပြောတာပါကွယ်... အန်ကယ်က သမီးအတွက် စေတနာသန့်သန့်နဲ့ ပြောတာပါ...အန်ကယ့်စေတနာကို သမီးနားလည်နော်... အန်ကယ့်ကို ကူညီပါ... သမီးရယ်... ”

အသချေ် နှုတ်ခမ်းလေးတွေ ဆတ်ခနဲ ကွေးညွတ်သွားသည်။

“ဒါ... အန်ကယ် ကျွန်မကို အထင်သေးတာပဲ... ဒါ အန်ကယ် ကျွန်မကို စော်ကားတာပဲ... ”



“ဟင်... ”

ဦးမိုးအာကာ မျက်လုံးတွေ ချက်ချင်းပြူးဆုတ်သွားသည်။

“ဆင်းရဲလို့ သဘောမတူတာပါဆိုတဲ့စကားကို အန်ကယ် ပြောတယ်... မိန်းကလေးတစ်ယောက်ရဲ့နစ်နာမှုအတွက် သိန်းတစ်ရာပေးမယ်လို့... အန်ကယ် ကမ်းလှမ်းတယ်... ဟာသပဲ... အန်ကယ် အရမ်းရယ်ဖို့ကောင်းတယ်... အန်ကယ်ရယ်... စဉ်းစဉ်းစားစားလည်း ပြောပါဦး... ”

အသချေ် ခြောက်ကပ်စွာ ရယ်ရင်းပြောနေမိသည်။

“အန်ကယ် မှားရင်... အန်ကယ့်ကို ခွင့်လွှတ်ပေးပါ သမီးရယ်... သားက အန်ကယ်တို့ ဘယ်လိုမှ ပြောလို့မရအောင် ဖြစ်နေလို့ပါ... သမီးကသာ နောက်ဆုတ်ပေးလိုက်ရင်... နောက်ဆုံးတစ်နေ့ အန်ကယ်တို့စကားကို သားနားထောင်လာမှာပဲ... အန်ကယ်တို့ စီစဉ်တဲ့အတိုင်း... သား လက်ခံလာမှာပဲ... ”

ဦးမိုးအာကာ မျက်နှာအငယ်ရဆုံးအချိန်... ။

အသချေ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ တစ်သက်နဲ့တစ်ကိုယ် ချော့ချော့မော့မော့ ပြောနေမိခြင်း ဖြစ်သည်။

"မိုးအာကာ... "

"ပြောလေ ကိုချစ်... "

အသချေ အံ့သြသွားသည်။

အမ်ဒီ အမြဲပြောပြောနေတဲ့ ဦးလေးချစ်ဆိုတာ ဦးမိုးအာကာ ဘေးမှာ ထိုင်နေတဲ့ ဦးလေးကြီးပါလား... ။

အမ်ဒီပြောသလို လေးစားခင်တွယ်ချင်စရာကောင်းတဲ့ မျက်နှာထားပိုင်ရှင်... ။

"ငါတစ်ခုတော့ပြောချင်တယ် မိုးအာကာ...ကလေးမလေး ကြည့်ရတာ ရိုးသားဖြူစင်မှုအပြည့်ရှိတယ်လို့ ငါယုံကြည်တယ်... သူ့ကို ဘယ်သူမှမပြောရသေးဘဲနဲ့ အလုပ်က ထွက်သွားတယ်... သူ့အိမ်ကိုတောင် သိမှာစိုးလို့... တခြား ရပ်ကွက်ကို ပြောင်းသွားတယ်... ရိုးရိုးသားသားနဲ့ စာအုပ်အငှားဆိုင်ကလေးဖွင့်ပြီး ဘဝကို ရပ်တည်တယ်... ငွေမက်တဲ့မိန်းကလေးသာဆိုရင်... သားလဝန်းလေးနဲ့ လက်ထပ်လိုက်တာကြာပြီ... ဟော... အခုကြည့်စမ်း... သားလဝန်းလေးက အိမ်ပေါ်က အပြီးအပိုင်ဆင်းလာပြီဆိုတော့မှ... လက်ထပ်ဖို့ သဘောတူလိုက်တာ... "

"ဟာ... ခုက္ခပါပဲ ဦးလေးချစ်... ဘာတွေလျှောက်ပြောနေ



တာလဲ... ဦးလေးချစ် လုပ်တာနဲ့ အန်ကယ် စိတ်ပြောင်းတော့မှာပဲ... "

မြူးစစ်မိုး ဂဏှာမငြိမ် ဖြစ်သွားသည်။

အမှန်ဘက်က ရပ်တည်ပြောနေသော ဦးလေးချစ်စကားတွေကို ဝင်ဖျက်ဖို့ မြူးစစ်မိုး ကြိုးစားနေ၏။

သို့သော်...

သည်အိမ်မှာ... ဦးလေးချစ်ရဲ့ ဩဇာအာဏာက တစ်သက်လုံးရှိနေခဲ့တာ မြူးစစ်မိုး ဘယ်လိုလုပ် သိနိုင်မှာလဲ...။

"မင်းတို့စပြီး စေ့စပ်ကတည်းက ငါဝင်တားမလို့ပဲ မိုးအာကာ... ဒါပေမဲ့... ငါ့မှာ တားဖို့အချိန်မရလိုက်ဘူး... လူငယ်တွေ တစ်ယောက်နဲ့တစ်ယောက် အချစ်မပါပဲ... လူကြီးတွေကြောင့် လက်ထပ်ရတာ... ငါမလိုချင်ဘူး... မင်းတို့ လုပ်ရပ်တွေမှားလို့ လဝန်းလေး အိမ်ပေါ်က ဆင်းသွားရတာ... "

"ဦးလေးချစ်နော်... စကားပြောရင် ဆင်ခြင်ပြောပါ... မြူးစစ်မိုးတို့ဘက်ကလည်း ဦးလေးချစ်သားကို ချစ်လွန်းလို့ သံယောဇဉ်ကြီးလွန်းလို့ မရရင် မနေနိုင်ဖြစ်လွန်းလို့... သဲသဲလှုပ်ဖြစ်နေတာ မဟုတ်ပါဘူး... မခံချင်လို့... မခံချင်

လို့ လူတကာက ရွှေလမ်းငွေလမ်းဖောက်ချင်နေတဲ့... မြူးစစ်မိုးလို မိန်းမတစ်ယောက်ကို ခါးခါးသီးသီးငြင်းနေလို့... ရည်းစားတွေ တစ်ပုံကြီးဖြတ်ပြီး လက်ထပ်ဖို့သဘောတူလိုက်တာ... ”

“ဘာ... ”

ဦးမိုးအာကာ ရင်ထိတ်သွားရပြီ... ။

ဦးမိုးအာကာ တုန်လှုပ်ချောက်ချားသွားရပြီ။

ရည်းစားတွေ အများကြီးကိုဖြတ်ပြီး လက်ထပ်ဖို့ သဘောတူလိုက်တာတဲ့... ။

“ဟာ... မိုးငယ်လေးရယ်... လူကြီးတွေရှေ့မှာ ဘာတွေ လျှောက်ပြောနေတာလဲ... ဒုက္ခပါပဲ... ဘုရား... ဘုရား...”

ကြီးစော မျက်လုံးပြူးနေသည်။

ကြီးစော ဘုရားတ,နေသည်။

အားလုံး အရှက်တွေ ကွဲရတော့မည်။ ဒုက္ခတွေ ရောက်ရတော့မည်။

အသချော် ခေါင်းငုံ့နေသည်။

“ဘာဖြစ်လဲ ကြီးစောရာ... မိုးငယ်လေးတို့ ဇေ့စပ်တာ ပဲ အခုမှ ရေးကြီးခွင်ကျယ်လုပ်ပြီး သဘောမတူဘူးလေ...



ဘာလေးနဲ့... ကန့်ကွက်ချင်ရင် အစကတည်းက ကန့်ကွက်ပါလား... အခုကြည့်စမ်း... ဘယ်လောက်ရှက်ဖို့ကောင်းလဲ... ဘယ်လောက်သိက္ခာကျလဲ... ကြီးစော မရှက်ပေမဲ့ မိုးငယ်လေး ရှက်တယ်... မိုးငယ်လေးတို့မှာ သူတို့ထက် အဆတစ်ရာ ချမ်းသာတဲ့လူတွေ အများကြီး... အဲဒီထဲက ကြိုက်တဲ့လူကို ခေါင်းခေါက်ယူလို့ရတယ်... ”

“ဟဲ့... အဲလို မပြောနဲ့လေ... ”

“ပြောမယ်... ပြောမယ်... ဆင်းရဲသားနဲ့တန်လို့ ဆင်းရဲသားနဲ့တွေ့တာ... ပေးစားလိုက်ကြပါ... မိုးငယ်လေးတို့က အနေသာကြီး... အယ်ဒီ့ကို ပြောပြီး ဇေ့စပ်ကြောင်းလမ်းထားတာကို ချက်ချင်း ဖျက်သိမ်းခိုင်းမယ်... ပြန်မယ် ကြီးစော... ”

မြူးဇစ်မိုး ဝုန်းခနဲ ထ,ရပ်လိုက်ပြီ... ။

လူရှေ့မရှောင် သူရှေ့မရှောင် ခပ်ရိုင်းရိုင်းတွေ ပြောပြီး ဧည့်ခန်းထဲက ဆောင့်ဆောင့်အောင့်အောင့် ထွက်သွားသည်။

မျက်စိပျက် မျက်နှာပျက် ကျန်ခဲ့ရသူတွေက ဦးမိုးအာကာနဲ့ လူကြီးတွေ... ။

"မိုးငယ်လေး... မိုးငယ်လေး...နေဦးလေ...ကြီးစောလည်း လိုက်မယ်... ကြီးစောလည်း လိုက်မယ်... "

"သွားကြ... သွားကြ... "

ဦးလေးချစ် ဂရုမစိုက်ပါ... ။

တစ်သက်လုံးက မှန်တာပြော မှန်တာလုပ်လာတဲ့ ကောင်ပဲ... ။ ဘယ်လောက်ချမ်းသာ ချမ်းသာ ဒီလောက်ရည်းစား များ ပွေရှုတ်နေတဲ့ မိန်းမတစ်ယောက်ကို သားလဝန်းလေးနဲ့ သဘောမတူပေါင်... ။

သားက ရိုးရိုးလေး... အေးအေးလေး... ။

သမီး အသချော်လေးနဲ့မှ တအားလိုက်တာ... ။

"ကိုချစ်ရာ... ကျွန်တော်တို့အားလုံးမှားကြတော့မလို့ဗျာ... ခင်ဗျား ကယ်ပေလို့ပဲ... "

ဦးလေးချစ် ပခုံးကို ဦးမိုးအာကာ တအားဆုပ်ဖက် ထားသည်။ ဒေါ်ချမ်းမြေ့စံပယ်လည်း အသချော်လေးမျက်နှာကို တဝမ့်စိမ့်ကြည့်ပြီး ပီတိဖြစ်နေရပြီ။

"သမီးလေးရယ်... အန်တီတို့ကို အထင်မလွဲပါနဲ့နော်... သမီးလေးရဲ့ ဖြူစင်ရိုးသားမှုတွေကို အန်တီတို့ အသိ အမှတ် ပြုပါပြီ... အန်တီတို့ကို ခွင့်လွှတ်ပါကွယ်... "



"ဟာ... မလိုပါဘူး အန်တီ... သမီးကို တောင်းပန်စရာ မလိုပါဘူး... ပြောမှားဆိုမှားရှိတာတွေ အားလုံးကို တောင်းပန်ရမှာက သမီးပါ... စောစောက မခံချင်စိတ် တွေနဲ့ ပြောမိတဲ့အတွက် သမီးကို ခွင့်လွှတ်ပါ... "

ဦးလေးချစ်နဲ့ ဦးမိုးအာကာ အသချော့်မျက်နှာလေး ကိုပဲ စိုက်ကြည့်နေကြသည်။

အသချော်ကတော့...

ရှက်ရှက်နဲ့ ခေါင်းကလေးကိုပဲ ငုံ့ထားမိရပြီလေ။

ဘာပဲပြောပြော ဆုံးဖြတ်ထားတဲ့အတိုင်း အသချော် ဆက်လုပ်ရတော့မှာပေါ့... ။

## အခန်း(၁၄)

တွေ့လား...

အသချေ ထင်ထားတဲ့အတိုင်း အသချေတို့ လမ်းထိပ်အုတ်ခုံလေးမှာ ငုတ်တုတ်လေးထိုင်ပြီး အသချေ့ကို စောင့်နေသည်။

"အသချေ... "

အသချေ လိုင်းကားပေါ်က ဆင်းလာတာမြင်တော့ ဝမ်းသာအားရ ပြေးလာသည်။

"စိတ်ပူလိုက်ရတာ အသချေရယ်... ကိုယ်လည်း အခုမှ ပြန်ရောက်လာတာ... ရောက်ရောက်ခြင်း အသချေ့ကို



လာခေါ်သွားတယ်ကြားလို့... ကမန်းကတန်း ပြန်ထွက်လာတာ... ဘာလုပ်ရမှန်းမသိလို့ တွေးနေတုန်း... "

သူ စကားဆက်ပြောပါ။

ခပ်တည်တည်လုပ်နေသော အသချေ့မျက်နှာကို လှမ်းကြည့်ပြီး...

"ဘာဖြစ်နေတာလဲ... အသချေ... အခုချိန်ထိ မင်းကိုယ့်ကို မကြည့်သေးဘူး... မျက်နှာလည်း မကောင်းဘူး..."

အသချေ့ပုံစံကိုကြည့်ပြီး လဝန်းကုဋေ စိတ်ပူလာသည်။

"ကိုယ်မေးနေတယ်လေ... အသချေ... အသချေ ဘာဖြစ်လာတာလဲဟင်... ကိုယ်သိချင်နေပြီကွာ... "

အသချေ ခေါင်းငုံ့ပြီး ဆက်လျှောက်နေသည်။

"YOU AND I ကို သွားမယ်... "

လဝန်းကုဋေ အူတူတူနဲ့သာ လိုက်လာခဲ့ရသည်။ အသချေ တစ်ယောက်တည်း ဘာတွေဖြစ်လာမှန်းမသိ။

လက်ဖက်ရည်ဆိုင်ကလေးကတော့ ထုံးစံအတိုင်း လူရှင်းနေသည်။

"ကဲ... အသချေ ဘာသောက်မလဲ... ကိုယ် မှာပေးမယ်နော်... "

"ကော်ဖီ... "

ပထမဆုံး ပြောလိုက်သော စကားနှစ်လုံးဖြစ်သည်။

"အိုကေ... ကိုယ်စီစဉ်ပေးမယ်... ပြီးရင်သာ အသချော် ဘာဖြစ်လာသလဲဆိုတာ ကိုယ့်ကိုပြော... "

လဝန်းကုငွေ ကော်ဖီနှစ်ခွက်ကို ခပ်သွက်သွက်လေး မှာလိုက်သည်။

"ရပြီ... "

ကော်ဖီခွက်ကလေး ရှေ့ရောက်လာသည်။

အသချော် တစ်ငုံသောက်လိုက်၏။

"ကဲ... ပြော... "

ရှေ့တည့်တည့်ကနေ မေးကလေးထောက်ပြီး အသချော့်ကို ကလေးလေးတစ်ယောက်လို ငေးကြည့်နေ၏။"

"အမ်ဒီတို့ အိမ်ကို အသချော် ရောက်သွားတယ်... "

"ဘာ... "

လဝန်းကုငွေ အံ့ဩတုန်လှုပ်သွား၏။

"အိမ်ကနေ အသချော့်ကို ညာပြီး လာခေါ်တာ... "

"ဘာတွေဖြစ်ကြလဲဟင်... အသချော်ရယ်... ကိုယ့်ကို မြန်မြန်ပြောစမ်းပါကွာ... "



လဝန်းကုငွေ စိတ်မရှည်တော့... ။

မြန်မြန် သိချင်လှပြီ... မြန်မြန် ကြားချင်လှပြီ။

"အသချော့်ကို နောက်ဆုတ်ပေးပါတဲ့... နှစ်နှာခေါင်းအပြစ်သိန်းတစ်ရာပေးပါ့မယ်တဲ့... "

"ဟာ... ဒုက္ခပါပဲကွာ... "

လဝန်းကုငွေ မျက်နှာလေးချက်ချင်း ညှိုးကျသွားသည်။

"မြူးစေ်မိုးလည်း ပါတယ်... အမ်ဒီတို့အိမ်မှာ အသချော့်ကို ဝိုင်းပြောကြတာလေ... "

"အသချော် ဘာပြန်ပြောလိုက်လဲ... "

"အသချော်... ငွေမမက်ဘူးလို့... "

"ဟာ... တော်ပါသေးရဲ့... "

လဝန်းကုငွေ အခုမှ အသက်ရှူလို့ရသွားသည်။

"အဲဒီလို အပြောခံအမေးခံလိုက်ရတဲ့အတွက် အသချော် ဝမ်းနည်းတယ် အမ်ဒီ... "

အသချော်မျက်လုံးထဲမှာ မျက်ရည်တွေနဲ့ ချက်ချင်းပြည့်လာ၏။

"အသချော် ဘယ်လောက်မျက်နှာငယ်ခဲ့ရမလဲ... အသချော်

ဘယ်လောက် စိတ်ထိခိုက်ကြေကွဲရမလဲ… အမ်ဒီ စဉ်းစားကြည့်ပါ… အသချေ့နေရာက အမ်ဒီ ကိုယ်ချင်းစာကြည့်ပါ… ”

“အသချေ်လေးရယ်… ကိုယ်နားလည်ပါတယ်ကွာ… ”

အသချေ်လက်ကလေးတွေကို ဖွဖွလေးဆုပ်ကိုင်ထားလိုက်မိသည်။ အသချေ်ပြောရင်းနဲ့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပြီ။ ကိုယ်ကလေး သိမ့်ခါနေအောင် ရှိုက်ငိုနေခဲ့ပြီ။

“မငိုပါနဲ့ အသချေ်ရယ်…အသချေ်ငိုရင် ကိုယ်ပါငိုချင်တယ်… အခုဆို အသချေ်နဲ့လက်ထပ်ဖို့ ကိုယ်အားလုံး စီစဉ်လာခဲ့ပြီလေ… အသချေ်စိတ်တိုင်းကျ ဘုန်းကြီးငါးပါးပင့်ပြီး မင်္ဂလာဆွမ်းကပ်မယ်ကွာ… ရပ်ကွက်ထဲက အသိမိတ်ဆွေတွေကို ဖိတ်မယ်ကွာ… မြို့နယ်တရားရုံးတစ်ခုခုမှာ လက်မှတ်ထိုးမယ်ကွာ… ကဲ… ဘယ်လောက်ပျော်ဖို့ကောင်းလဲ… အဲဒီနေ့ကြရင် အသချေ် အရမ်းပျော်ရမှာ… ”

မျက်ရည်များဖြင့်ပြည့်နေသော အသချေ့မျက်လုံးတွေ ဆတ်ခနဲပြန်မော့လာခဲ့၏။

“မလိုတော့ဘူး အမ်ဒီ… အဲဒါတွေအားလုံး ဘာတစ်ခုမှ လုပ်စရာ မလိုတော့ဘူး… ”



“ဘာ… ”

“အမ်ဒီ့ကို အသချေ် လက်မထပ်တော့ဘူး… ”

“ဘုရားရေ… ”

လဝန်းကုဋေတစ်ကိုယ်လုံး ပေါ့ပါးစွာ လွင့်စင်သွား သလို ခံစားလိုက်ရ၏။

ဟုတ်ရဲ့လား…

အသချေ် ပြောနေတာမှ ဟုတ်ရဲ့လား… ။

လဝန်းကုဋေ မယုံပါ… ။

အသချေ်လက်တွေကို တအားဖျစ်ညှစ်ဆုပ်ကိုင်သည်။ အသချေ်ပခုံးတွေကို တအားဆုပ်ကိုင်ခါယမ်းသည်။ အသချေ်သည် စက္ကူရုပ်လေးတစ်ရုပ်လို လဝန်းကုဋေလက်ထဲမှာ ပျော့ခွေနေ၏။

ထိုအချိန်မှာ…

မထင်မှတ်ဘဲ ရောက်လာသူက မြူးဇစ်မိုး… ။

ငိုနေသော အသချေ့ကို တွေ့မြင်သွားသည်။ ချော့နေသော လဝန်းကုဋေကို သတိထားမိသွားသည်။

"PLEASE EXCUSE ME… "

အထက်တန်းကျကျ ခွင့်တောင်းနေသည်။

ဆုပ်ကိုင်ထားသော အသချေ့ပခုံးတွေကို လဝန်းကုဋ္ဌေ ပြန်လွှတ်ပေးလိုက်၏။ မြူးဇစ်မိုးကို ရင်ဆိုင်ပစ်လိုက်သည်။

"မင်း ဘာလာလုပ်တာလဲ မြူးဇစ်မိုး... မင်း ဘာဖြစ်လို့ ငါ့ကို ဒီလောက်တောင်ဒုက္ခပေးချင်တာလဲ...မင်း...မင်း..."

ဒေါသကြောင့် အသားတွေ တဆတ်ဆတ်တုန်လာသည်။ ဖြစ်နိုင်လျှင် သူမကို အဝေးတစ်နေရာရောက်သွားအောင် ဆွဲမြှောက်ကိုင်ပေါက်လွှတ်ပစ်လိုက်ချင်သည်။ စက္ကူရုပ်တစ်ရုပ်ကို ဆုပ်ဖြဲလိုက်သလို တစစီ တမျှင်စီ ဖြစ်သွားအောင် လုပ်ပစ်လိုက်ချင်သည်။

ဒေါသကို ထိန်းထားရတော့ ချွေးသီးချွေးပေါက်တွေက ချက်ချင်း စို့တက်လာသည်။

မြူးဇစ်မိုးက... ခပ်လှောင်လှောင်ကလေး ရယ်လိုက်သည်။

"ရှင်နဲ့တွေ့ချင်လို့ လာတာမဟုတ်ဘူး လဝန်းကုဋ္ဌေ... ဒီက တွေ့ချင်တာ အသချေ့ဆိုတဲ့ မိန်းမ... "

လေသံက ရင့်သည်းမောက်မာလွန်းလှသည်။

ရိုင်းစိုင်းကြမ်းတမ်းလွန်းလှသည်။ ပြောပြီး... စီးကရက်တစ်လိပ်ကိုပါ မီးညှိထုတ်ဖွာနေလိုက်သေး။



"အသချေ့... "

မြူးဇစ်မိုး နှုတ်ခမ်းတွေက ယောင်ယောင်လေးမဲ့ကွေးနေသည်။ ရောင်စုံချယ်ထားသောမျက်နှာသည် မာန်မာနများကြောင့် အဆီပြန်သလို ဖြစ်နေ၏။

"ကိုယ့်လက်ထဲရောက်နေတဲ့ ယောကျ်ားတစ်ယောက်ကို ရအောင် ဆွဲထုတ်လုယူသွားတဲ့ မင်းကို ဂုဏ်ပြုချင်လို့... မင်းဆီကို ကိုယ်လိုက်လာတာ... "

အသချေ့ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

မြူးဇစ်မိုး မျက်နှာကိုလည်း မော့ကြည့်ပြီးသား ဖြစ်သွား၏။

"မင်း တော်တယ် အသချေ့... မင်းကို ကိုယ်လေးစားပါတယ်... မင်းကို ကိုယ်အလေးပြုပါတယ်... "

လှောင်သံ ခနဲ့သံ ထေ့သံ ငေါ့သံတွေနဲ့ ပြည့်နေတဲ့ မြူးဇစ်မိုးစကားကို ကြားရတာ အသချေ့ နားခါးနေသည်။

"မြူးဇစ်မိုးရာ... မင်း ပြန်ပါကွာ... "

လဝန်းကုဋ္ဌေ မြူးဇစ်မိုးကို တောင်းပန်ပြီး ပြန်နိုင်းနေမိသည်။

"ပြန်မှာပါ ဦးလဝန်းကုဋ္ဌေ... အဲဒီအတွက် ရှင် ဘာမှပူ

မနေပါနဲ့... ကျွန်မ ပြောချင်တာတွေအားလုံးကို ပြောပြီးရင် ကျွန်မ ပြန်မယ်... ”

မြူးစစ်မိုးကတော့ ခပ်တင်းတင်းပင်...

လွတ်နေသော ခုံတစ်လုံးမှာ တင်ပါးလွှဲချိတ်ကာ ဝင်ထိုင်လိုက်သေး၏။

“မင်း... ငါတို့နှစ်ယောက်ကို တမင်အရှက်ခွဲချင်လို့ ဒီအထိ လိုက်လာတာလား မြူးစစ်မိုး... တို့နှစ်ယောက်မှာ မင်းနဲ့ ဆွေးနွေးစရာအကြောင်း ဘာမှမရှိဘူး... ”

လဝန်းကုဋေအသံက ခံစားချက်တို့ကြောင့် အနည်းငယ် ကျယ်လောင်သွားသည်။

“ဟင်း... ဟင်း... တိုးတိုးပြောပါ ဦးလဝန်းကုဋေရယ်... ရှင့်ကြောင့် ကျွန်မတို့အားလုံး အရှက်ကွဲခဲ့ရတာကိုလည်း ရှင် ထည့်တွက်ဦးမှပေါ့... ယောကျ်ားတစ်ယောက်ကို သိန်းထောင်ချီပြီး မိန်းကလေးဘက်က လက်ဖွဲ့တာကို တောင် ငြင်းပယ်ပြီး... ဘာမဟုတ်တဲ့ မိန်းမတစ်ယောက် ကို အသည်းအသန်လက်ထပ်ဖို့ ကြိုးစားခဲ့တဲ့ ရှင့်ကြောင့်... ကျွန်မ ဘယ်လိုခံပြင်းနာကြည်းနေမလဲဆိုတာ... ရှင် သိထားစမ်းပါ... ကျွန်မလည်း လူပဲ... ခံစားချက်ရှိတယ်...



အသည်းနှလုံးရှိတယ်... ရှက်တတ်တယ်... မျက်ရည်ကျတတ်တယ်... ဝမ်းနည်းတတ်တယ်... နာကြည်းတတ်တယ်... ရှင်သိရဲ့လားဟင်... ဦးလဝန်းကုဋေ... ရှိသမျှ စည်းစိမ်နဲ့ပုံလဲပြီး ကျွန်မကို တွဲရောင်းတာတောင် ဝယ်မဲ့သူ မရှိတဲ့ဘဝ... ”

“ဟာ... ဒါကို မင်းသိနေတာပဲ မြူးစစ်မိုး... အဲဒါ မင်း အပြစ်လေ... ငါ့မှာ ငွေရှိတယ်... ငါ့မှာ ဂုဏ်ရှိတယ်ဆိုပြီး ယောကျ်ားတကာနဲ့ ထည်လည်း တွဲနေတဲ့ မင်းအပြစ်လေ... အစက ငါမသိခဲ့ဘူး... ငါသိတဲ့အချိန်မှာ စေ့စပ်ပြီးနေပြီ... ”

လဝန်းကုဋေ ရယ်ချင်လာသည်။

ရယ်တာမှ ဟက်ဟက်ပက်ပက် ခွက်ထိုးခွက်လန်ကို ရယ်ချလိုက်ချင်နေသည်။

ရှိသမျှ စည်းစိမ်နဲ့တွဲရောင်းတာတောင် ဝယ်မယ့်သူမရှိတဲ့ ဘဝဆိုပါလား... ။ မြူးစစ်မိုးရယ် မင်းအစား ငါရှက်လိုက်တာ... မင်းအစား ငါမျက်နှာပူပိုက်တာ... ။

“ရှင် မရယ်ပါနဲ့ ဦးလဝန်းကုဋေ... ခံစားချက်အပြည့်နဲ့ ကျွန်မ ပြောနေတာပါ... ကျွန်မ မရှက်ပါဘူး... ရှင် တစ်

ချက်တည်း ကျွန်မကို ရိုက်လိုက်တာ ကျွန်မ ခံရခက်နေတယ်... ကျွန်မ ဘယ်လိုမှ နေလို့မရတော့ဘူး... အသင်္ချေကို ကျွန်မ စိန်ခေါ်ထားတယ်... သူ့ကို ကျွန်မ အရှုံးမပေးနိုင်ဘူး... သူ့ကို ကျွန်မ ရှုံးလို့ မဖြစ်ဘူး... ”

“မင်း ဘာလုပ်ချင်တာလဲ မြူးဇစ်မိုး... မင်း ငါ့ကို ရှင်းအောင်ပြောစမ်း... ”

“အသင်္ချေကို နိုင်ရမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ... ကျွန်မ လုပ်မယ်... ”

“ငါ့ကို လက်ထပ်ခွင့်ရဖို့... မင်း ကြိုးစားချင်နေတာလား မြူးဇစ်မိုး... ”

“သေချာတာပေါ့... ”

အတ္တစိတ်တွေ... ။

ငွေကြေးဂုဏ်ပကာသနတွေ အားကိုးနဲ့ လူတွေအပေါ် တစ်သက်လုံး အနိုင်ယူလာခဲ့တဲ့ မောဟစိတ်တွေ... ။

“ရှင့်ကို လက်ထပ်ရမှ ကျွန်မ ကျေနပ်မယ်... ရှင်နဲ့ကျွန်မက ဂုဏ်သရေရှိ လူကြီးလူကောင်းတွေရှေ့မှာ တရားဝင်စေ့စပ်ထားပြီးသား... ကျွန်မကလွဲရင် တခြားဘယ်သူ့ကိုမှ ရှင် လက်ထပ်ခွင့်မရှိစေရဘူး... ”



မြူးဇစ်မိုး အသံက ကျယ်လာပြီ... ။

“အမ်ဒီ... ”

“ဟင်... ”

အသင်္ချေ ခေါင်းကို မော့လိုက်သည်။

လဝန်းကုဋေကို မျက်ရည်များ သွေ့ခြောက်စမျက်လုံးများဖြင့် တစ်ချက်လှမ်းကြည့်လိုက်၏။

“မြူးဇစ်မိုးကို အမ်ဒီလက်ထပ်လိုက်ပါ... ”

“ဘာပြောတယ်... ”

“သူဟာ... သိပ်သနားစရာကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်နေပြီ... ”

အသင်္ချေ့ကို သွေးလန့်ချောက်ချားနေတဲ့ မျက်လုံးတွေနဲ့ တွန့်ဆုတ်စွာ မြူးဇစ်မိုး လှမ်းကြည့်နေသည်။

“သူ့မှာ ရှိသမျှ စည်းစိမ်တွေနဲ့တောင် ပုံလဲပြီး အမ်ဒီ့ကို လိုက်ဝယ်နေတာပဲ... သူ လိုချင်တာမှန်သမျှ ဝယ်လို့ရခဲ့တဲ့ သူ့ဘဝမှာ... အမ်ဒီ့ကို ဝယ်လို့မရရင်... မြူးဇစ်မိုး ရှုံးတော့မယ် အမ်ဒီ... ”

မြူးဇစ်မိုး တစ်ကိုယ်လုံး တောင့်တင်းအေးစက်လာနေသည်။

ဖြူဆုတ်သော နှုတ်ခမ်းတွေကို ခပ်တင်းတင်းဖိကိုက်ထားသည်။

တုန်လှုပ်သော မျက်နှာကိုရအောင် ပြင်နေသည်။

"ဒီမှာ မြူးစစ်မိုး… "

"ဘာလဲကွာ… "

"ရှင် ဘာဖြစ်လို့ ဦးလဝန်းကုဋေကို အရူးအမူးလိုချင်နေရတာလဲ… သူနဲ့လက်ထပ်ခွင့်ရဖို့ ရှင်ဘာဖြစ်လို့ ဒီလောက်ကြိုးစားနေရတာလဲ… "

"အရုပ်လေး တစ်ရုပ်ကို လိုသလို… ကိုယ့်အတွက် လိုအပ်နေတာလေ… ကိုယ့်စည့်ခန်းထဲမှာ ချိတ်ထားရမဲ့ အရုပ်တစ်ရုပ်လေ… ဘယ်သူမှ မထိရဘူး… ဘယ်သူမှ မကိုင်ရဘူး… "

"အဲဒီအရုပ်ကလေးကိုမရတော့…ရှင် ဘာဖြစ်သွားမလဲ…"

"ကိုယ့် အသိုင်းအဝိုင်းတွေကြားထဲမှာ… အရှက်ကွဲရတော့မှာပေါ့… တစ်သက်လုံးက လိုချင်တာကို ရအောင်ယူလာတဲ့ မြူးစစ်မိုးပဲ… အဲဒီအတွက် လဝန်းကုဋေဆိုတဲ့ လူကိုကိုယ်ရအောင် ယူဖို့ ဆုံးဖြတ်တယ်… "

အသချေ ပြုံးလိုက်သည်။

"ကဲ… အမ်ဒီ… "



လဝန်းကုဋေ အသချေကို ငေးကြည့်နေသည်။

"အမ်ဒီ့ ဆန္ဒကိုလည်း ပြောဦးလေ… "

လဝန်းကုဋေ ခေါင်းကို အသွက်ဆုံးခါယမ်းနေ၏။ ချောက်ချားတုန်လှုပ်နေတဲ့ စကားလုံးတွေ သူ့နှုတ်က ခုန်ထွက်ကျလာသည်။

"ကိုယ်… အသချေနဲ့ပဲ လက်ထပ်မယ်… ကိုယ် အသချေကိုပဲ ချစ်တယ်… ကိုယ် အမြတ်နိုး… ကိုယ်အလေးစားဆုံးအရာဟာ ဟောဒီကမ္ဘာကြီးပေါ်မှာ တစ်ခုပဲရှိတယ်… အဲဒါ အသချေပဲ… "

"ဟာ… မဟုတ်သေးဘူး အမ်ဒီ… သူက အမ်ဒီ့ကို အရူးအမူးစွဲလမ်း… "

"တိတ်စမ်း အသချေ… ဆက်မပြောနဲ့… "

လဝန်းကုဋေ သွေးပျက်နေရပြီ… ။

"ဟုတ်တယ် အသချေ… ကိုယ် သူ့ကို အရူးအမူး စွဲလမ်းနေတယ်… မှောင်အတိကျနေတဲ့ ကိုယ့်မျက်လုံးထဲမှာ… ကိုယ်မြင်နေတာ သူတစ်ယောက်တည်းကိုပဲ… သူက သိပ်ရယ်ရတယ်… ကိုယ့်ကို မလိုချင်လို့တဲ့… လေးဘီးအစုတ်ကြီးနဲ့ ကိုယ့်ဆီကိုလာတယ်… ကိုယ် မကြိုက်တာတွေအားလုံး သူလုပ်ပြတယ်… အဲဒီတုန်းက ကိုယ်အရမ်းစိတ်

ညစ်ခဲ့ရတယ်... ကိုယ် သူနဲ့လက်ထပ်တော့မဲ့သတင်းကို ကြားတော့... ကိုယ့်ကို ဝိုင်းအုံနေတဲ့ ပျားပိတုန်းတွေ ထိတ်လန့်ကုန်ကြတယ်... ကိုယ့်ကို မစားရတဲ့အမဲ သဲနဲ့ ပက်ဖို့ ဝိုင်းချောင်းကြတယ်... "

မြူးဇစ်မိုးအသံက လှိုင်းသံတစ်ခုလို လှုပ်ခါမော ပန်းနေသည်။ အသိမဲ့ စိတ်ဖြင့် ထင်ရာမြင်ရာတွေ စွတ်ပြောနေသည်။ ရောင်စုံမျက်နှာသည် ချက်ချင်းပင် ညှိုးချုန်းကျလာသည်။

သွေးပျက်ဖွယ် စကားလုံးများ... ။

"အဲဒါ... အဲဒါလေ... တစ်ညမှာ နိုက်ကလပ်တစ်ခုက အပြန်မှာ... "

မြူးဇစ်မိုး အငိုခံနဲ ငိုချလိုက်ပြီ... ။

သူမ စကားမဆက်နိုင်တော့။ သူမ နှုတ်မှ ထွက်လာသည့် စကားသံများသည် ရှိုက်သံများဖြင့် ရောထွေးနေလျှက်။

ကြီးစော နောက်က ဝင်လိုက်လာသည်။

"မိုးငယ်လေး... "

မြူးဇစ်မိုးရဲ့ ပခုံးသားလေးတွေကို အကြင်နာ၊ အယုယဆုံးကြီးစော ဖက်ထားလိုက်သည်။

"မိုးငယ်လေးရယ်... မင်း ဘာတွေလျှောက်ပြောနေတာလဲ... မင်းလုပ်တာနဲ့ ကြီးစောတို့ အားလုံး အရှက်တွေ



ကွဲရတော့မယ်...တစ်ရှက်ကနေ နှစ်ရှက်ဖြစ်ရတော့မယ်..."

ကြီးစောပါ မျက်ရည်တွေ ကျလာသည်။

လဝန်းကုဋ္ဌေ နားလည်လိုက်ပါပြီ။

ဂုဏ်မက်သူတို့ သွားရာလမ်း...

ငွေကို ရေလိုဖြန်း... လောကကြီးတစ်ခုလုံးကို အနိုင်ယူ... ဘယ်သူ့ကိုမှ အရှုံးမပေးချင်တဲ့ မိန်းမ... ။

မိမိကိုပါ ရှိသမျှ စည်းစိမ်နဲ့ပုံလဲပြီး ရအောင်ဝယ်ဖို့ ကြိုးစားခဲ့သည်။

ခုတော့...

မျက်ရည်ကျ ငိုရှိုက်နေရပြီ... ။

"မိုးငယ်လေးရယ်... ကြီးစောတို့ ပြန်ကြမယ်လေ... စိတ်လျှော့လိုက်တော့... ကိုယ့်ကြောင့် တစ်ပါးသူ စိတ်ဆင်းရဲရတာတွေ မဖြစ်ပါစေနဲ့တော့ကွယ်... "

မြူးဇစ်မိုးတစ်ယောက် တသိမ့်သိမ့် ရှိုက်ငိုရင်း ကြီးစော ခေါ်ရာနောက်ကို ပါသွားခဲ့သည်။

နေရာလေးမှာ မလှုပ်မယှက် ရပ်ကျန်ခဲ့သူတွေက လဝန်းကုဋ္ဌေနဲ့ အသချေရယ်လေ... ။

"အသချေ... "

ခေါင်းကလေးကို လဝန်းကုဋ္ဌေ ငုံ့ထားသည်။

အသချော်နာမည်လေးကို တိုးတိုးလေး ခေါ်နေသည်။

အသချော်က မသိချင်ဟန်ဆောင်ပြီး ချာခနဲ လှည့်ထွက်သွားသည်။

"အသချော်... "

ရပ်ကွက်အဆုံးက ကွင်းပြင်ကျယ်သည် ခပ်ကြမ်းကြမ်းလေများ အဆက်မပြတ် တိုက်ခတ်နေသည်။

မြက်ရိုင်းပင်ရှည်များ လေသိမ်းရာဘက်ကို ယိမ်းနွဲ့နေကြသည်။

"ကိုယ့်ကို တစ်ယောက်တည်းထားခဲ့တော့မှာလား ဟင်..."

လဝန်းကုဋေအသံသည် ရင်ထဲကနေ မောပန်းနွမ်းနယ်စွာ ဖြတ်သန်းလာခဲ့ရသော အသံတစ်သံ ဖြစ်သည်။

အသချော်က ကွင်းပြင်ကျယ်ကြီးဘက်ဆီသို့ မျက်နှာမူထားသည်။

သူ့ကို လှည့်မကြည့်ပါ... ။

လတ်ဆတ်သောလေကို တစ်ဝရှူရှိုက်နေသည်။

"အမ်ဒီ... "

ခပ်တိုးတိုးအသံလေးတစ်ခု အသချော် နှုတ်မှ ပေါ်ထွက်လာသည်။



"အသချော်နောက်မှာ ကိုယ်ရပ်နေပါတယ် အသချော်... "

"အသချော်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုပါ အမ်ဒီ... "

"ဩော်... အသချော်ရယ်... ကိုယ်လေ အသချော်ပြောမဲ့ စကားမှန်သမျှကို နားထောင်ဖို့ စောင့်မျှော်နေခဲ့တာပါ... ခွင့်တောင်းနေဖို့တောင် မလိုပါဘူးကွယ်... "

လေပြည်ကလေး ဝှေ့ခတ်လိုက်စဉ်မှာပင် အသချော် ပခုံးထက်က ဆံပင်ကလေးတွေ ဘယ်ညာလွင့်ခါသွားသည်။

"အမ်ဒီ အိမ်ကို အသချော် ရောက်ခဲ့တယ်... "

"ကိုယ်သိပါတယ်... "

"အသချော်နဲ့ အမ်ဒီကို သူတို့သဘောတူလိုက်ကြပြီ... "

"ဘာ... "

လဝန်းကုဋေ ရင်ထဲ လှပ်ခနဲ အေးစက်သွားသည်။

"အသချော်... ကိုယ့်ကို မနောက်နဲ့နော်... သူတို့ သဘောတူလိုက်ပြီဆိုတာ... ကိုယ် ဘယ်လိုမှ မယုံဘူးနော်... "

"တကယ်ပြောတာပါ... အသချော့်ကိုတောင် သူတို့အိမ်ကကားနဲ့ပြန်ပို့ပေးမယ်လုပ်နေတာ... အသချော် ငြင်းပြီး ကိုယ့်ဟာကိုယ် လိုင်းကားစီးပြီး ပြန်လာတာ... "

"အသချော်ရယ်... ဒီစကားတွေကြားရတာ ကိုယ်အိပ်မက်

မက်သလိုတောင် ဖြစ်နေတယ်... မယုံဘူးကွာ... ကိုယ်တကယ်မယုံဘူး... ”

လဝန်းကုဋေ နားမလည်နိုင်။

အဖြစ်အပျက်တွေ အပြောင်းအလဲတွေက မြန်ဆန်လွန်းနေသည် မဟုတ်ပါလား... ။

“ဘာပဲဖြစ်ဖြစ်ပေါ့ အမ်ဒီ... အသချော် ချစ်ပါတယ်လို့ အဖြေပေးခဲ့တဲ့လူဟာ... လဝန်းကုဋေ ကုမ္ပဏီပိုင်ရှင် မဟုတ်တာ သေချာတယ်... အဲဒီလူဟာ အသချော့်ဘဝထဲက စာအုပ်အငှားဆိုင်ကလေးကို ဦးစီးမဲ့လူ... မြို့သစ်က သစ်သားအိမ်ကလေးထဲမှာ လေပြည်တွေဘယ်လောက်ပဲ တိုက်တိုက်... မိုးသက်မုန်တိုင်းတွေ ဘယ်လောက်ပဲကျကျ... အသချော်လက်ကို ဆွဲပြီး... ဘဝကို ရင်ဆိုင်ဖြတ်ကျော်မဲ့သူ... သူ့ကို အသချော် ချစ်ခဲ့တာ... သူ့ကို အသချော် မြတ်နိုးခဲ့တာ... သူ့ကို အသချော် ရွေးချယ်ခဲ့တာ ခုတော့... အမ်ဒီဖေဖေက မှာလိုက်တယ်... မနက်ဖြန်မနက် ကုမ္ပဏီကို ပြန်သွားပါတဲ့... ”

“အဲဒါ ဘာဖြစ်လဲ အသချော်... ”

“မနက်ဖြန်ကစပြီး... အသချော့်ကို မေ့လိုက်ပါ... ”

သူ့ဆီက တုံ့ပြန်သံ မကြားရ... ။



သူ ငြိမ်သက်စွာ စဉ်းစားနေပါလိမ့်မည်။

“အမ်ဒီနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်ကို ကြေကွဲဝမ်းနည်းစွာ အသချော်ဘက်က ပြန်လည်ရုပ်သိမ်းလိုက်ပါတယ် အမ်ဒီ... ”

အသချော့်အသံက တည်ငြိမ်နေသည်။

ခိုင်မာသော နှလုံးသားထဲက ဆန္ဒကို သူနားလည်နိုင်ပါစေလို့ပဲ အသချော် ဆုတောင်းနေမိသည်။

“ဘာဖြစ်လို့ အဲဒီလို ဆုံးဖြတ်လိုက်တာလဲ အသချော်... အဲဒီအဖြေကို ကိုယ်သိပ်သိချင်တယ်... ”

အသချော် သူ့ဘက်ကို ဆတ်ခနဲ ပြန်လှည့်လိုက်သည်။

“ပိုက်ဆံမချမ်းသာပေမဲ့... မာနတွေချမ်းသာတဲ့ ဆင်းရဲသား မိန်းမတစ်ယောက်ရဲ့ ဘဝမှာ... ကိုယ့်ထက် အဆပေါင်းများစွာ မြင့်မားချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့ ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့လို့ပဲ အမ်ဒီ... ”

အသချော်အသံလေးက မာနတွေနဲ့ ပြည့်နေ၏။

အသချော့်မျက်နှာလေးက မာနတွေနဲ့ တည်ငြိမ်နေသည်။

အသချော့မျက်လုံးလေးတွေက မာနတွေနဲ့ အေးစက်နေသည်။

"ဒီမှာ... အမ်ဒီ... "

အသချော့ ခေါင်းကလေးကို ဆတ်ခနဲ မော့လိုက်သည်။

"ဘယ်လောက်ချောမောလှပတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ဖြစ်... ဘယ်လောက်ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ဖြစ်... အဲဒီယောကျ်ားကိုရဖို့... တခြားသူတွေနဲ့ ပြိုင်လုမှ ရမယ်ဆိုရင်... အဲဒီပြိုင်ပွဲက အသချော့ နှုတ်ထွက်တယ် အမ်ဒီ... အဲဒီလူဟာ ကိုယ်အသက်တမျှ ချစ်နေရတဲ့သူ... ကိုယ့်နှလုံးသားထဲမှာ စွဲလမ်းမြတ်နိုးနေရတဲ့သူ ဖြစ်နေပါစေ... မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ မိန်းမတစ်ယောက်ရဲ့ မာနကို စောင့်ထိန်းတဲ့အနေနဲ့... ရင်အကွဲခံပြီး အသချော့ စွန့်လွှတ်သွားမယ်... အဲဒီ ယောကျ်ားတစ်ယောက်ကို မရလိုက်လို့... ငိုကြွေးတမ်းတနေတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝကို အသချော့ ဘယ်တော့မှ အရောက်မခံဘူး... ဘဝအဆက်ဆက် အသည်းကွဲစမ်းပါစေ... သံသရာအဆက်ဆက် ချစ်တဲ့သူနဲ့ လွဲစမ်းပါစေ အမ်ဒီရယ်... "



"ကိုယ်သိပြီ အသချော့... ဒီလောက်ဆို ကိုယ်သဘောပေါက်ပြီ... ကိုယ်က အရမ်းချမ်းသာနေလို့ အသချော့ ကိုယ့်ကို လက်မထပ်ချင်တာမို့လား... ကောင်းပြီ... ကိုယ်သဘောတူတယ်... ကိုယ် ကျေနပ်တယ်... အသချော့ ဆန္ဒကို ကိုယ်လိုက်လျောမယ်... ဒါပေမဲ့... "

ပြောရင်းနဲ့ သူ့မျက်နှာတစ်ချက် ပြုံးသွားသည်။

"ကိုယ့်ကုမ္ပဏီမှာ... ကိုယ့်ရဲ့အတွင်းရေးမှူးရာထူးနဲ့ အသချော့ အလုပ်ပြန်ဆင်းရမယ်... အသချော့ အိမ်မှာပဲ ကိုယ် ထမင်းစားမယ်... အသချော့ အိမ်မှာပဲ ကိုယ်လိုက်အိပ်မယ်... ညဘက်မှာ စာအုပ်အငှားဆိုင်ကလေး ပြန်ဖွင့်ကြမယ်... အဲဒီကရတဲ့ ပိုက်ဆံလေးတွေစုပြီး အသချော့ ဝယ်ပေးတာကို ကိုယ်ဝတ်မယ်... "

"အမ်... "

မာနရှင်မလေး အသချော့... ။

ချောင်ပိတ်မိနေပြီ... ၊ လဝန်းကုငွေရဲ့ ဖြူစင်တဲ့ဆန္ဒလေးတွေကို ငြင်းရခက်နေပြီ။

"ကဲ... ဘယ်လိုလဲ... ဒါ... အမ်ဒီရဲ့အမိန့်ပဲ... "

"အဲဒီအမိန့်ကို မနာခံဘူးဆိုရင်... "

"အသချော့နေတဲ့... ဟောဒီရပ်ကွက်ကလေးထဲကနေ...

ဘယ်ကိုမှ မသွားတော့ဘူးလို့ ကိုယ်ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပြီဗျ... ”

“ဟာ... မလုပ်နဲ့လေ... ”

အသချွေ သူ့ကို အရှုံးပေးလိုက်ရပြီ... ။

အသချွေ့ ကိုယ်လုံးအိအိလေးကို သူ့ရင်ခွင်ထဲ အတင်း ဆွဲသွင်းလိုက်ရင်း အတင်းအဓမ္မ သိမ်းပိုက်လိုက်လေသည်။

အားလုံးကို ချစ်ခင်လေးစားစွာနဲ့

ထာဝရ ဘယ်ကမ္ဘာမှာ ကျေးဇူးတင်လျက်ပါပါလို့

မိကိုဠူးဗင်